# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော် (၇)ရက် ၊ အင်္ဂါနေ့ ၊ (11-11-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၉၅)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး၊
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

❖ မဲပေးခွင့်ရခြင်းက နိုင်ငံသားတစ်ဦးဖြစ်တဲ့ သင့်အတွက် အခွင့်အရေးတစ်ခုပါ။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ရုရှားရေတပ် Pacific Fleet မှ စစ်ရေယာဉ်သုံးစီး တတိယအကြိမ် မြန်မာ-ရုရှားနှစ်နိုင်ငံ ရေကြောင်းလုံခြုံရေးဆိုင်ရာလေ့ကျင့်ခန်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ ရောက်ရှိ





ရုရှားရေတပ် Pacific Fleet မှ စစ်ရေယာဉ်သုံးစီး တတိယအကြိမ် မြန်မာ-ရုရှားနှစ်နိုင်ငံ ရေကြောင်းလုံခြုံရေးဆိုင်ရာလေ့ကျင့်ခန်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ ရောက်ရှိရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံဆိုင်ရာရုရှားစစ်သံမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၀**

ရုရှားရေတပ် Pacific Fleet မှ ဖရီဂိတ်စစ်ရေယာဉ် Marshal Shaposhnikov၊ ကော်ဗက်စစ်ရေယာဉ် Gremyashchiy နှင့် ထောက်ပံ့ရေးရေယာဉ် Boris Butoma တို့သည် မြန်မာနိုင်ငံသို့ တတိယအကြိမ် မြန်မာ-ရုရှား နှစ်နိုင်ငံရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီး လည်ပတ်ရန် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိလာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ရုရှားရေတပ်မှ ဒုတိယရေတပ်ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး Aleksei Anatolievich Kiiashko၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါစစ်ရေယာဉ်များတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ရုရှားရေတပ် Pacific Fleet မှ Captain 1st Rank Ulyanenko Aleksey ဦးစီး၍ အရာရှိ၊ စစ်သည်များလိုက်ပါလာပြီး ခရီးစဉ်အတွင်း ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာလည်ပတ်ခြင်း၊ နှစ်နိုင်ငံချစ်ကြည်ရေးအားကစားပြိုင်ပွဲများပြုလုပ်ခြင်းနှင့် ဆိပ်ကမ်းအခြေပြုလေ့ကျင့်ခန်း (Harbour Phase)များ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (မဝ)

**ပထမနှစ် နေ့သင်တန်း ဝင်ခွင့်ရစာရင်းများ ထုတ်ပြန်မည်**

**ပညာရေးဝန်ကြီးဌာန**

**အဆင့်မြင့်ပညာဦးစီးဌာန**

**ပထမနှစ် နေ့သင်တန်းဝင်ခွင့်ရစာရင်းများ ထုတ်ပြန်မည်**

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပထမနှစ် နေ့သင်တန်းဝင်ခွင့်ရသူများစာရင်းကို ၁၃-၁၁-၂၀၂၅ ရက်တွင် သက်ဆိုင်ရာတက္ကသိုလ်နှင့်ဒီဂရီကောလိပ်အသီးသီးတွင် ကြေညာထားမည်ဖြစ်ပြီး ပညာရေးဝန်ကြီးဌာန website http://www.moe.gov.mm နှင့် အဆင့်မြင့်ပညာဦးစီးဌာန website http://www.dhe.gov.mm တို့တွင်လည်း ကြေညာထားမည် ဖြစ်ပါသည်။

**အဆင့်မြင့်ပညာဦးစီးဌာန**




ရတနာပုံ
၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၁ရက်

**အယ်ဒီတာ့အာဘော်**

# နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့

မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကိုအခြေခံပြီး ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်သည့်နိုင်ငံဖြစ်သည်။ ထို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်ကြရမည်ဖြစ်သည်။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ မြှင့်တင်ခြင်းသည် နိုင်ငံတစ်ဝန်း၏စီးပွားရေးမြှင့်တင်မှုနှင့် စီးပွားရေးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားဖြစ်သည်။ ဒေသအလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တစ်နိုင်တစ်ပိုင် ဆောင်ရွက်နိုင်လျှင် ဒေသတွင်းစားသုံးမှုဖူလုံစေရုံသာမက ပြည်ပပို့ကုန်အဖြစ်ပါ တင်ပို့ရောင်းချနိုင်ပြီး နိုင်ငံခြားဝင်ငွေရရှိကာ နိုင်ငံ့စီးပွားမြင့်မားလာမည်ဖြစ်သည်။

**"မိမိတို့နိုင်ငံသည် အခြေခံအားဖြင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စီးပွားရေးကိုဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင်နေထိုင်ကြပြီး ၃၀ ရာခိုင်နှုန်းခန့်သည် မြို့ပြတွင်နေထိုင်ကြကြောင်း၊ အဆိုပါလူဦးရေထဲမှ ၅၀ ရာခိုင်နှုန်းခန့်သည် လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့် သားငါးကဏ္ဍတို့တွင် အသက်မွေးဝမ်းကျောင်းပြုနေကြသူများဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ခြင်းသည် နိုင်ငံ့စီးပွားရေးကို မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ကျေးလက်စီးပွားရေးကို မြှင့်တင်ပေးမှသာ နိုင်ငံ့စီးပွားရေး တိုးတက်လာမည်ဖြစ်ပြီး ဆင်းရဲမှုကိုတစ်ပါတည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း"** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များကို အောက်တိုဘာ ၁၆ ရက် မွန်းလွဲပိုင်းတွင် တွေ့ဆုံအမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

စိုက်ပျိုးရေးတွင် ပန်းတိုင်အထွက်နှုန်းများ တိုးတက်စေရေး မျိုး၊ မြေ၊ ရေ၊ နည်းဟူသည့် မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရန်၊ စိုက်ပျိုးမြေများ ကောင်းမွန်စေရေး လိုအပ်သည့်မြေဩဇာများ ထည့်သွင်းခြင်းနှင့် မြေပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊ စိုက်ပျိုးရေကို အကျိုးရှိစွာဖြင့် အသုံးချရန်နှင့် နည်းစနစ်တကျ စိုက်ပျိုးရန်လိုအပ်ပေသည်။ သီးနှံအထွက်နှုန်းများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေးအတွက် နိုင်ငံတော်အနေဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ စိုက်ပျိုးသူတောင်သူများအနေဖြင့်လည်း ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

သာမန်အားဖြင့် စိုက်ပျိုးရေးကဏ္ဍတွင် ကောက်ပဲသီးနှံများသာမက စက်မှုသီးနှံများကိုလည်း တိုးချဲ့စိုက်ပျိုးခြင်းဖြင့် စက်မှုလုပ်ငန်းများ တိုးတက်လာပြီး ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများလည်း တိုးတက်လာမည်ဖြစ်သည်။ နိုင်ငံ၏အဓိကကျောရိုးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုအခြေခံ၍ တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးများလည်း တိုးတက်လာမည်ဖြစ်သည်။ ထို့ပြင် ဒေသတွင်းရှိသည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို အခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး MSMEထုတ်ကုန်များကို ပြည်တွင်းဈေးကွက်သို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံအတွက် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ထုတ်ကုန်များကို အဆင့်မီအရည်အသွေးပြည့်ဝသော စက်မှုထုတ်ကုန်များအဖြစ် တိုးမြှင့်ထုတ်လုပ်နိုင်လျှင် ပြည်တွင်းသာမက ပြည်ပသို့ တင်ပို့နိုင်ခြင်းဖြင့် နိုင်ငံ့စီးပွားကို အထောက်အကူပြုစေမည်ဖြစ်သည်။ ထို့ကြောင့် "နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့"ဟူသောဆောင်ပုဒ်နှင့်အညီ စိုက်ပျိုးမွေးမြူရေးအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

**၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ**

**ရွေးကောက်ပွဲကျင်းပရန် ၄၇ ရက် သာ လိုတော့သည်။**

**လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်**

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**
**ပြန်လည်ထူထောင်ရေးဦးစီးဌာန**
**လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)**

ရန်ကုန် ☎ ၀၁-၈၆၆၆၆၁၉
မန္တလေး ☎ ၀၂-၂၈၃၀၄၂၃

**ရန်ကုန်လိပ်စာ**
အမှတ်(၆၄)၊
ကမ္ဘာအေးဘုရားလမ်း၊
မရမ်းကုန်းမြို့နယ်။

လူကုန်ကူးခံရသူများအနေဖြင့်
အကူအညီလိုအပ်ပါက
ဆက်သွယ်အကူအညီ
တောင်းခံနိုင်ပါသည်။

**မန္တလေးလိပ်စာ**
ရွှေကျင်သံလမ်းအနီး၊
ဘုန်းတော်တိုးရပ်၊
အောင်မြေသာစံမြို့နယ်။

# မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၁၈၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ နိုဝင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၁၈၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၁၅၀၀ စိုက်ပျိုးရန် လျာထားပြီး အဆိုပါပဲတီစိမ်းစိုက်ပျိုးမှုကို ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၁၈၉ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ ပဲတီစိမ်းဧက ၁၅၀၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၁၈၉ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ အသိပညာပေးတာတွေရှိပါတယ်" ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

ယခုနှစ် မုံရွာမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး နိုဝင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမြင့်က ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် စက်တင်ဘာလအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် အောက်တိုဘာလအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ ၆၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသထွက် ဆန်ကွဲများကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းနေကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်ကနေ ဆန်ကွဲတွေကို ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချပါတယ်။ ဒီဘက်က ဆန်ကွဲတွေကို ကုန်တင်ကားတွေနဲ့ တင်ပို့ရောင်းချတာများပါတယ်။ ဆန်ကွဲတွေကို အောက်တိုဘာလ ပထမပတ်လောက်ကနေစတင်ပြီး ဝယ်ယူမှု သိသိသာသာ ကောင်းခဲ့တာဖြစ်ပါတယ်။ ဆန်ကွဲတွေကို ပွဲရုံပိုင်ရှင်တွေက အဆက်မပြတ် တင်ပို့ရောင်းချနေပါတယ်"ဟု ဘိုကလေးမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမြင့်က ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဆန်ကွဲ ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၄၅၀၀၀ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဆန်ကွဲများ တင်ပို့ရောင်းချမှု ကောင်းလာခြင်းကြောင့် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ကြာအင်းဆိပ်ကြီးမြို့နယ် ထီးဖိုးနိုင်း(မွန်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကြာအင်းဆိပ်ကြီး နိုဝင်ဘာ ၁၀**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထီးဖိုးနိုင်(မွန်) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကြာအင်းဆိပ်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမင်းဝေဖြိုး၊ ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဟိန်းမင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်တွေ့ဆုံ၍ ထီးဖိုးနိုင်း(မွန်) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားခြင်း ရှိ၊ မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ မှာကြားသည်။

အဆိုပါထီးဖိုးနိုင်း(မွန်)ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၆၈ ဒသမ ၄ သန်း ထုတ်ချေးထားကြောင်း သိရသည်။

ကိုသက်



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ မဟာမြိုင်နေ ဒေါ်ဝါဝါလွင် မွေးနေ့အထိမ်းအမှတ်အဖြစ် မိခင်ကြီး ဒေါ်လှအုန်းအားအမှူးထား၍ ဆေးပဒေသာပင်အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်းက လက်ခံရယူစဉ်။

# ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၁၀၁၆ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကလေး နိုဝင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီးကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၁၀၁၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီးဧက ၇၀၅၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကလေးမြို့နယ်တွင် ၃၂ ဧက၊ ကလေးဝမြို့နယ်တွင် ၆၁ ဧက၊ မင်းကင်းမြို့နယ်တွင် ၉၂၃ ဧက စုစုပေါင်း ၁၀၁၆ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကလေးခရိုင်မှာ ပဲကြီးဧက ၇၀၅၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၀၁၆ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲကြီးစိုက်ပျိုးမှုအနေနဲ့ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲကြီးအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့ လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ စတဲ့အသိပညာပေးလုပ်ငန်းတွေကို တောင်သူတွေနဲ့ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးနေပါတယ်"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီးစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ကလေးမြို့နယ်တွင် ၃၅၁ ဧက၊ ကလေးဝမြို့နယ်တွင် ၅၃၂ ဧက၊ မင်းကင်းမြို့နယ်တွင် ၆၁၆၇ ဧက စုစုပေါင်းဧက ၇၀၅၀ ဖြစ်ကြောင်း သိရသည်။

ကလေးခရိုင်တွင် ပဲကြီးစိုက်တောင်သူများအနေဖြင့် ပဲကြီးစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများစိုက်ပျိုးနိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပဲကြီးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ပဲကြီးကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# မင်းဘူးမြို့နယ် အလံပါယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းဘူး နိုဝင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အလံပါယ်ကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ လမ်းညွှန်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးယူမည့် အသင်းဝင်များအနေဖြင့် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုသည့်အချက်များ၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်တို့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၅၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက အလံပါယ်ကျေးရွာ၌ စိုက်ပျိုးဧက ၃၅၀ အတွက် ဆီထွက်သီးနှံ နေကြာစိုက်ပျိုးမည့် တောင်သူ ၁၀၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ရန်ပုံငွေကျပ် သိန်း ၃၅၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဇင်မာ

# ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ညှော်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ရေကြည် နိုဝင်ဘာ ၁၀**

ရောဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ညှော်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ရေကြည်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးအေးက ပြောပြ၍ သိရသည်။


ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ညှော်မထဆန် ၂၄ ပြည်ဝင် အိတ်ရေ ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း ညှော်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဆန်အမျိုးအစားသည် ဆန်ကြမ်းအုပ်စုတွင်ပါဝင်သည့် အမျိုးအစားဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်း ရေကြည်မြို့နယ်ကနေ ညှော်မထဆန်တင်းရေအများအပြား ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ရေကြည်မြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ညှော်မထဆန်အမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ချိတ်ဆက်မှုတွေရှိနေပါတယ်။ ဆန်အိတ်တွေကို ကုန်းလမ်းနဲ့ အဓိကထားတင်ပို့ရောင်းချနေပါတယ်"ဟု ရေကြည်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးအေးက ပြောပြသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ညှော်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ တစ်အိတ်လျှင် ငွေကျပ် ၉၅၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

အဆိုပါညှော်မထဆန်များ အရောင်းအဝယ် ကောင်းမွန်လာသည့်အတွက် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ စပါးစိုက်တောင်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း



# ကလေးကဗျာအစ ကလေးချော့သီချင်းက

**ပြေအေးသက်**

ကလေးကဗျာကို ရှေးအခါက ချောင်းဟုဆိုပြီး ဘုရင့်သားတော်၊သမီးတော်များအတွက် ချော့သိပ်ရာတွင် သီဆိုရသောကဗျာဖြစ်သည်။ ဘုရင့်သားတော်၊ သမီးတော်များကို ပုခက်တွင်း၌သိပ်၍ ပုခက်ကိုလွှဲရင်း သီဆိုကျူးရင့် ချော့မော့ရသောကဗျာဖြစ်ပြီး ဂီတသဘောမျိုးတွင် သက်ဝင်သော သီချင်းပင်ဖြစ်သည်။ ကောရန္တနှင့်အစချီ၍ ကောရန္တနှင့် အဆုံးသတ်ထားပြီး အကြောင်းခြင်းရာတို့ကို အေးချမ်းငြိမ့်ညောင်းစွာ ဖွဲ့ဆိုထားခြင်းဖြစ်သည်။ မင်္ဂလာသဘင်ဆင်ယင်ကျင်းပသည့်အခါ စာဆိုတော်ပညာရှိအမတ်များက ချောင်းများကို ရေးသားဆက်သွင်းရပြီးလျှင် ဝေါကြီးမှူး၊ ပျော့ကြီးမှူးတို့က ထိုချောင်းများကို ဖတ်လျှောက်သီဆို ရွှေနားတော်သွင်းရသည်။ အရပ်အသုံးအနှုန်းနှင့်ဆိုရလျှင် ချောင်းများသည် ပုခက်လွှဲသီချင်း၊ ကလေးချော့သိပ် သီချင်းမျိုးဖြစ်သည်။ အရပ်သူ၊ အရပ်သားတို့ကလည်း ထိုကောရန္တကိုပင် အသုံးပြုကာ "ဧ...ဧ...အို..."ဖြင့်အစချီ၍ မိမိတို့၏ ရင်သွေးငယ်များကို ချော့သိပ်ကြလေသည်။

ချောင်းများနှင့် အရပ်သုံးကလေးချော့ သီချင်းများ၏ခြားနားချက်မှာ ချောင်းတို့သည် ကလေးများ သိနားလည်နိုင်သော အကြောင်းရပ်များကို ဖွဲ့ဆိုထားခြင်းမဟုတ်ဘဲ ဇာတိမာန်တက်ကြွစေသော အဖွဲ့အနွဲ့မျိုးဖြစ်သည်။ ကလေးချော့သီချင်းများက ကလေးကဗျာ၏အစဟုဆိုရပေမည်။ မြန်မာ့စွယ်စုံကျမ်းတွင် မြန်မာတို့၏ယဉ်ကျေးမှုဆိုင်ရာ ကဗျာလင်္ကာတို့၌ ထိုကလေးချော့ကဗျာစုတို့ကို ချောင်း၊ ကျူးချင်း၊ လွှဲချင်းဟူသောအမည်များဖြင့် ခေါ်ဝေါ်ကြ၍ ထီးသုံးနန်းသုံး မဟာဂီတဆိုင်ရာ သီချင်းစု၌မူ ထိုကလေးချော့သီချင်းများကို ပိမ္ဗာသာကျူးဟူ၍ လည်းကောင်း၊ ပိမ္ဗာလွှဲချင်းဟူ၍လည်းကောင်း၊ ယေင်တော်ချင်းဟူ၍လည်းကောင်း ခေါ်ဆိုကြလေသည်။ အစောဆုံးတွေ့ရသော ကလေးကဗျာမှာ ၈၁၇ ခုနှစ်တွင် အဒူမင်းညိုဖွဲ့ဆိုခဲ့သော ရခိုင်မင်းသမီးချောင်း၊ ၈၃၈ ခုနှစ်တွင် ရှင်သူရဲ၏ သခင်ထွေးချောင်းနှင့် ၈၇၈ ခုနှစ်တွင် လျှော်ကားသုံးထောင်မှူး၏ မင်းတရားရွှေထီးချောင်းတို့ဖြစ်ကြပြီး ချောင်းအရေးအသားသည် အင်းဝခေတ်မှ ကုန်းဘောင်ခေတ်တိုင်အောင် ပြန့်ပွားစည်ပင်ခဲ့သည်။

**❖ ချောင်းများနှင့် အရပ်သုံးကလေးချော့သီချင်းများ၏ ခြားနားချက်မှာ ချောင်းတို့သည် ကလေးများသိနားလည်နိုင်သော အကြောင်းရပ်များကို ဖွဲ့ဆိုထားခြင်းမဟုတ်ဘဲ ဇာတိမာန်တက်ကြွစေသော အဖွဲ့အနွဲ့မျိုးဖြစ်သည်။ ကလေးချော့သီချင်းများက ကလေးကဗျာ၏ အစဟုဆိုရပေမည်။ မြန်မာ့စွယ်စုံကျမ်းတွင် မြန်မာတို့၏ယဉ်ကျေးမှု ဆိုင်ရာကဗျာလင်္ကာတို့၌ ထိုကလေးချော့ကဗျာစုတို့ကို ချောင်း၊ ကျူးချင်း၊ လွှဲချင်း ဟူသောအမည်များဖြင့် ခေါ်ဝေါ်ကြ၍ ထီးသုံး နန်းသုံး မဟာဂီတဆိုင်ရာသီချင်းစု၌မူ ထိုကလေးချော့သီချင်းများကို ပိမ္ဗာသာကျူးဟူ၍လည်းကောင်း၊ ပိမ္ဗာလွှဲချင်းဟူ၍လည်းကောင်း၊ ယေင်တော်ချင်းဟူ၍လည်းကောင်း ခေါ်ဆိုကြလေသည်။ ❖**

**အင်းဝခေတ် ဆုံးမစာ**

အင်းဝခေတ်တွင် ထွန်းကားခဲ့သည့် အလင်္ကာအရေးအသား၌ ဆုံးမစာများက ဩဇာလွှမ်းမိုးထားပြီး အချို့ဆုံးမစာများသည် ကလေးများအတွက် သီးသန့်ရည်ရွယ်၍ ရေးသားခဲ့ကြောင်း တွေ့ရှိရပေသည်။ ရှင်မဟာရဋ္ဌသာရအနေဖြင့် ကလေးသူငယ်များအတွက် စာပေသင်ကြားဆည်းပူးနည်းဖြစ်သည့် ကေပိုဒ်ရတုကို ဖွဲ့ဆိုခဲ့ရာ အဆိုပါစာမှာ "သုစိပုဘာ၊ ဝိလိသိခါ၊ အက္ခရာစွဲသုံး၊ ဤရှစ်လုံးကို၊ သီကုံးပန်းသွင်၊ နေ့တိုင်းဆင်လော့"ဟူ၍ဖြစ်သည်။ အဓိပ္ပာယ်မှာ သု - သုဏေယျ - နာကြားရာ၏။ စိ-စိန္တေယျ -ကြံစည်ရာ၏။ ပု - ပုစ္ဆေယျ - မေးမြန်းရာ၏။ ဘာ-ဘာသေယျ - ပြောဆိုရာ၏။ ဝိ-ဝိစာရေယျ - စူးစမ်းဆင်ခြင်ရာ၏။ လိ-လိခေယျ-ရေးမှတ်ရာ၏။ သိ-သိက္ခေယျ-သင်ယူရာ၏။ ခါ-ခါရေယျ-နှုတ်ငုံဆောင်ရာ၏ဟူ၍ဖြစ်သည်။

အင်းဝခေတ်တွင် ရှင်မဟာရဋ္ဌသာရ၏ လက်သစ်တောင်တာ ဆုံးမစာ၊ ရှင်မဟာသီလဝံသ၏တိလောကဟုဆုံးမစာ၊ ကန်တော်မင်းကျောင်းဆရာတော်၏ လောကသာရပျို့နှင့် ဩဝါဒမေတ္တာစာ စသည်တို့သည် ချောင်းတစ်သွယ်၊ ဆုံးမစာတစ်နည်းဖြင့် ကလေးကဗျာတို့ နန်းတွင်း၌ တင့်တယ်နေချိန်ဝယ် ကျေးလက်နေပြည်သူများထံတွင်လည်း ကလေးချော့တေးတို့သည် ချစ်စဖွယ်အသံသာလျက် ရှိကြသည်။

**ပုခက်တွင်းက သားချော့တေး**

ကျေးလက်သားချော့တေး ခေါ် ကလေးချော့တေးတို့သည်လည်း "ဧ...ဧ...အို..."ဆိုပြီး မိခင်ဖြစ်သူက သားသမီးတို့ကို အိပ်စက်ရန်အချိန်တန်ပြီဖြစ်ကြောင်းကို ဖား၊ ဗျိုင်း၊ ခို စသော ကလေးတို့စိတ်ဝင်စားသည့် ဇာတ်ကောင်တိရစ္ဆာန်လေးတို့ဖြင့်လည်းကောင်း၊ ကြယ်၊ လ စသည့်အရာဝတ္ထုများဖြင့်လည်းကောင်း ဖွဲ့နွဲ့ကာသီဆို၍ ကလေးသိပ်ကြရပေသည်။ "လူကလေးရယ်တဲ့ ချော့စရာ၊ မိတ္ထီလာကန်တော်အောက်က၊ ဖားကောက်ခဲ့ပါ၊ ဖားပါရင်တစ်ကောင်ပေးပ့ါ၊ မျက်လုံးရယ် ကြောင်တောင်တောင်နဲ့၊ ဖားကောင်ကသေး"၊ "လူကလေးရဲ့ အိပ်ချိန်တန်၊ ဗျိုင်းရှေ့ကပျံ၊ လူကလေးရဲ့ အိပ်ချိန်နီး၊ ဗျိုင်းရှေ့ကဆီး။" ၊ "လူကလေးရယ်ငို၊ ခိုဖမ်းလို့ပေး။ ခိုဖြူခိုပြာနက်ကယ်၊ ဖမ်းခက်လှသေး။"၊ "ရွှေလမှာ ယုန်ဝပ်လို့၊ ဆန်ဖွပ်တဲ့အဘိုးအို၊ ဟောကြည့်ပါဆို၊ဆိုသာဆိုပိုမိုတဲ့စကား၊ ကလေးအငိုတိတ်အောင်၊ အရိပ်အယောင်ပြတယ်၊ ဖိုးလနတ်သား။"၊ "မိုးပေါ်မှာ ကြယ်တစ်လုံး၊ တိမ်ဖုံးပါလို့ လမသာ၊ သာတော့ခါ သာပါလိမ့်၊ နတ်ဒေဝါ သူဖန်ဆင်းတယ်၊ ဖိုးရွှေလမင်း။" အစရှိသည့် သားချော့တေးများကို အမှတ်ရဖွယ် စာမြည်းအနေဖြင့် ဖော်ပြရပေသည်။ ဤသည်တို့မှာ ပုခက်အတွင်းအရွယ်က မွေးမေမိတ်ဆက်ပေးသည့် အဖော်များဖြစ်ကြသည်။

**ကစားတတ်စအရွယ် သားချော့တေး**

ဤအရွယ်တွင် မိခင်အနေဖြင့် သားသမီးများအရွယ်နှင့်လိုက်၍ အဖော်အသစ်များဖြင့် မိတ်ဆက်ပေးရှာသည်။ "ကြက်တူးရွေး အာခေါင်နီ၊ ကွမ်းကလပ်ကိုချီ၊ မချီပါနဲ့ ကိုကြက်တော၊ ဘကြီးလာမှပြော။" ကဗျာမှ "အဘိုးကြီးအို ခါးကုန်းကုန်း၊ မသေပါနဲ့အုံး၊ နောက်နှစ်ခါ တန်ဆောင်မုန်း၊ ပွဲကြည့်ပါအုံး။"ကဗျာထိ ရောက်လာပြီဖြစ်သည်။ ထိုမှတစ်ဆင့် ကစားခြင်းသီချင်းများထိ ရောက်လာပြန်ရာ "ကြက်ဖတိန်ညင် တောကိုဝင်၊ မောင်ရင်လာလေးနှင့်ပစ်၊ မပစ်ပါနှင့် မောင်ရင်ရယ်၊ ကြက်တက်စူးပွဲမယ်၊ ဘယ်ဘက်က စူးစူး၊ ညာဘက်က စူးစူး၊ ခွပ်လိုက်ကြစို့ သူငယ်ချင်း၊ အောက်အိအီးအွတ်" ထိ ရောက်လာခဲ့ပြီဖြစ်သည်။ ထိုမှတစ်ဖန် "ငါတို့ ကြက်ဖ နိုင်နိုင်၊ ရွှေဖလားနဲ့ ကြက်သားကိုင်၊ ငါတို့ကြက်ဖ ရှုံးရှုံး၊ ကြေးဖလားနဲ့ ကြက်ချေးတုံး။" သို့ အဆင့်တက်လာခဲ့ချေပြီဖြစ်သည်။ ထိုမှ "ရွှေစွန်ညို ဘာကိုလိုလို့ဝဲပါတယ်"တို့၊ "ဂျာအေးကို သူ့အမေရိုက်လို့"တို့ထိ ကစားနည်းမျိုးစုံ ကစားကြပြီဖြစ်သည်။

**မိဘမဲ့ကလေးကဗျာများ**

၁၉၀၀ ပြည့်နှစ်နောက်ပိုင်းတွင် မူလတန်းကျောင်းသုံး ဖတ်စာအုပ်များ ပေါ်ထွက်လာခဲ့ရာ မိဘမဲ့ကလေးကဗျာများသည် ကျောင်းသုံးဖတ်စာအုပ်တွင် အတူတကွတွေ့ဆုံကြသည်။ ၁၉၉၁ ခုနှစ်တွင် ဦးရွှေကြူးနှင့် အဂ္ဂမဟာပဏ္ဍိတဆရာလင်းတို့ပြုစုသည့် ဒေါင်းတံဆိပ်ဖတ်စာတွင် အဘိုးကြီးအို၊ ကြောင်ဖားရဲ့မြီးတံတို၊ ကြက်တူရွေး အာခေါင်နီ၊ လူကလေးတဲ့ချော့စရာ၊ လူကလေးရယ်ငို စသောကဗျာများပါဝင်သည်။ ပထမတန်းဖတ်စာတွင် ရွှေလမှာယုန်ဝပ်လို့၊ ဖိုးတောင်သူတဲ၊ တောင်တောရယ်သာ၊ ဆပ်သွားဖူး၊ ပန်းလက်ဆောင် စသောကဗျာများပါဝင်သည်။ ဦးဖေမောင်တင်၏ ခြင်္သေ့တံဆိပ်ဖတ်စာအုပ်တွင် ဆိပ်ကမ်းရယ်သာ၊ အမေဆိုဆဲ ဝါဆိုပွဲ၊ လှေကြီးပေါ်တွင် လှေငယ်တင် ကဗျာများ အသစ်ပါဝင်လာသည်။ ၁၉၄၀ ပြည့်နှစ်တွင် ပညာဝန် ဦးစံရွှေနှင့် အဂ္ဂမဟာပဏ္ဍိတဆရာလင်းတို့၏ လင်းယုန်တံဆိပ်ဖတ်စာတွင် ကြက်ဖတိန်ညင်၊ စိန်ဒုံးလှေတော်၊ လယ်ထွန်မင်္ဂလာသီချင်း စသောကဗျာများ ပါဝင်သည်။

**၁၉၃၀ ပြည့်နှစ်ခန့် ကလေးကဗျာများ**

၁၉၃၁ ခုနှစ် ဇွန် ၁၁ ရက်တွင် ဆရာမင်းသုဝဏ်သည် သပြေသီးကောက် ကဗျာကို ရေးသားခဲ့သည်။ "ဝါဆိုဝါခေါင် ရေတွေကြီးလို့၊ သပြေသီးမှည့် ကောက်စို့ကွယ်၊ ခရာဆူးချုံ ဟိုအနားက၊ မျှော့နက်မဲကြီး တွယ်တတ်တယ်၊ မျှော့နက်ဆိုတာ ချုံနဲ့လားကွဲ့၊ မြွေနဂါးတောင် ကြောက်ဘူးကွယ်၊ တို့လဲကြောက်ပေါင် အတူသွားစို့၊ အုန်းလက်နွှားလေးထားခဲ့မယ်၊ သွားမယ် သွားမယ်"ဆိုသည့် ကဗျာတွင် ကလေးများကို ကြောက်စိတ်ပယ်၍ သတ္တိရှိစေလိုသည့် စေတနာကိုလည်း တွေ့ရှိရသည်။ ထို့ပြင် ပန်းသည်ကဗျာတွင် "မောင်လေးရေ ထပါတော့၊ ရောင်နီလာလှပေ့ါ၊ တစ်ကျော့ နှစ်ကျော့ တေးကိုသီ၊ ငှက်ကျား နှုတ်ပလီ၊ တောင်ဆီနားက ခရေပန်း၊ ပင်အောက်ကြိုင်လို့လန်း၊ ဗန်းကလေး ယူခဲ့မောင်လေးရယ်၊ သွားကောက်ချေစို့ကွယ်၊ ပန်းသည်လုပ်စို့ တပြုံးပြုံး၊ ပန်းတွေ တကုံးကုံး။"ဆိုရာ၌ ကလေးများကို စောစောထစေလိုသည့် ကျန်းမာရေးဆိုင်ရာ လိုက်စားစေလိုသည့်သဘောနှင့် လုပ်အားတန်ဖိုးကို မြတ်နိုးလိုစေသည့်သဘော စေတနာများ ပါဝင်ပေသည်။

**ဒေါက်တာမောင်ဖြူး၏ ကလေးကဗျာ**

ဒေါက်တာ မောင်ဖြူးသည် ဆရာမင်းသုဝဏ်တို့ ကလေးကဗျာပြုစုချိန်တွင်ပင် အင်္ဂလိပ်ကလေးကဗျာများကို မြန်မာကလေးကဗျာသို့ ပြန်ဆိုပြုစုနေသည့်အပြင် ကလေးကဗျာစာအုပ်ထုတ်ခြင်းနှင့် ပင်ကိုရေးကလေးကဗျာများကို ပြုစုနေသူဖြစ်သည်။ ဆရာ၏ "ပဲပဲသိုးမည်း"သည် ကလေးကြိုက်ကဗျာတစ်ပုဒ်ဖြစ်ပေသည်။ ပဲပဲသိုးမည်း သိုးမွေးရှိပါသလား၊ ဟုတ်ကဲ့ဟုတ်ကဲ့၊ သုံးအိတ်အပြည့်ဗျ၊ တစ်အိတ်က ဆရာဖို့၊ တစ်အိတ်က ဆရာမဖို့၊ ကျန်တစ်အိတ်က လူကလေး လမ်းကြားထဲက ကလေး"ဟူ၍ဖြစ်ပေသည်။ ဆရာမောင်ဖြူး ပင်ကိုရေး ကလေးကဗျာတွင် ထင်ရှားသည့်ကဗျာများမှာ ဖိုးသာထူး၊ ပါပီကလေး၊ မောင်ရေခဲ၊ မရွှေဖဲတို့ဖြစ်ပြီး အသံသာကာ ရွတ်ဆို၍ ကောင်းမွန်လှပေသည်။

**ကလေးကဗျာစာအုပ်များ**

ရှေးရိုးစဉ်လာ လက်ဆင့်ကမ်းလာခဲ့ကြသည့် မိဘမဲ့ကလေးကဗျာများ ပြဋ္ဌာန်းစာအုပ်များဖြင့် နေရာကျသွားချိန်တွင် အဖအမိရှိသည့် ပိုင်ရှင်ရှိကလေးကဗျာများသည်လည်း ပုဒ်ချင်းအရေအတွက်များလာသောအခါ အခြားကဗျာများနှင့်တွဲဖက်၍ဖြစ်စေ၊ ကလေးကဗျာချည်း သီးခြား၍ဖြစ်စေ ကဗျာစာအုပ်များ ထုတ်ဝေလာကြပေသည်။ ၁၉၃၆ ခုနှစ်တွင် မင်းသုဝဏ်၏ မင်းသုဝဏ် ကဗျာစာအုပ်တွင် ဝက်ပါ၊ လယ်စောင့်တဲ၊ ဥပုသ်စောင့်၊ သပြေသီးကောက်၊ ပန်းသည်၊ ပုခက်လွှဲချင်း (၁) နှင့် (၂) တို့ပါဝင်သည်။ ၁၉၃၉ ခုနှစ်တွင် ဆရာမင်းသုဝဏ်၏ မောင်ခွေးဖို့ ကဗျာစာအုပ်သည် ကလေးတို့အသည်းစွဲကဗျာများဖြစ်သော ဝက်ပါ၊ ပန်းသည်၊ ရွှေခဲ ကြက်တူရွေးနှင့် ကြွက်ကလေး စသည့်ကဗျာများ ပါဝင်ကြလေသည်။ ၁၉၄၁ ခုနှစ်တွင် သိပ္ပံမောင်ဝ၏ ဆောင်ရွက်မှုဖြင့် ဆရာမင်းသုဝဏ်၏ သပြေညို ကဗျာစာအုပ်ထွက်ရှိပြီး အဆိုပါစာအုပ်တွင် ကလေးကဗျာများဖြစ်သော မြင်းပျံ၊ လယ်စောင့်တဲ၊ ဝက်ပါ၊ ရွှေဇယ်ပွဲ၊ ရွှေကြိုးကြာ၊ ကြာဆစ်ကြိုး စသည်တို့ ပါဝင်ကြသည်။

ထို့နောက် ၁၉၄၉ ခုနှစ်တွင် ဆရာမင်းယုဝေ၏ "ဘဝမာလာကဗျာ" စာအုပ်တွင် ကြယ်လူပြောင် အမည်ရှိကလေးကဗျာအပါအဝင် ရှစ်ပုဒ်ပါဝင်ခဲ့သည်။ ၁၉၅၀ ပြည့်နှစ်တွင် ဆရာမငွေတာရီ၏ ရတနာကဗျာစာအုပ်တွင် ကလေးကဗျာ သုံးပုဒ်ပါဝင်ခဲ့လေသည်။ ၁၉၅၁ ခုနှစ်တွင် ဆရာမနုယဉ်၏ မေ့သည်းချာ ကလေးကဗျာအပုဒ် ၂၀ ပါစာအုပ်ထွက်ခဲ့ရာ ကဗျာတိုင်းတွင် ပန်းချီဦးဘကြည်၊ ဦးဟိန်စွန်းနှင့် ဦးလှစိုးတို့က သရုပ်ဖော်ပုံများ ရေးဆွဲထားကြသည်။ ၁၉၅၆ ခုနှစ်တွင် ဆရာမနုယဉ်ကပင် က-ခ ရုပ်ပုံကဗျာစာအုပ်ကို ပန်းချီဦးတင်လှ သရုပ်ဖော်ပုံဖြင့် ထုတ်ဝေပြန်သည်။ အဆိုပါစာအုပ်သည် ဆရာမင်းသုဝဏ်၏ က-ကန်စွန်းပင် ရေမှာရှင် အလိုက်ကိုယူ၍ က- ကယားမယ်၊ လှမျိုးကွယ် စသည့်ဗျည်းအက္ခရာများကို ကဗျာဖွဲ့ထားခြင်းဖြစ်သည်။ ဆရာကြီးဦးဘ စီစဉ်သည့် "ကလေးကဗျာကြည့်စာ" စာအုပ်သည် အိန္ဒိယနိုင်ငံ၊ ကာလကတ္တားမြို့ရှိ မက်မီလန်ကုမ္ပဏီက ထုတ်ဝေပြီး ရှေးရိုးစဉ်လာ ကလေးကဗျာများကို ပန်းချီဆရာ ဦးဘကြည်၊ ဦးဘဉာဏ်တို့က သရုပ်ဖော်ပုံများ ရေးဆွဲထားပေသည်။

စာမျက်နှာ ၅ သို့ á

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ကြွက်သားတွေကလည်း ပိုမို အဆီပိုတွေ မရှိတော့ဘူးဆိုရင် ပေါ်လွင်လာပြီး သန်မာလာမှာဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# အိမ်မဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၃၆၆၈၅ ဧက စိုက်ပျိုးမည်


ယခင်နှစ်က မတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**မြောင်းမြ နိုဝင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၃၆၆၈၅ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

အိမ်မဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲ ၃၆၆၈၅ ဧက စိုက်ပျိုးရန် လျာထားပြီး နိုဝင်ဘာလ တတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"အိမ်မဲမြို့နယ်အတွင်း ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မတ်ပဲဧက ၃၆၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ အိမ်မဲမြို့နယ်မှာ ဆောင်းသီးနှံတွေကို ဒေသခံတွေက နိုဝင်ဘာလအတွင်း စိုက်ပျိုးကြပါတယ်။ မတ်ပဲသီးနှံတွေအပါအဝင် ဆောင်းသီးနှံတွေ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ စိုက်ပျိုးပြီးသီးနှံတွေ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်း ကောင်းလာဖို့ကိုလဲ ဆက်လက်ဆောင်ရွက်ပေးမှာဖြစ်ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

အိမ်မဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲစိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းစင်ရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပို့လျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

á **စာမျက်နှာ ၄ မှအဆက်**

ထို့နောက် "ကဗျာဥယျာဉ်"စာအုပ်တွင် ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်၊ ဆရာမနုယဉ်တို့၏ ကလေးကဗျာများပါဝင်သည်။ အဆိုပါ ထုတ်ဝေသည့်ခုနှစ်မပါရှိသည့် ကဗျာစာအုပ် သုံးအုပ်မှာ ၁၉၅၅ ခုနှစ်ခန့်တွင် ထုတ်ဝေကြသည်ဟု မှန်းဆကြသည်။ ၁၉၅၇ ခုနှစ်တွင် ဆရာကြီး ဖေမောင်တင်နှင့် ဆရာမင်းသုဝဏ်တို့၏ မြန်မာဖတ်စာအုပ်များတွင် ရေးရိုးနှင့်ခွဲထွက်ဟန်ရှိသည့် ကလေးကဗျာများပါရှိရာ "ဆီးဆော"ဆိုသည့်ကဗျာမှာ "သူနိမ့်လို့ ငါထောင်၊ ငါထောင်လို့ သူနိမ့်၊ ထက်ကောင်းကင် တိမ်ယံနီးအောင်၊ စီးလို့လွန်ငြိမ့်"ဟူ၍ဖြစ်သည်။ ထို့နောက်တွင် ဆရာကြီးဦးကွန်း၏ လင်းရောင်ခြည်ဖတ်စာနှင့် နည်းသစ်မြန်မာဖတ်စာတို့တွင်လည်း ခေတ်သစ်ကလေးကဗျာများ ပါရှိသည်ကို တွေ့ရသည်။ သည်ဘက်ခေတ်တွင် ကျောင်းသုံးစာအုပ်ကော်မတီက ပြုစုသော က-ကညစ် ပေမှာခြစ် ဆိုသည်မျိုးကနေ က- ကလေးငယ်ချစ်စဖွယ်ထိ ပြောင်းလဲခဲ့ပြီဖြစ်သည်။

**မင်္ဂလာကဗျာ**

ယခုအခါ သူငယ်တန်းခေါ် Grade-1 တွင်ပင် ကလေးကဗျာ ၁၇ ပုဒ်ပါရှိနေလေရာ ဒဂုန်ဦးထွန်းမြင့်၏ ၃၈ ဖြာမင်္ဂလာကဗျာများမှ အသေဝနာစနှင့် ပတိရူပတို့ အစချီနှစ်ပိုဒ်ကို မင်္ဂလာကဗျာ (၁) နှင့် (၂) ဟူ၍ပါရှိသည်။ ဥပမာအနေဖြင့် မင်္ဂလာကဗျာ (၁)မှာ "လူမိုက်ဆိုလျှင် ရှောင်သွေလွဲလို့၊ မမှီဝဲနဲ့ ကင်းအောင်နေ။ ပညာရှိကို အရှည်တွဲလို့၊ မှီဝဲဆည်းကပ်နည်းယူစေ။ သုံးပါးရတနာ မိဘများနှင့်၊ ဆရာသမားကို ပူဇော်လေ။ ချမ်းသာကိုပေး ဆက်ဆံရေး၊ မြော်တွေးသုံးချက်ပေ။ အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ"ဟူ၍ဖြစ်သည်။ ပြောချင်သည်မှာ မင်္ဂလာရှိအောင်နေရန်၊ မင်္ဂလာသိအောင်နေရန် သူငယ်တန်းအရွယ်ကစပြီး သင်ကြားပေးနေခြင်း ဖြစ်သည်။ မင်္ဂလာနှင့် နေတတ်ထိုင်တတ်အောင် စတင်ထိတွေ့ သင်ကြားပေးခြင်းသည်ကပင် မင်္ဂလာမည်နေပြီဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ကလေးကဗျာများသည် လောကကြီးတွင် နေတတ်ထိုင်တတ်ရန်အတွက် အခြေခံအုတ်မြစ်ကလေးများပင်ဖြစ်ကြပြီး ထိုသူ၏ဘဝတစ်သက်တာတွင် မမေ့နိုင်တော့သောကဗျာလင်္ကာလေးများပင်ဖြစ်ချေတော့သည်။

**ကိုးကား**

- **မြန်မာ့ကဗျာ စာတမ်းများ(ဒုတိယတွဲ)**
- **ဦးသော်ဇင်၏ ကျေးလက်တောရွာ တေးကဗျာ**
- **မြန်မာ့စွယ်စုံကျမ်း၊ အတွဲ (၁၀)**

## မဲတစ်ပြား

\- လွတ်လပ်စွာ မဲတစ်ပြားကိုလ
ပေးသော်ငြား မှန်ကန်စေ၊
အမျိုးဘာသာ သာသနာအကျိုး
သယ်ပိုးမိတ်ဆွေ၊
မျိုးချစ်စိတ် ရှင်သန်ဝေ
ခေါင်းဆောင်တွေ ရွေးချယ်ပေး၊
တိုးတက်ရာ အမှန်ဖြစ်ဖို့
ဆန်းစစ်စို့လေး။

\- တို့နိုင်ငံ သာယာရေး
ထမ်းရွက်မနေး ကြိုးစားသူ၊
ဦးဆောင်ကာ တာဝန်ထမ်းဖို့
ဝိုင်းဝန်းလို့ကူ၊
အတ္တအငြိုး ရှေ့တန်းထူ
နေရာယူ မဲပေးငြား၊
ပျက်စီးမည် ဘာသာပျောက်မယ်
စိုးကြောက်ဖို့များ။

\- အသိဉာဏ် နှလုံးသားက
ဆုံးဖြတ်မမှား မှန်ကန်စွာ၊
ဘိုးဘွားတွေ ယဉ်ကျေးမှုနဲ့
ဂုဏ်ထုကြည့်ပါ၊
မြန်မာ၏ ကျက်သရေမှာ
မြတ်ဘာသာ အမျိုးသားရေး၊
စည်းလုံးညီ တိုင်းပြည်ကောင်းဖို့
ခေါင်းဆောင်စစ်ရွေး။ ။

**မောင်စစ်သွေး**

# မိုင်းယန်းမြို့နယ် မိုင်းလွေကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မိုင်းယန်း နိုဝင်ဘာ ၁၀**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယန်းခရိုင် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် မိုင်းလွေကျေးရွာအုပ်စု မိုင်းလွေကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်နှင့် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းက ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ မိုင်းလွေကျေးရွာအုပ်စု မိုင်းလွေကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးရန်ကျော်က လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မိုင်းလွေကျေးရွာ၌ အရှည် ပေနှစ်မိုင်ရှိ ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်းလုပ်ငန်းကို တင်ဒါအောင်မြင်သည့် John Shal ကုမ္ပဏီက ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၇၀ ဒသမ ၁၁၁ သန်းဖြင့် ယခုနှစ် ဇူလိုင်လ တတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက မိုင်းလွေကျေးရွာရှိ ပြည်သူများ သောက်သုံးရေ ဖူလုံစွာ ရရှိမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲကျော်**

## နိုင်ငံတကာ သတင်းများ

# တရုတ်ငါးဖမ်းသင်္ဘောတစ်စီး တောင်ကိုရီးယား အနောက်တောင်ဘက်ကမ်းလွန်၌ တိမ်းမှောက်နစ်မြုပ်

**ဆိုးလ် နိုဝင်ဘာ ၁၀**

တောင်ကိုရီးယားနိုင်ငံ အနောက်တောင် ကမ်းရိုးတန်း ကမ်းလွန်ရေပြင်၌ ယနေ့တွင် တရုတ်ငါးဖမ်းသင်္ဘောတစ်စီး တိမ်းမှောက်နစ်မြုပ်ခဲ့ရာ တောင်ကိုရီးယားတာဝန်ရှိသူများက ရှာဖွေရေးလုပ်ငန်းများ လုပ်ဆောင်နေကြောင်း သိရသည်။

တရုတ် ငါးဖမ်းသင်္ဘော တိမ်းမှောက် နစ်မြုပ်ပြီးနောက် ရေယာဉ်ဝန်ထမ်း ကိုးဦးပျောက်ဆုံးနေပြီး နှစ်ဦးကို ကုန်တင်သင်္ဘောတစ်စီးက ကယ်တင်နိုင်ခဲ့ကြောင်း တောင်ကိုရီးယားတာဝန်ရှိသူများက ပြောကြားခဲ့သည်။

တရုတ် ငါးဖမ်းသင်္ဘောသည် တောင်ကိုရီးယားနိုင်ငံ ဂန်ဆန်ဆိပ်ကမ်းမြို့ အနောက်တောင်ဘက် ၉၃ မိုင်အကွာ ပင်လယ်ရေပြင်အတွင်း တိမ်းမှောက်နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။

ပျောက်ဆုံးနေသူများကို ရှာဖွေရေးအတွက် ကင်းလှည့်ရေယာဉ် လေးစီး၊ ရဟတ်ယာဉ် နှစ်စင်းနှင့် လေယာဉ်တစ်စင်း စေလွှတ်ထားကြောင်း တောင်ကိုရီးယားကမ်းခြေစောင့်တပ်က သတင်းထုတ်ပြန်ထားသည်။

နစ်မြုပ်ခဲ့သည့် ငါးဖမ်းသင်္ဘောပေါ်၌ ရေယာဉ်ဝန်ထမ်း ၁၁ ဦး လိုက်ပါလာကြောင်း တောင်ကိုရီးယားနိုင်ငံဆိုင်ရာ တရုတ်သံရုံးက သတင်းထုတ်ပြန်ထားသည်။

နိုဝင်ဘာ ၉ ရက်ကလည်း တောင်ကိုရီးယားနိုင်ငံ အနောက်တောင်ပိုင်း ဂါဂိုကျွန်းနှင့် မိုင် ၅၀ အကွာတွင် တရုတ်ငါးဖမ်းသင်္ဘော တစ်စီး တိမ်းမှောက်ခဲ့ရာ ရေယာဉ်ဝန်ထမ်း နှစ်ဦးသေဆုံး၍ သုံးဦး ပျောက်ဆုံးနေဆဲ ဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# ရုရှားအမျိုးသားလုံခြုံရေးကောင်စီအတွင်းရေးမှူး ဆာဂေးရှိုဂူး အီဂျစ်နိုင်ငံ ကိုင်ရိုမြို့သို့ရောက်ရှိ



**မော်စကို နိုဝင်ဘာ ၁၀**

ရုရှား အမျိုးသားလုံခြုံရေး ကောင်စီအတွင်းရေးမှူး ဆာဂေးရှိုဂူးဦးဆောင်သည့် ရုရှားတပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၉ ရက်တွင် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့သို့ ရောက်ရှိခဲ့သည်။

ကိုင်ရိုမြို့ခရီးစဉ်အတွင်း ရုရှားအမျိုးသား လုံခြုံရေးကောင်စီအတွင်းရေးမှူး ဆာဂေးရှိုဂူးနှင့် ရုရှားတာဝန်ရှိသူများသည် အီဂျစ်တပ်မတော်ထိပ်တန်းတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

ရုရှား အမျိုးသားလုံခြုံရေး ကောင်စီအတွင်းရေးမှူး ဆာဂေးရှိုဂူးသည် အီဂျစ်သမ္မတ အယ်လ်စီစီ၊ အီဂျစ်အမျိုးသားလုံခြုံရေး အကြံပေး၊ အီဂျစ်ကာကွယ်ရေးဝန်ကြီးတို့နှင့်လည်း တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားသည်။

ကိုင်ရိုခရီးစဉ်အတွင်း ရုရှားနှင့် အီဂျစ် တာဝန်ရှိသူများအနေဖြင့် ရယူထားသည့် စစ်ရေးပူးပေါင်းဆောင်ရွက်မှုများ၊ စစ်ရေးနည်းပညာ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်များ အကောင်အထည်ဖော်နိုင်ရေးကို အဓိကထားဆွေးနွေးမည် ဖြစ်ကြောင်း ရုရှားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ဆာဂေးရှိုဂူးသည် ရုရှားသမ္မတပူတင်၏ အဓိကမဟာမိတ်တစ်ဦးဖြစ်ပြီး ယခင်က ရုရှားကာကွယ်ရေးဝန်ကြီးရာထူး ရယူခဲ့သူဖြစ်သည်။

ရုရှားနှင့် အီဂျစ်နိုင်ငံတို့သည် ဆိုဗီယက် ပြည်ထောင်စုခေတ်ကပင် ဆက်ဆံရေးနွေးထွေးခိုင်မာခဲ့သောနိုင်ငံများ ဖြစ်ကြကြောင်း သိရသည်။

Ref : RT
Trs : KKO

# အမေရိကန်သင်္ဘောများအပေါ် အထူးဆိပ်ကမ်းခွန်ကောက်ခံမည့်အစီအစဉ် တစ်နှစ်ဆိုင်းငံ့ပေးမည်ဖြစ်ကြောင်း တရုတ်ကုန်သွယ်ရေးဝန်ကြီးဌာနထုတ်ပြန်

**ပေကျင်း နိုဝင်ဘာ ၁၀**



အမေရိကန်ကုန်တင်သင်္ဘောများအား အထူးဆိပ်ကမ်းဝင်ကြေးကောက်ခံမှုအစီအစဉ်ကို တစ်နှစ်ဆိုင်းငံ့ပေးမည်ဖြစ်ကြောင်း တရုတ်ကုန်သွယ်ရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

တစ်ချိန်တည်းမှာပင် အမေရိကန်အစိုးရကလည်း တရုတ်ကုန်တင် သင်္ဘောများအား ဆိပ်ကမ်းခွန် ထပ်တိုးကောက်ခံမည့်အစီအစဉ်ကို ဆိုင်းငံ့ပေးခဲ့ကြောင်း သိရသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့ကြား ရယူထားသော ကုန်သွယ်ရေး သဘောတူညီချက်များအရ အမေရိကန်ကုန်တင်သင်္ဘောများအပေါ် အထူးဆိပ်ကမ်းခွန်ကောက်ခံမည့်အစီအစဉ်ကို တရုတ်နိုင်ငံက တစ်နှစ်ဆိုင်းငံ့ခဲ့ခြင်းဖြစ်သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့သည် ပြီးခဲ့သည့်အောက်တိုဘာ ၃၀ ရက်တွင် တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့၌ ထိပ်သီးဆွေးနွေးပွဲကျင်းပနိုင်ခဲ့သည်။

အဆိုပါ ထိပ်သီးဆွေးနွေးပွဲတွင် နှစ်နိုင်ငံကြား ချမှတ်ကျင့်သုံးမည့်ကုန်သွယ်ရေး ကန့်သတ်ချက်အချို့ကို ဆိုင်းငံ့ပေးထားရန် သဘောတူခဲ့ကြသည်။

အမေရိကန်သင်္ဘောများအပေါ် အထူးဆိပ်ကမ်းခွန် ကောက်ခံမှုဆိုင်းငံ့ရေးအစီအစဉ်သည် နိုဝင်ဘာ ၁၀ ရက်တွင် စတင်အာဏာသက်ဝင်မည်ဖြစ်ကြောင်း တရုတ်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

Ref : Xinhua
Trs : KKO

# အီကွေဒေါနိုင်ငံ၌ အကျဉ်းထောင်အဓိကရုဏ်းဖြစ်ပွား အနည်းဆုံး အကျဉ်းသား ၃၁ ဦး သေဆုံး

**ကွီတို နိုဝင်ဘာ ၁၀**

အီကွေဒေါနိုင်ငံ အနောက်တောင်ပိုင်းဒေသရှိအကျဉ်းထောင်တစ်ခု၌ နိုဝင်ဘာ ၉ ရက်က အကျဉ်းထောင်တွင်း အဓိကရုဏ်းများ ဖြစ်ပွားခဲ့ရာ အကျဉ်းသား အနည်းဆုံး ၃၁ ဦး သေဆုံးခဲ့ရသည်။

မာချာလာမြို့ အကျဉ်းထောင်၌ နိုဝင်ဘာ ၉ ရက်က အဓိကရုဏ်း နှစ်ခု သီးခြားစီဖြစ်ပွားခဲ့ရာ အနည်းဆုံး အကျဉ်းသား ၃၁ ဦးသေဆုံးခဲ့ရကြောင်း အီကွေဒေါအကျဉ်းဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

မာချာလာ အကျဉ်းထောင်၌ ပထမဆုံးဖြစ်ပွားခဲ့သည့် အကျဉ်းထောင် အဓိကရုဏ်းတွင် အကျဉ်းသား ၂၇ ဦးသေဆုံးခဲ့ရပြီး ထပ်မံဖြစ်ပွားခဲ့သော သီးခြားအဓိကရုဏ်းတစ်ခုတွင် အကျဉ်းသား လေးဦး ထပ်မံသေဆုံးခဲ့ရကြောင်း သိရသည်။

သို့ရာတွင် အကျဉ်းထောင် အဓိကရုဏ်းများအတွင်း အကျဉ်းသားများ မည်သို့မည်ပုံ သေဆုံးခဲ့ရသည်ကို အီကွေဒေါတာဝန်ရှိသူများက အသေးစိတ်ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် နှစ်များအတွင်း အီကွေဒေါနိုင်ငံတစ်ဝန်း၌ အကျဉ်းထောင်အဓိကရုဏ်းများ ဆက်တိုက်ဖြစ်ပွားခဲ့ရာ အကျဉ်းသားအများအပြားသေဆုံးခဲ့ရသည်။

ယခုနှစ် စက်တင်ဘာလကလည်း မာချာလာအကျဉ်းထောင်၌ အုပ်စုနှစ်ခုကြား ရန်ပွဲဖြစ်ပွားခဲ့ရာ အကျဉ်းသား ၁၄ ဦးသေဆုံး၍ ၁၄ ဦးဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO




# ကမ္ဘောဒီးယားနှင့်ရယူထားသော ငြိမ်းချမ်းရေးသဘောတူညီချက် အကောင်အထည်ဖော်မှုဆိုင်းငံ့လိုက်ကြောင်း ထိုင်းနိုင်ငံကြေညာ

**ဗန်ကောက် နိုဝင်ဘာ ၁၀**

အိမ်နီးချင်း ကမ္ဘောဒီးယားနိုင်ငံနှင့်ရယူထားသော ငြိမ်းချမ်းရေးသဘောတူညီချက်ကို အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်များကို ဆိုင်းငံ့ထားကြောင်း ထိုင်းနိုင်ငံက ယနေ့တွင် ကြေညာခဲ့သည်။

ထိုင်းနှင့် ကမ္ဘောဒီးယား နှစ်နိုင်ငံ နယ်စပ်တစ်နေရာ၌ မြေမြှုပ်မိုင်း ပေါက်ကွဲမှုကြောင့် ထိုင်းတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရခဲ့ပြီးနောက် ထိုင်းနိုင်ငံ၏ အဆိုပါကြေညာချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် ယခုနှစ် ဇူလိုင်လအတွင်း ငါးရက်ကြာ နယ်စပ်ပဋိပက္ခများဖြစ်ပွားခဲ့ပြီးနောက် အမေရိကန်အစိုးရ၏ ကြားဝင်ညှိနှိုင်းမှုဖြင့် ငြိမ်းချမ်းရေး သဘောတူညီချက် ရယူထားသည်။

သို့သော် ဆီဆာကတ်ပြည်နယ်နယ်စပ်တစ်နေရာ၌ မြေမြှုပ်မိုင်း ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီးနောက် အဆိုပါငြိမ်းချမ်းရေးသဘောတူညီချက် အကောင်အထည်ဖော်ရေး လုပ်ငန်းများကို ဆိုင်းငံ့ထားကြောင်း ထိုင်းအစိုးရပြောရေးဆိုခွင့်ရှိသူက ထုတ်ဖော်ပြောကြားထားသည်။

ထိုင်းအစိုးရ၏ အဆိုပါ ပြောကြားချက်နှင့် ပတ်သက်၍ ကမ္ဘောဒီးယား အစိုးရဘက်က တစ်စုံတစ်ရာ တုံ့ပြန်မှုမရှိသေးကြောင်း သိရသည်။

ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် ငါးရက်ကြာနယ်စပ်ပဋိပက္ခများကို အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ဖြင့် အဆုံးသတ်ခဲ့ပြီးနောက် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌အောက်တိုဘာ ၃၀ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## နာဆာ၏ ESCAPADE မစ်ရှင် လွှတ်တင်ရေးအစီအစဉ်ကို ဘလူးအော်ရီဂျင်ကုမ္ပဏီက ဆိုင်းငံ့ထား



**ဝါရှင်တန် နိုဝင်ဘာ ၁၀**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ESCAPADE မစ်ရှင်လွှတ်တင်ရေးအစီအစဉ်ကို ဘလူးအော်ရီဂျင်ကုမ္ပဏီက ဆိုင်းငံ့ထားကြောင်း ယနေ့သတင်းများအရ သိရသည်။

ဘလူးအော်ရီဂျင်ကုမ္ပဏီသည် မူလက ESCAPADE မစ်ရှင် အာကာသယာဉ်နှစ်စင်းကို New Glenn ဒုံးပျံဖြင့် နိုဝင်ဘာ ၉ ရက်တွင် လွှတ်တင်ရန်စီစဉ်ထားသည်။

သို့ရာတွင် နိုဝင်ဘာ ၉ ရက်တွင် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းနယ်မြေ၌ ရာသီဥတုဆိုးရွားနေမှုကြောင့် ESCAPADE မစ်ရှင် လွှတ်တင်ရေးအစီအစဉ်ကို ဖျက်သိမ်းထားရသည်ဟု ဘလူးအော်ရီဂျင်ကုမ္ပဏီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် ESCAPADE မစ်ရှင်ကို လွှတ်တင်ရေးအတွက် ရာသီဥတုအခြေအနေကို စောင့်ကြည့်နေသည်ဟု ဘလူးအော်ရီဂျင်ကုမ္ပဏီ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားကြောင်း သိရသည်။

ESCAPADE မစ်ရှင်သည် ဘလူးအော်ရီဂျင်၏ New Glenn ဒုံးပျံသစ်အတွက် ဒုတိယမြောက်မစ်ရှင်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## C/2025 V1 Borisov ကြယ်တံခွန် ကမ္ဘာမြေကို အနီးကပ်ဖြတ်ကျော်ပျံသန်းမည်

**ဝါရှင်တန် နိုဝင်ဘာ ၁၀**

မကြာသေးမီကမှ ရှာဖွေတွေ့ရှိထားသည့် C/2025 V1 Borisov အမည်ရှိကြယ်တံခွန်သည် ကမ္ဘာမြေကို အနီးကပ်ဖြတ်ကျော်ပျံသန်းမည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

C/2015 V1 Borisov ကြယ်တံခွန်သည် နိုဝင်ဘာ ၁၁ ရက်တွင် ကမ္ဘာမြေကို ကီလိုမီတာ ၁၀၃ သန်းအကွာမှ ဖြတ်ကျော်ပျံသန်းမည်ဖြစ်သည်ဟု အမေရိကန်သိပ္ပံပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။

C/2025 V1 Borisov ကြယ်တံခွန်၏ ထူးခြားချက်မှာ အခြားကြယ်တံခွန်များကဲ့သို့ အမြီးတန်း မရှိခြင်းဖြစ်ကြောင်း သိရသည်။

သို့ရာတွင် ကြယ်တံခွန်၏ ဓာတုဖွဲ့စည်းပုံနှင့် နေနှင့်အလှမ်းကွာဝေးမှုတို့ကြောင့် အမြီးတန်း မထွက်သေးခြင်း ဖြစ်နိုင်သည်ဟု သိပ္ပံပညာရှင်များက ယူဆထားကြောင်း၊ C/2025 V1 Borisov ကြယ်တံခွန်သည် နေအဖွဲ့အစည်းအတွင်းရှိ ကြယ်တံခွန်တစ်စင်းဖြစ်ပြီး အော့တိမ်တိုက်နယ်မြေမှ ပေါ်ထွက်လာသည့် ကြယ်တံခွန်ဖြစ်ကြောင်း သိရသည်။




လက်ရှိအချိန်တွင် ၎င်းကြယ်တံခွန်သည် ကမ္ဘာမြေနှင့် 31/ATLAS ကြယ်တံခွန်တို့ကြားတွင် ပျံသန်းနေကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

**Ref : Xinhua News**
**Trs : KKO**

## ကမ္ဘာဂြိုဟ်ကိုအနီးကပ်ဖြတ်ကျော်မပျံသန်းမီ 31/ATLAS ကြယ်တံခွန်၏အရွယ်အစား ထူးထူးခြားခြားကျုံ့ဝင်သွား

**ဝါရှင်တန် နိုဝင်ဘာ ၁၀**

ကမ္ဘာဂြိုဟ်ကို အနီးကပ်ဖြတ်ကျော်မပျံသန်းမီ 31/ATLAS ကြယ်တံခွန်၏ အရွယ်အစားမှာ ထူးထူးခြားခြား ကျုံ့ဝင်သွားကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကို ကိုးကား၍ နိုဝင်ဘာ ၉ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။



အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) သိပ္ပံပညာရှင်များ၏ တွက်ချက်မှုအရ 31/ATLAS ကြယ်တံခွန်သည် ပြီးခဲ့သည့်လကုန်ပိုင်းက နေကို အနီးကပ်ဖြတ်ကျော်ပျံသန်းစဉ် ဒြပ်ထု ၁၃ ရာခိုင်နှုန်း ဆုံးရှုံးခဲ့ရသည်။

31/ATLAS ကြယ်တံခွန်၏ အရွယ်အစား ရုတ်ခြည်းကျုံ့ဝင်ခဲ့မှုသည် နေကို အနီးကပ်ဖြတ်သန်းစဉ် ကြယ်တံခွန်၏ပျံသန်းရာလမ်းကြောင်း ပြောင်းလဲသွားမှုနှင့် ဆက်စပ်နေနိုင်ကြောင်း သိပ္ပံပညာရှင်များက ယူဆထားသည်။

31/ATLAS ကြယ်တံခွန်သည် အောက်တိုဘာ ၃၀ ရက်တွင် နေကို အနီးကပ်ဖြတ်ကျော်ပျံသန်းခဲ့သည်။

၎င်းကြယ်တံခွန်သည် လာမည့် ဒီဇင်ဘာ ၁၉ ရက်တွင် ကမ္ဘာမြေကို အနီးကပ်ဖြတ်ကျော်ပျံသန်းမည်ဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

31/ATLAS ကြယ်တံခွန်သည် နေအဖွဲ့အစည်းအတွင်းသို့ ဝင်ရောက်လာသော တတိယမြောက် ကြယ်တရာဟင်းလင်းပြင်ဖြစ် အာကာသဒြပ်ထည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

# HEALTH

## အရက်သေစာအလွန်အကျွံသောက်သုံးမှုကြောင့် သက်လတ်ပိုင်းများ လေဖြတ်မှုနှုန်းမြင့်မားလာနိုင်

**နယူးယောက် နိုဝင်ဘာ ၁၀**

အရက်သေစာ အလွန်အကျွံသောက်သုံးမှုကြောင့် သက်လတ်ပိုင်းအရွယ်များ လေဖြတ်နိုင်ခြေမြင့်မားလာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ နိုဝင်ဘာ ၉ ရက် သတင်းများတွင်ဖော်ပြထားသည်။

ပြီးခဲ့သည့် နှစ်များအတွင်း ကျန်းမာရေး ကောင်းမွန်သည့် သက်လတ်ပိုင်း အရွယ်များကြား လေဖြတ်မှုနှုန်း မြင့်တက်လာခဲ့မှုကို သုတေသန ပညာရှင်များက သတိပြုမိခဲ့ကြကြောင်း၊ အမေရိကန်နိုင်ငံ ဟားဗတ်တက္ကသိုလ်မှ သုတေသန ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အဆိုပါ လေဖြတ်မှုနှုန်း မြင့်တက်လာခြင်းသည် အရက်သေစာ အလွန်အကျွံ သောက်သုံးမှုနှင့် ဆက်စပ်နေကြောင်း၊ တစ်ရက်လျှင် အရက်သုံးခွက်နှင့်အထက် ပုံမှန်သောက်သုံးမှုကို အရက်အလွန်အကျွံ သောက်သုံးမှုအဖြစ် ဆေးပညာရှင်များက သတ်မှတ်ထားကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များ၏ အဆိုအရ အရက်သေစာ အလွန်အကျွံ သောက်သုံးသည့် သက်လတ်ပိုင်းများသည် အရက်သေစာ လုံးဝမသောက်သုံးသူများနှင့် နှိုင်းယှဉ်ပါက ၁၁ နှစ်မျှစော၍ လေဖြတ်တတ်ကြောင်း၊ ၎င်းအပြင် အရက်သေစာ အလွန်အကျွံ သောက်သုံးသူများသည် ဦးနှောက်အတွင်းပိုင်း သွေးယိုမှုပြဿနာ ပေါ်လာနိုင်ခြေ ပုံမှန်ထက် နှစ်ဆပိုမြင့်မားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## မိုးကြိုးမုန်တိုင်းတိုက်ခတ်မှုကြောင့် ပန်းနာရင်ကျပ်ရောဂါ ဖောက်လာနိုင်

**နယူးယောက် နိုဝင်ဘာ ၁၀**

မိုးကြိုးမုန်တိုင်းတိုက်ခတ်မှုကြောင့် ပန်းနာရင်ကျပ်ရောဂါ ဖောက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ နိုဝင်ဘာ ၉ ရက် သတင်းများတွင်ဖော်ပြထားသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ မိုးကြိုးမုန်တိုင်းများသည် ပန်းနာရင်ကျပ်ရောဂါ လူနာများအပေါ် ဆိုးကျိုးသက်ရောက်မှုရှိနိုင်ကြောင်း အမေရိကန်နိုင်ငံ ကင်းဆက်တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် အရေးပေါ်ဆေးရုံတက်ရန် လိုအပ်ခဲ့သည့် ပန်းနာရင် ကျပ် ရောဂါဖောက် မှု ပေါင်း ၄၅၀၀ ခန့်ကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ မိုးကြိုးမုန်တိုင်း တိုက်ခတ်ချိန်ကာလအတွင်း ပန်းနာရင်ကျပ်ရောဂါ ဖောက်မှုကြောင့် အရေးပေါ်ဆေးရုံတက်ရမှုများမှာ ရာသီဥတုကောင်းမွန်ချိန် ရောဂါဖောက်မှုများထက် ကြိမ်ရေပိုများသည်ကို တွေ့ရကြောင်း၊ မိုးကြိုးမုန်တိုင်း တိုက်ခတ်စဉ်အတွင်း ပန်းနာရင်ကျပ်ရောဂါ ဖောက်တတ်မှုသည် မိုးကြိုးမုန်တိုင်းများ၏သဘာဝနှင့် ဆက်စပ်နေနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

မိုးကြိုးမုန်တိုင်းတိုက်ခတ်စဉ်အတွင်း လေပြောင်းလဲမှု၊ စိုထိုင်းမှုနှင့် လျှပ်စီးလက်မှုများကြောင့် မိုးတိမ်များအတွင်း ရောက်ရှိစုစည်းနေသော ဝတ်မှုန်နှင့်မှိုများမှာ လူသား၏အဆုတ်ထဲ အလွယ်တကူဝင်ရောက်နိုင်သော အရွယ်အစားထိ ပြိုကွဲသွားတတ်ပြီးနောက် ပန်းနာရင်ကျပ်ရောဂါ ဖောက်မှုကို ပိုမိုဖြစ်စေကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**






# အာဆင်နယ်အသင်းက အေစီမီလန်အသင်းမှ လီယိုကို မြင့်မားသည့်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် ပြင်ဆင်နေ

**လန်ဒန် နိုဝင်ဘာ ၁၀**

အာဆင်နယ်အသင်းက ယခုနှစ် ဘောလုံးရာသီတွင် ချန်ပီယံဆု စိန်ခေါ်နိုင်ရန်အတွက် လာမည့် ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းတိုက်စစ်ပိုင်းကို ထပ်မံအင်အားဖြည့်တင်းရန် ပြင်ဆင်နေပြီး အေစီမီလန်အသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် လီယိုကို မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် ခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။

အာဆင်နယ် အသင်းသည် ပြီးခဲ့သည့် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက စပို့တင်း လစ္စဘွန်အသင်းမှ ထိပ်တန်း တိုက်စစ်ကစားသမား ဂျိုကီယက်ကို ခေါ်ယူခဲ့သော်လည်း လက်ရှိတွင် တိုက်စစ်ကစားသမားများ ဒဏ်ရာပြဿနာများနှင့် ကြုံတွေ့နေရသည့်အတွက် လာမည့်ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ ကာလတွင် အသင်းတိုက်စစ်ပိုင်းကို ထပ်မံအင်အားဖြည့်တင်းရန် ကြိုးပမ်းနေခြင်း ဖြစ်ကြောင်း သိရသည်။

အေစီမီလန်အသင်းနှင့် လီယိုတို့ စာချုပ်သက်တမ်းမှာ ယခုနှစ် ဘောလုံးရာသီအကုန်တွင် ကုန်ဆုံးမည်ဖြစ်သည့်အတွက် အေစီမီလန်အသင်းကလည်း လာမည့် ဇန်နဝါရီ ကစားသမား အပြောင်းအရွှေ့ကာလတွင် ရောင်းချရန်ဆုံးဖြတ်ထားပြီး လီယိုကိုယ်တိုင်ကလည်း ပရီးမီးယားလိဂ်ပြိုင်ပွဲမှ ကလပ်အသင်းတစ်သင်းသို့ ပြောင်းရွှေ့လိုနေခြင်းဖြစ်ကြောင်း သိရသည်။

လီယိုကို အခြားထိပ်တန်းကလပ်အသင်းများကလည်း လာမည့်ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန်ပြင်ဆင်နေသည့်အတွက် အာဆင်နယ်အသင်းက မြင့်မားသည့်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြစ်သည့် စတာလင်ပေါင် သန်း ၇၀ ဖြင့် ခေါ်ယူရန်ပြင်ဆင်နေကြောင်း သိရသည်။

**Ref : Fabrizio Romano**
**Trs : STA**




## အားကစားသတင်းအတိုအထွာများ

- ဘာစီလိုနာအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့က လီဗာပူး ကွင်းလယ်ကစားသမား ဂရာဗင်ဘတ်ချ်ကို လာမည့် နွေရာသီ အပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။
- ချဲလ်ဆီးအသင်းက ပဲလေ့စ်အသင်း ကွင်းလယ်ကစားသမား ဝါတွန်ကိုခေါ်ယူရန် စတင်ဆွေးနွေးမှုများ ပြုလုပ်နေကြောင်း သိရသည်။
- လီဗာပူးအသင်းနှင့် ချဲလ်ဆီးအသင်းတို့က နယူးကာဆယ် အသင်းနောက်ခံကစားသမား ဘိုဘ်မန်းကိုခေါ်ယူရန် အပြိုင်ကြိုးပမ်းနေကြောင်း သိရသည်။

ML

# လီဗာပူးအသင်းနှင့်ပွဲစဉ်အပြီး မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာ ပရော်ဖက်ရှင်နယ်နည်းပြဘဝ ပွဲပေါင်း ၁၀၀၀ ပြည့်မြောက်

**မန်ချက်စတာ နိုဝင်ဘာ ၁၀**



မန်စီးတီးအသင်း နည်းပြ ဂွါဒီယိုလာသည် ပရီးမီးယားလိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၁)အဖြစ် ကစားခဲ့သည့် မန်စီးတီးအသင်းနှင့် လီဗာပူးအသင်းတို့ပွဲစဉ်ကို တာဝန်ယူကိုင်တွယ်ခဲ့ပြီးနောက် ပရော်ဖက်ရှင်နယ်နည်းပြဘဝ ပွဲပေါင်း ၁၀၀၀ ပြည့်မြောက်ခဲ့ကြောင်း သိရသည်။

နည်းပြဂွါဒီယိုလာသည် ကစားသမားဘဝမှ အနားယူခဲ့ပြီးနောက် ပရော်ဖက်ရှင်နယ် နည်းပြဘဝကို ၂၀၀၇ ခုနှစ်က ဘာစီလိုနာ(ဘီ) အသင်းနှင့် စတင်ခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် ဘာစီလိုနာအသင်းကြီးကို တာဝန်ယူ ကိုင်တွယ်ခဲ့ခြင်း ဖြစ်သည်။

နည်းပြဂွါဒီယိုလာသည် ဘာစီလိုနာအသင်းနှင့်အတူ စပိန်လာလီဂါ ဖလားနှင့် ချန်ပီယံလိဂ်ဖလားအပါအဝင် ဆုဖလားများစွာ ဆွတ်ခူးပေးနိုင်ခဲ့ပြီးနောက် အသင်းကို လေးနှစ်ကြာ တာဝန်ယူကိုင်တွယ်ခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ဘာစီလိုနာအသင်းမှ နောက်ထပ် ဥရောပထိပ်တန်း ကလပ်အသင်း တစ်သင်းဖြစ်သည့် ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ပြီး တာဝန်ယူကိုင်တွယ်ခဲ့သည်။

နည်းပြဂွါဒီယိုလာသည် ဘိုင်ယန်မြူးနစ်အသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ရာတွင်လည်း ဂျာမန် ဘွန်ဒက်စ်လီဂါဖလား သုံးကြိမ်အပါအဝင် ဆုဖလားများစွာ ဆွတ်ခူးပေးနိုင်ခဲ့ပြီးနောက် ၂၀၁၆ ခုနှစ်တွင် ဘိုင်ယန်မြူးနစ်အသင်းမှ မန်စီးတီးအသင်းသို့ ထပ်မံပြောင်းရွှေ့ တာဝန်ယူကိုင်တွယ်ခဲ့သူဖြစ်သည်။

နည်းပြဂွါဒီယိုလာသည် မန်စီးတီးအသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ရာတွင်လည်း အသင်းကို ဥရောပ ထိပ်တန်းကလပ် အသင်းတစ်သင်း ဖြစ်အောင် တည်ဆောက်ပေးနိုင်ခဲ့သည့်အပြင် ချန်ပီယံလိဂ်ဖလား တစ်ကြိမ်နှင့် ပရီးမီးယားလိဂ်ဖလား ခြောက်ကြိမ်အပါအဝင် စုစုပေါင်း ဆုဖလား ၁၈ လုံး ဆွတ်ခူးပေးနိုင်ခဲ့သည်ထိ အောင်မြင်မှုများရယူပေးနိုင်ခဲ့သကဲ့သို့ ပရီးမီးယားလိဂ်ဖလား လေးနှစ်ဆက် ဆွတ်ခူးနိုင်ခဲ့သည့် ပထမဆုံးနည်းပြအဖြစ်ပါ မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

နည်းပြဂွါဒီယိုလာသည် မန်စီးတီးအသင်းကို ကာလရှည် တာဝန်ယူကိုင်တွယ်ခဲ့ပြီး အသင်းနှင့်အတူ ပြိုင်ပွဲစုံ ပွဲပေါင်း ၅၅၀ ထိ တာဝန်ယူကိုင်တွယ်ခဲ့ပြီး ဘောလုံးလောကတွင် ပွဲပေါင်း ၁၀၀၀ ပြည့်မြောက်ခဲ့သည့် ၃၉ ဦးမြောက် နည်းပြအဖြစ်လည်း မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

**Ref : Fotmob**
**Trs : STA**

# ဂါဗွန်တာနှင့်စိန်ခေါ်ပွဲပျက်ပြီးနောက် ဂျိတ်ပေါလ်ကို UFC ဟဲဗီးဝိတ်တန်းကမ္ဘာ့ချန်ပီယံဟောင်း အာလော့စကီး စိန်ခေါ်

**ဝါရှင်တန် နိုဝင်ဘာ ၁၀**

နာမည်ကြီး Influencer အဖြစ်မှ ပရော်ဖက်ရှင်နယ်လက်ဝှေ့လောကသို့ ကူးပြောင်းလာခဲ့သူ အမေရိကန် လက်ဝှေ့သမား ဂျိတ်ပေါလ်သည် WBA လိုက်ဝိတ်တန်းကမ္ဘာ့ချန်ပီယံ ဂါဗွန်တာနှင့် ထိုးသတ်သွားရန် စီစဉ်ထားသော်လည်း ဂါဗွန်တာသည် အမျိုးသမီးတစ်ဦးကိုရိုက်နှက်မှုဖြင့် ဖမ်းဆီးထိန်းသိမ်းခံလိုက်ရသည့်အတွက် စိန်ခေါ်ပွဲဖျက်သိမ်းခဲ့ရသည်။

ဂျိတ်ပေါလ်အနေဖြင့် ဂါဗွန်တာနေရာတွင် အစားထိုးရန်အတွက် လက်ဝှေ့လောကတွင် ကမ္ဘာ့ချန်ပီယံ ဖြစ်ခဲ့ဖူးသူများထဲမှ တစ်ဦးဦးနှင့် ထိုးသတ်သွားရန် စီစဉ်လျက်ရှိသည်။

ပြိုင်ဘက်ကောင်း ရှာနေသည့် ဂျိတ်ပေါလ်ကို UFC ဟဲဗီးဝိတ်တန်းကမ္ဘာ့ချန်ပီယံဟောင်း ဘယ်လာရုစ် ဖိုက်တာ အာလော့စကီးက ဂျိတ်ပေါလ်နှင့် ထိုးသတ်သွားရန် ဆန္ဒရှိနေကြောင်း ယနေ့တွင် တရားဝင်ထုတ်ဖော်ပြောကြားခဲ့သည်။

Most Valuable Promotions ကုမ္ပဏီကလည်း ဂျိတ်ပေါလ်အား ဂါဗွန်တာနှင့် ထိုးသတ်သွားမည့် စိန်ခေါ်ပွဲကို ဖျက်သိမ်းကြောင်းလည်း တရားဝင်ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။

ယင်းအပြင် Most Valuable Promotions ကုမ္ပဏီအနေဖြင့် ဂျိတ်ပေါလ်အတွက် ပြိုင်ဘက်ကောင်းတစ်ဦးနှင့် ပွဲစီစဉ်သွားမည်ဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။

အာလော့စကီးက "ဂျိတ်ပေါလ်ကို စိန်ခေါ်ထိုးသတ်သွားချင်တယ်။ သူလဲ ပြိုင်ဘက်ကောင်းရှာနေတယ်လို့သိရတယ်။ ကျွန်တော်ဟာ သူရှာနေတဲ့ ပြိုင်ဘက်မျိုးဖြစ်ပါလိမ့်မယ်။ ထိုးသတ်ခွင့် ရမယ်ဆိုရင်တော့ ကျွန်တော့်ရဲ့အိပ်မက်တွေ တကယ်ဖြစ်လာလိမ့်မယ်။ UFC မှာ အောင်မြင်မှုများစွာ ရရှိထားပြီး စံချိန် မှတ်တမ်းကောင်းတွေကိုလဲ ရရှိထားတဲ့ ကျွန်တော့်အတွက် လက်ဝှေ့လောကထဲ ဝင်ဖို့ဆိုတာ အမြဲတမ်း စိတ်ကူးထားတဲ့ အိပ်မက်လဲဖြစ်ပါတယ်။ ကျွန်တော့်ရဲ့စိန်ခေါ်မှုကို လက်ခံမယ်လို့ ယုံကြည်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : BJ Penn**
**Trs : AZL**

# အေဗီလာအသင်းက တိုက်စစ်ကစားသမားရော်ဂျာကို ၂၀၃၁ ခုနှစ်ထိ သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် နိုဝင်ဘာ ၁၀**

အေဗီလာအသင်းက အသင်းမှ တိုက်စစ်ကစားသမား ရော်ဂျာကို ၂၀၃၁ ခုနှစ်ထိ သက်တမ်းတိုး စာချုပ် ချုပ်ဆိုခဲ့ကြောင်း သိရသည်။

အသက် ၂၃ နှစ်ရှိ ရော်ဂျာသည် ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ကစားသမား အပြောင်းအရွှေ့ ကာလက မစ်ဒယ်ဘာရော့အသင်းမှ အေဗီလာအသင်းသို့ ပြောင်းရွှေ့ ကစားခဲ့သူဖြစ်ပြီး အသင်းနှင့် စာချုပ်သက်တမ်းမှာ တစ်နှစ်သာ ကျန်ရှိတော့သည့်အတွက် ကာလရှည် သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။



ရော်ဂျာသည် ပြီးခဲ့သည့် ဘောလုံးရာသီက အေဗီလာအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်း ပြသနိုင်ခဲ့ပြီးနောက် PFA တစ်နှစ်တာအကောင်းဆုံး လူငယ်ကစားသမားဆုကို ရရှိခဲ့ကြောင်း သိရသည်။

အေဗီလာ အသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသလျက် ရှိနေသည့် ရော်ဂျာကို ပြီးခဲ့သည့် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက ပရီးမီးယားလိဂ် ထိပ်တန်းအသင်းများက ခေါ်ယူရန် ကမ်းလှမ်းခဲ့သော်လည်း အေဗီလာ အသင်းက ကမ်းလှမ်းမှုများကို ပယ်ချခဲ့ခြင်းဖြစ်သည်။

အေဗီလာအသင်းက ရော်ဂျာကို လက်မလွှတ်လိုသည့် အတွက် သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ရာမှ ၂၀၃၁ ခုနှစ်ထိ ကာလရှည် သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Fabrizio Romano**
**Trs : STA**

# နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့

ဘုန်းမောင်ဝင်း(ဗျာပုံ)

**❖ ယနေ့နိုင်ငံတကာတွင် စီးပွားရေးပုံစံများ လျင်မြန်စွာ တိုးတက်ပြောင်းလဲနေသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးထွက်ကုန်များကို ကုန်ကြမ်းထုတ်လုပ်သည့်အဆင့်မှ တန်ဖိုးမြှင့် ကုန်ပစ္စည်းထုတ်လုပ်သည့်အဆင့်သို့ တက်လှမ်းနိုင်ရမည်ဖြစ်သည်။ ကုန်ထုတ်လုပ်မှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၏ ကျောရိုးမဏ္ဍိုင်ဖြစ်ခြင်းကြောင့် နိုင်ငံတော်၏ကုန်ထုတ်စွမ်းအားကို မြှင့်တင်ရန် "နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့" ဆောင်ပုဒ်ကို ချမှတ်ထားခြင်းဖြစ်သည်။ ❖**

မိမိတို့၏လယ်ယာလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း စသည့်များပြားသောလုပ်ငန်းမှန်သမျှအောင်မြင်စေရေးမှာခွဲ၊ လုံ့လ၊ ဝီရိယရှိနေကြရမည်။ လူတိုင်းသည် ကြီးပွားချမ်းသာစွာဖြင့် ဘဝခရီးကို ဖြတ်သန်းလိုကြသည်မှာ တူညီသောဆန္ဒဖြစ်သည်။ ထို့အတူ မိမိနေထိုင်သော နိုင်ငံကိုလည်းဖွံ့ဖြိုးတိုးတက်မှု အရှိဆုံးနိုင်ငံအဖြစ် မြင်တွေ့လိုကြသည်။ ဖွံ့ဖြိုးတိုးတက်နေသောနိုင်ငံတွင် ချမ်းသာခြင်းနှင့်ပြည့်စုံသည့်ဘဝမျိုးကို ပိုင်ဆိုင်လိုကြသည်။ မိမိတို့ဖြစ်ချင်သော ဆန္ဒများအကောင်အထည်ပေါ်လာစေရန် မိမိတို့ကိုယ်တိုင်ကြိုးစားအားထုတ်ရမည်ဖြစ်သည်။

ကမ္ဘာပေါ်ရှိနိုင်ငံတိုင်းသည် မိမိနိုင်ငံကြီးပွားတိုးတက်ရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းလျက်ရှိသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်လာသော နည်းပညာများကို အသုံးပြုလျက် နိုင်ငံ့စီးပွားရေးအားကောင်းစေရေးကို အလေးထားကြိုးပမ်းလျက်ရှိသည်။ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသူတို့သည်လည်း မိမိနိုင်ငံကို ချစ်မြတ်နိုးစိတ်ဖြင့် သို့တည်းမဟုတ် မိမိကိုယ်ကိုတိုးတက်ကြီးပွားလိုစိတ်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ တိုးတက်ကြီးပွားခြင်း၏ အခြေခံသည် မိမိတို့လုပ်ကိုင်နေသည့်လုပ်ငန်းနှင့်ပတ်သက်၍ အလုပ်အပေါ်တန်ဖိုးထားမြတ်နိုးကာ လုပ်ကိုင်ဆောင်ရွက်ခြင်းဖြစ်သည်။ ထိုသို့ လုပ်ကိုင်ဆောင်ရွက်ရာတွင် လုပ်ငန်းအောင်မြင်ရေးအတွက် သန္နိဋ္ဌာန်စိတ်ဖြင့် ရည်မှန်းရာသို့ရောက်ရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

ကြိုးစားမှုမရှိဘဲ မည်သည့်အောင်မြင်မှုမျှ ဖြစ်ပေါ်လာမည်မဟုတ်သည့်အတွက် လူတိုင်းက မည်သည့်အလုပ်မဆို ကြိုးစားလုပ်ဆောင်ကြရမည်ဖြစ်သည်။ အောင်မြင်မှုလမ်းကြောင်းတွင် အတားအဆီးသည် အချိန်နှင့်ပျော်ပါးမှုဖြစ်သည်။ အချိန်သည်လူကိုမစောင့်ဆိုသည့်အတိုင်း အချိန်ရှိခိုက် လုံ့လစိုက်လုပ်ဆောင်ကြရမည်ဖြစ်သည်။ ထို့အတူ အရက်သေစာသောက်စားခြင်း၊ လောင်းကစားလုပ်ခြင်းနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းတို့ကို လုံးဝရှောင်ကြဉ်ကြရမည်ဖြစ်သည်။ ကြီးပွားတိုးတက်လိုသူတိုင်းသည် ဝင်ငွေနှင့်ထွက်ငွေကိုက်ညီမှုရှိအောင် သုံးစွဲကြသည်။ ဝင်ငွေများနေပြီး ထွက်ငွေကနည်းနေသူသည် ကြီးပွားချမ်းသာနိုင်မည်။ သို့မဟုတ်ဘဲ ဝင်ငွေနည်းပြီး ထွက်ငွေများနေသူသည် သူတစ်ပါးနောက်လိုက်အဖြစ် သူတစ်ပါးခိုင်းစေသမျှ လုပ်ဆောင်ရသူဖြစ်တတ်ပေမည်။

နိုင်ငံတစ်နိုင်ငံတွင်လည်း ထိုနည်းတူစွာပင်ဖြစ်သည်။ နိုင်ငံအတွက် ဝင်ငွေကများပြားပြီး ထွက်ငွေနည်းပါးနေရန်ဆောင်ရွက်ရမည်ဖြစ်သည်။ အထူးသဖြင့် နိုင်ငံ့ဝင်ငွေဖြစ်သော ကုန်ထုတ်လုပ်လုပ်ငန်းများမှ ထုတ်ကုန်များစွာထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့နိုင်ရမည်။ ထို့အတူ ပြည်ပမှသွင်းကုန်များကို လျှော့ချနိုင်ရမည်။ ဤအချက်နှစ်ချက်ကို အောင်မြင်စွာဆောင်ရွက်နိုင်လျှင် နိုင်ငံတော်၏ ဝင်ငွေများပြားလာပြီး နိုင်ငံတော်ရွှေသီးသည့် အခြေအနေသို့ ရောက်ရှိမည်ဖြစ်သည်။

ကြီးပွားချမ်းသာသောနိုင်ငံသည် ရွှေပဒေသာပင်များပိုင်ဆိုင်ထားသည်နှင့်တူလှသည်။ ဤသည်ကို နိုင်ငံတော်ရွှေသီးသည်ဟု တင်စားသည်။ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်သည် "နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့" ဟူသော ဆောင်ပုဒ်ဖြင့် နိုင်ငံသူ၊ နိုင်ငံသားတို့၏ စိတ်ဓာတ်ကို မြှင့်တင်ပေးထားသည်။ တကယ်ဖြစ်ချင်တကယ်လုပ်၊ အဟုတ်ဖြစ်ရမည်ဟူသော ဆောင်ပုဒ်သည် အမှန်တကယ်ကြိုးစားလုပ်ကိုင်၍ အောင်မြင်နေသူတို့၏ လက်သုံးစကားဖြစ်သည်။ အလုပ်လုပ်ကိုင်သည့်နေရာတွင် သာမန်လုပ်ရိုးလုပ်စဉ်လုပ်နေရုံမျှဖြင့် ကြီးပွားတိုးတက်လာမည်မဟုတ်ချေ။ နည်းပညာတိုးတက်နေသည့် ခေတ်တွင် နည်းပညာကို ပိုင်နိုင်စွာအသုံးပြုကြရမည်ဖြစ်သည်။ မိမိလုပ်ကိုင်နေသည့် အလုပ်မှန်သမျှတွင် နည်းပညာသည်အဓိကဖြစ်သကဲ့သို့ အခြားသော အထောက်အကူများသည်လည်း ပဓာနနေရာတွင် ရှိနေသည်။

မည်သည့်အလုပ်မဆို နည်းပညာမြင့်မားသာလွန်ကောင်းမွန်နေခြင်းမှာ အလုပ်ကိုရေရှည်တည်တံ့ခိုင်မြဲစေခြင်းဖြစ်သည်။ နည်းပညာဆိုသည်မှာလည်း နေ့စဉ်နှီးပါးမျှပြောင်းလဲတိုးတက်နေသည့်အတွက် ခေတ်နှင့်အညီ နည်းပညာအပြောင်းအလဲများကို လိုက်ပါလုပ်ဆောင်ကြရမည်ဖြစ်သည်။ အချို့သောလုပ်ငန်းရှင်များ၊ ကုမ္ပဏီများမှထုတ်လုပ်သောပစ္စည်းများသည် အဆင့်မြင့်စွာထုတ်လုပ်ထားသည်။ ထို့ပြင် တီထွင်မှုဒီဇိုင်းကလည်း စိတ်ဝင်စားဖွယ်ကောင်းသည်။ ထို့ကြောင့် ဈေးကွက်တွင် ဝယ်လိုအားမြင့်မားလျက်ရှိသည်။ အားပေးသူများပြားသည်။ သို့သော် အဆိုပါလုပ်ငန်းရှင်နှင့် ကုမ္ပဏီအနေဖြင့် ဈေးကွက်လိုအပ်ချက်ကို ပြည့်မီအောင်ဖြည့်ဆည်းပေးခြင်းမရှိသဖြင့် ပစ္စည်းပြတ်လပ်မှုနှင့်ကြုံတွေ့သည့်အဖြစ်မျိုး လက်တွေ့နယ်ပယ်တွင် တွေ့မြင်ရသည်။

ဖြစ်သင့်သည်မှာ အားပေးသူများပြားလာသည်နှင့် မိမိတို့၏ကုန်ထုတ်လုပ်မှုကိုလည်း ပိုမိုများပြားအောင် ထုတ်လုပ်ပေးရမည်ဖြစ်သည်။ လူတိုင်းကြိုက်နှစ်သက်သော လူသုံးကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်းမှန်သမျှကို ကုန်ထုတ်လုပ်မှုမြင့်မားအောင်ထုတ်လုပ်ပေးခြင်းဖြင့် ဈေးကွက်ပိုမိုကျယ်ပြန့်လာမည်။ ပြည်တွင်းမှတစ်ဆင့်ပြည်ပသို့ပင် တင်ပို့နိုင်သည်ထိ ဆောင်ရွက်ကြရမည်ဖြစ်သည်။ ပြည်တွင်းတွင် ကြိုက်နှစ်သက်၍ ဈေးကွက်ဝင်သော ပစ္စည်းများသည် ပြည်ပတွင်လည်း ကြိုက်နှစ်သက်ကြမည်မှာ အမှန်ဖြစ်သည်။ ထို့ကြောင့်ဤအချက်ကို ကုန်ပစ္စည်းထုတ်လုပ်သူများအနေဖြင့် အလေးအနက်ထား ဆောင်ရွက်သင့်လှပေသည်။

ယခုအခါ နိုင်ငံတော်ကို ဦးဆောင်နေသည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် "နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍစဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး" ဟူသော ဦးတည်ချက်ကိုအကောင်အထည်ဖော်လျက်ရှိသည်။ နိုင်ငံအတွင်း လူအများဆုံးလုပ်ကိုင်နေသော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတိုးတက်မှသာ ပြည်သူတို့၏လူမှုစီးပွားဘဝတိုးတက်မည်။ ထို့အတူနိုင်ငံတော်၏စီးပွားရေးမှာလည်းတိုးတက်လာမည်။ ဖြစ်နိုင်သော အလုပ်မို့ ဖြစ်အောင်ကြိုးစားလုပ်ကြရန်သာ လိုအပ်သည်။ အမှန်တကယ် ကြီးပွားတိုးတက်လိုသော စိတ်ဖြင့်လုပ်ကိုင်မည်ဆိုပါက အောင်မြင်မည်ဟု ဆိုချင်သည်။

မြန်မာနိုင်ငံပတ်ဝန်းကျင်တွင် လူဦးရေများပြားသော နိုင်ငံများရှိနေသည့်အတွက် နေ့စဉ်စားရေရိက္ခာလိုအပ်မှုရှိနေမည်ဖြစ်သည်။ အဆိုပါဈေးကွက်ကို ပြည်တွင်းထုတ်ကုန်များဖြင့် ဝင်ရောက်နိုင်ရမည်ဖြစ်သည်။ ယနေ့နိုင်ငံတကာတွင် စီးပွားရေးပုံစံများ လျင်မြန်စွာ တိုးတက်ပြောင်းလဲနေသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးထွက်ကုန်များကို ကုန်ကြမ်းထုတ်လုပ်သည့်အဆင့်မှ တန်ဖိုးမြှင့်ကုန်ပစ္စည်းထုတ်လုပ်သည့် အဆင့်သို့ တက်လှမ်းနိုင်ရမည်ဖြစ်သည်။ ကုန်ထုတ်လုပ်မှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၏ ကျောရိုးမဏ္ဍိုင်ဖြစ်ခြင်းကြောင့် နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားကို မြှင့်တင်ရန် "နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့" ဆောင်ပုဒ်ကိုချမှတ်ထားခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အဓိကအခြေခံစီးပွားရေးအဖြစ် လုပ်ကိုင်ဆောင်ရွက်နေကြသည်။ အဆိုပါစိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုသည့်ကုန်ထုတ်လုပ်မှုသည်ပင် သမားရိုးကျလုပ်ဆောင်နေခြင်းထက် ခေတ်နှင့်အညီ ခေတ်မီနည်းပညာများကို အသုံးပြုနိုင်ရမည်ဖြစ်သည်။ ခေတ်မီနည်းပညာဆိုသည်မှာ အတွေးအခေါ်ကောင်းခြင်းနှင့် တီထွင်ကြံဆလုပ်ဆောင်ခြင်းမှဖြစ်ပေါ်လာပေရာ မည်သူမဆိုမဖြစ်မနေလုပ်သင့်သည့်နေ့စဉ်လုပ်ငန်းတစ်ခုမှာ ရုပ်မြင်သံကြားသတင်းများ နားထောင်ခြင်း၊ စာပေဖတ်ရှုခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်သည်။ ရုပ်မြင်သံကြားတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ ပညာရပ်များကို ဆွေးနွေးလေ့ရှိသည်။ မိမိကနားထောင်ခြင်းဖြင့် ဆန်းသစ်သော အမြင်တစ်ခုခုရရှိမည်မှာ အမှန်ဖြစ်သည်။

လုပ်ငန်းမှန်သမျှ ကုန်ထုတ်လုပ်မှုတိုးတက်စေလိုလျှင် မျက်စိဖွင့်၊ နားကိုစွင့်ထားရပေမည်။ ရုပ်မြင်သံကြားနှင့်စာပေဖတ်ရှုခြင်းဖြင့် အချိန်နှင့်အမျှဖြစ်ပေါ်နေသော ဈေးကွက်၊ ဈေးနှုန်းအပြောင်းအလဲ၊ သဘာဝရာသီဥတုအခြေအနေမိုးရွာမည်လား၊ နေပူမည်လားကြိုတင်ခန့်မှန်းသိရှိနိုင်သည်။ ကြိုတင်သိရှိထားလျှင် ကြိုတင်ပြင်ဆင်ထားနိုင်သည့်အတွက် ပျက်စီးဆုံးရှုံးမှုကို လျှော့နည်းစေမည်ဖြစ်သည်။ ယနေ့လူငယ်အများစုသည် ပြည်ပသို့ထွက်ခွာကာ အလုပ်လုပ်နိုင်ရေးကို မြော်တွေးစဉ်းစားနေသည်။ အဆိုပါလူငယ်များအနေဖြင့် ပြည်ပတွင်အလုပ်လုပ်ကိုင်ရာမှရရှိလာသည့်အတွေ့အကြုံများကို မိမိတို့နိုင်ငံတွင် ပြန်လည်မျှဝေအသုံးပြုခြင်းမျိုးလုပ်ဆောင်သင့်သည်။ အခြားနိုင်ငံတိုးတက်နေလျှင် မိမိနေထိုင်သည့်နိုင်ငံကို မိမိတို့တတ်စွမ်းသည့်ဘက်မှ တိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ စိုက်ပျိုးရေးတွင် "မျိုး၊ မြေ၊ ရေ၊ နည်း" ဟူသော လိုအပ်ချက်လေးမျိုးကို မည်ကဲ့သို့ဖြည့်ဆည်းဆောင်ရွက်မည်ဟူသော တွေးခေါ်မြော်မြင်မှုဖြင့် ဆောင်ရွက်ကြရမည်ဖြစ်သည်။

မျိုးကောင်းမျိုးသန့်ရှိခြင်း၊ မြေဩဇာကောင်းမွန်ခြင်း၊ စိုက်ပျိုးရေလွယ်ကူခြင်းနှင့်အတူ နည်းပညာကောင်းများရှိခြင်းတို့ကို ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရအနေဖြင့်လည်း တစ်ဖက်တစ်လမ်းမှဖြည့်ဆည်းပေးလျက်ရှိသည်။ လူငယ်များ၏ ကုန်ထုတ်လုပ်နိုင်မှုစွမ်းအား ပိုမိုမြင့်မားစေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်စက်မှုဟူသော အထက်တန်းကျောင်းများကို ဖွင့်လှစ်ပေးထားသည်။ ထို့ပြင်လူငယ်များ၏ အနာဂတ်နှင့် နိုင်ငံတော်အနာဂတ်ပိုမိုကောင်းမွန်စေရေးအတွက် ၎င်းတို့အားသက်ဆိုင်ရာ ပညာရပ်များအလိုက်လုပ်ငန်းခွင်ဝင်ရောက်နိုင်သည့် Polytechnic ကျောင်းများ ဖွင့်လှစ်သင်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ၂၀၂၅ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာထုတ်ပြန်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ် "ကမ္ဘာ့နိုင်ငံ တော်တော်များများတွင် လူငယ်များကို မြေတောင်မြှောက်ပြုစုပျိုးထောင်ပေးပြီး အခွင့်အလမ်းများ၊ မျှော်လင့်ချက်များဖန်တီးပေးသည့်အခါတွင် ၎င်းတို့သည် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်မှု၏ မောင်းနှင်အားများဖြစ်လာသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ယနေ့မိမိတို့လူငယ်များကို အကျိုးရှိရှိရင်းနှီးမြှုပ်နှံပေးခြင်းဖြင့် အနာဂတ်တွင် လူဦးရေဆုလာဘ်၏ကောင်းကျိုးများကို ဖမ်းဆုပ်နိုင်မည်ဖြစ်ကြောင်း၊ ထိုသို့မဟုတ်ဘဲ လူငယ်များကို လျစ်လျူရှုထားပါက Demographic Burden နှင့်အတူ တည်ငြိမ်အေးချမ်းမှု လျော့နည်းလာနိုင်သကဲ့သို့ အဆိုးဆုံးအခြေအနေအဖြစ် Demographic Disaster ဖြစ်သွားနိုင်ကြောင်း" ထည့်သွင်းပြောကြားခဲ့သည်။ လူဆိုသည်မှာ ပညာကိုလည်းတတ်မြောက်သင်ယူကြရသည်။ အသိပညာ၊ အတတ်ပညာ၊ အတန်းပညာများ တတ်မြောက်ခြင်းနှင့်အတူ မိမိတို့၏ လူမှုစီးပွားဘဝရှင်သန်ရေးအတွက် ရုန်းကန်လှုပ်ရှားကြရသည်။ တစ်ဦးချင်းလုပ်ငန်းမှ အစုအဖွဲ့၊ ကုမ္ပဏီစသည်ဖြင့် လုပ်ဆောင်ကြရသည်။ ထိုသို့ လုပ်ဆောင်ကြရာတွင် မိမိလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ထိုမှတစ်ဆင့် နိုင်ငံ့စီးပွားမြင့်မားရေး တစ်နည်းဆိုရလျှင် နိုင်ငံတော်ရွှေသီးရေးအတွက် ကုန်ထုတ်လုပ်မှုများကို ကြိုးစားလုပ်ဆောင်ကြရမည်ဖြစ်သည်။ ထို့ကြောင့် လူကြီး၊ လူငယ်အားလုံးက "နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့" ဆောင်ပုဒ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။

**ကိုးကား**

- နေ့စဉ်ထုတ်သတင်းစာများ

# All sown acreage of maize harvested in Kyunhla Township


Photo shows newly harvested maize.

**Kyunhla November 10**

Statistics of Township Agriculture Department stated that local farmers have harvested all sown acreage of maise in Kyunhla Township of Sagaing Region.

During this year's monsoon crop season, a total of 15,016 acres of maize for seed production were cultivated in Kyunhla Township. The harvesting of these maize fields began in August, and as of today, 100 per cent of the cultivated acreage has been harvested, with an average yield of 48.72 baskets per acre.

"This year, during the monsoon season, a total of 15,016 acres of maize for seed production were cultivated in Kyunhla Township. At present, all the cultivated fields have been fully harvested. The cultivated area even exceeded the target acreage. To ensure successful maize cultivation, we have provided farmers with awareness and training, particularly on pest and disease prevention," said Daw Myint Myint Yi, Head of the Kyunhla Township Department of Agriculture.

The Township Department of Agriculture conducted training courses, field demonstrations, and awareness programs for farmers growing both seed maize and sweet corn. These activities focused on pest prevention in advance, integrated pest management, and proper use of insecticides such as neem-based pesticides and ginger and chili extracts, along with general agricultural best practices.

In Kyunhla Township, the average yield for seed maize was reported to be over 50 baskets per acre, with a cultivation cost of about K500,000 per acre. For sweet corn, the average output was around 15,000 ears per acre, and the cultivation cost was over K500,000 per acre.

206

# Over 2,000 flights canceled across U.S. as federal gov't shutdown enters Day 40

**Washington November 10**

As the U.S. federal government shutdown entered its 40th day on Sunday, more than 2,000 flights were canceled and over 8,000 delayed nationwide, according to flight tracking website FlightAware.

Since the Federal Aviation Administration's (FAA) mandated flight reduction policy took effect on Friday, the number of canceled flights surged from 202 on Thursday to 1,025 on Friday, and further to 1,566 on Saturday.

The number of air traffic controllers taking leave has risen since the shutdown began on Oct. 1, forcing many others to work overtime.

The U.S. Department of Transportation and the FAA recently announced a 10 percent capacity reduction at 40 major airports across the country starting Friday, aiming to ease staffing pressures and reduce airspace safety risks.

"It's only going to get worse," Transportation Secretary Sean Duffy told CNN on Sunday. "I look to the two weeks before Thanksgiving. You're going to see air travel be reduced to a trickle."

On the same day, National Economic Council Director Kevin Hassett told CBS that if people are not traveling during Thanksgiving, "we really could be looking at a negative quarter for the fourth quarter." Xinhua

# Trading of tapioca booming in Pathein Township

**Pathein November 10**

Tapioca domestically produced is in booming in trade with high demand at the local market in Pathein Township of Ayeyawady Region, said Daw Moe Moe Thu, the owner of agricultural produce trading commodity in Pathein Township.

Trading of tapioca has been high at the market from the second week of October to date in Pathein Township. It fetches K4,000 per viss in the domestic market.

"Tapioca tubers are selling well in the local market. This year, the good demand for tapioca tubers is due to the reduced number of growers and increasing purchases not only from local markets but also from other markets. The tubers currently being traded are of good quality and free from pests and diseases. As the sale of tapioca tubers remains strong, both farmers and farm laborers are earning well," said Daw Moe Moe Thu.

At present, around 2,500 viss to 3,500 viss of tapioca tubers are traded daily in Pathein Township, with tapioca also being purchased by snack and confectionery businesses. It is learned that the price of tapioca varies depending on its quality.

Kyaw Kyaw Lin


Tapiocas available at a local market.

# Super Typhoon Fung-wong makes landfall in Philippines

**Manila November 10**

Super Typhoon Fung-wong made landfall over Aurora province in the eastern part of Luzon Island of the Philippines on Sunday night, according to the state weather bureau.

The bureau reported that the Category 5 typhoon hit the municipality of Dinalungan around 9:10 p.m. local time (1310 GMT) on Sunday.

After landfall, Fung-wong is expected to move across the mountainous terrain of northern Luzon and emerge over Lingayen Gulf or the coastal waters of Pangasinan or La Union by Monday morning.

The interaction with the rugged terrain of Luzon will cause Fung-wong to weaken considerably, although it is expected to retain typhoon strength while crossing the landmass, the bureau said.

Before making landfall, the super typhoon had already claimed at least two lives, local authorities said.

Fung-wong is the 21st tropical cyclone hitting the Philippines this year, surpassing the country's annual average of 20 storms.

Xinhua


Rescuers use a boat to evacuate residents from a flooded area in Navotas City, the Philippines, Nov. 10, 2025.

# More than 2,000 acres of soya bean planted in Htigyaing Township

**Htigyaing November 10**

Local farmers grew more than 2,000 acres of soya bean in Htigyaing Township of Sagaing Region this year, according to the township Agriculture Department.

During the 2025–2026 winter crop season, a total of 4,605 acres of soybean are planned to be cultivated in Htigyaing Township, and cultivation began in October this year. As of now, 2,455 acres have already been cultivated.

"For this year's winter crop season, we have planned to grow more than 4,000 acres of soybean in Htigyaing Township. Up to now, over 2,000 acres have been cultivated. We will also continue to provide awareness programmes to prevent pest infestations. Efforts are being made to ensure that farmers obtain quality seeds and have proper knowledge about seed selection and cultivation practices," said U Ko Ko Aung, Head of the Htigyaing Township Department of Agriculture.

The Township Department of Agriculture has been providing awareness and technical support to soybean farmers on the use of high-quality and pure seed varieties suited to local conditions, proper cultivation methods, pest prevention, systematic use of fertilizers, and yield improvement.

Moreover, during this year's monsoon crop season, in the cultivation of various types of pulses, the department has also collaborated with farmers to promote good and pure seed varieties, necessary inputs, and post-harvest technologies aimed at enhancing both the yield and quality of pulse crops.

206

# Wakema Township dispatches many bags of rice to Yangon market in October


Photo shows a large stockpile of rice.

**Wakema November 10**

Local merchants from Wakema Township of Ayeyawady Region sold a large number of rice bag in Pakhan variety to Yangon market in October, said Daw San San Win, the owner of rice and paddy trading depot in Wakema Township.

During September, only about 50,000 bags of Pakhan rice from Wakema Township were shipped and sold to the Yangon market. However, from October 1 to 31, a total of 66,000 bags were exported and sold within the month.

"In the past month, we exported and sold up to 66,000 bags of Pakhan rice from Wakema Township. The Pakhan rice shipped from Wakema to the Yangon market is of quite good quality. The rice variety we export belongs to the 'coarse grain' group. Due to strong demand from Yangon buyers, export sales increased. Pakhan rice is currently in high demand in the domestic rice market," said Daw San San Win.

The 24-basket bags of Pakhan rice exported from Wakema to Yangon last month were priced as high as K93,000 per bag. With the rise in rice trade, farmers, traders, loading and unloading workers, and truck rental operators are now enjoying better job and income opportunities.

Kyaw Kyaw Lin

# YeU District plants more than 2,000 acres of lima bean this year

**YeU November 10**

Statistics of YeU District Agriculture Department stated that local farmers have planted more than 2,000 acres of lima bean as cold season crops in YeU District of Sagaing Region this year.

For the 2025-2026 winter crop season, a total of 7,140 acres of lima bean are planned to be cultivated in YeU District. Planting began in October this year, and as of now, 2,878 acres have already been cultivated—2,185 acres in YeU Township and 693 acres in Taze Township.

"This year, over 3,000 acres of lima bean are planned for cultivation during the winter crop season in YeU District. So far, more than 2,000 acres have already been planted, and efforts are being made to meet the target acreage. Lima bean is grown only in the winter season, and the cultivation is progressing successfully. Farmers are interested in growing lima bean because it fetches a good market price," said U Zaw Myint Tun, Head of the District Agriculture Department in YeU.

According to the district plan for the 2025–2026 winter crop season, a total of 3,147 acres are designated for YeU Township and 3,993 acres for Taze Township, totaling 7,140 acres.

During the recent monsoon crop season, local farmers in YeU District cultivated lima beans both as a main crop and as an intercropped crop to earn additional income. The Township Agriculture Department is currently assisting farmers engaged in pulse cultivation by providing technical support to improve crop yield, encouraging the use of quality seeds, and sharing knowledge on producing and using natural pesticides, as well as on timely harvesting and pest and disease prevention.

206

# KhinU Township finishes cultivation of winter sesame on more than 13,000 acres of croplands

**KhinU November 10**

Agricultural data of KhinU Township Agriculture Department stated that local farmers have planted more than 13,000 acres of winter sesame in KhinU Township of Sagaing Region this year.

During the 2025–2026 winter crop season, it is planned to cultivate 12,422 acres of winter sesame in KhinU Township. Cultivation began in October this year, and as of today, 13,054 acres have already been cultivated, according to reports.

U Nay Win Naing, Head of the KhinU Township Department of Agriculture, said, "For this year's winter crop season, we planned to grow 12,422 acres of winter sesame in KhinU Township. So far, over 13,000 acres have been cultivated. Sesame cultivation has been increasing year by year. Farmers mainly grow sesame in the winter rather than the monsoon season. As an oilseed crop, it is performing successfully."

The KhinU Township Department of Agriculture is providing awareness and technical support to monsoon sesame farmers to expand cultivation, adopt better farming methods and GAP (Good Agricultural Practices) systems, and use high-yielding, quality, and pure sesame varieties.

Crops grown under the GAP system are known to have better quality and fetch higher prices than those produced through conventional methods. They also have the advantage of being marketable not only domestically but also for export. Therefore, farmers who practice GAP-based cultivation are expected to gain greater economic benefits and improve their socio-economic livelihoods.

206

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# All plantations of groundnut harvested in Wetlet Township

**Wetlet November 10**

Local farmers have harvested all sown acreage of groundnut in Wetlet Township of Sagaing Region, according to the township Agriculture Department.

During this year's monsoon crop season, a total of 5,311 acres of groundnut were cultivated in Wetlet Township. Harvesting began in August, and by now, all cultivated acres have been completely harvested, yielding an average of 41.50 baskets per acre.

"This year, a total of 5,311 acres of groundnut were grown during the monsoon crop season in Wetlet Township. At present, all fields have been fully harvested. As an oil crop, groundnut cultivation has been successful, and the production rate has improved year by year," said Daw Kyin San, Head of the Township Agriculture Department in Wetlet.

For each acre of groundnut, about one and a half baskets of seed are used, with production costs—including seed, labour charge, fertilizer, and pesticide expenses—amounting to over K200,000 per acre, while the yield reaches over 50 baskets per acre.

To ensure successful groundnut cultivation this year, staff from the Township Agriculture Department have conducted field inspections, collected field monitoring records, and provided guidance to prevent pest and disease outbreaks and to maintain weed-free fields.

206


Farmers working on harvested groundnuts.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်ကြည်းတပ်က တာတိုပစ် တန်ပြန်ဒရုန်းတိုက်ခိုက်ရေးစွမ်းရည်သစ်များ ပိုင်ဆိုင်နိုင်ရန် ကြိုးပမ်းလျက်ရှိ



အမေရိကန်ကြည်းတပ်သည် တာတိုပစ် တန်ပြန်ဒရုန်း တိုက်ခိုက်ရေးစွမ်းရည်သစ်များပိုင်ဆိုင်နိုင်ရန်အတွက် ကြိုးပမ်းလျက်ရှိကြောင်း Defence Blog သတင်းဌာနက နိုဝင်ဘာ ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မကြာသေးမီက Minot လေတပ်အခြေစိုက်စခန်းတွင် ပြုလုပ်ခဲ့သော စစ်ရေးလေ့ကျင့်မှုတစ်ခုအတွင်း Anduril Industries ကုမ္ပဏီ၏ Anvil ဒရုန်းကြားဖြတ်တိုက်ခိုက်ရေးစနစ်နှင့် ၎င်း၏ပေါင်းစပ်ထားသော Launch Box (ဒရုန်းပစ်လွှတ်ရေးသေတ္တာ) တို့ကို အကဲဖြတ်စမ်းသပ်မှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

အမေရိကန်ကြည်းတပ်အရာရှိများနှင့် ကုမ္ပဏီ၏အချက်အလက်များက ဤစနစ်ကို အလိုအလျောက် လုပ်ဆောင်နိုင်စွမ်းနှင့် လိုအပ်သည့်အခါ တုံ့ပြန်နိုင်သော စနစ်အဖြစ် သတ်မှတ်ဖော်ပြထားသည်။ ၎င်းသည် အကြမ်းခံနိုင်အောင် ပြုလုပ်ထားသော သေတ္တာပုံစံ ဒရုန်းပစ်လွှတ်စင်မှပစ်လွှတ်နိုင်ပြီး ပစ်မှတ်ကို တားဆီးရန် လမ်းညွှန်ပေးနိုင်မည်ဖြစ်သည်။ Anduril Industries ကုမ္ပဏီထုတ် C-UAS စနစ်၏ အရှေ့စွမ်းအင်သုံး Anvil ဒရုန်းကြားဖြတ် တိုက်ခိုက်ရေးစနစ်သည် Lattice OS ဆော့ဖ်ဝဲလ်ဖြင့် လမ်းညွှန်ပေးသည့်အတိုင်း အလိုအလျောက် လမ်းကြောင်းရှာဖွေပြီး ဖြစ်နိုင်ခြေရှိသော ဒရုန်းခြိမ်းခြောက်မှုများကို တန်ပြန်ချေမှုန်းနိုင်စွမ်းရှိမည်ဖြစ်သည်။ ထို့ပြင် လူသားအော်ပရေတာက အတည်ပြုနိုင်ရန်အတွက် ကင်မရာ တပ်ဆင်ပေးထားကြောင်း သိရသည်။

Anvil ဒရုန်းကြားဖြတ် တိုက်ခိုက်ရေးစနစ်တွင် Non-Kinetic Variant နှင့် Munition Variant ဟူ၍ ပုံစံကွဲများရှိပြီး Non-Kinetic Variant သည် ဖြစ်နိုင်ခြေရှိသော ဒရုန်းခြိမ်းခြောက်မှုကို ထောက်လှမ်းနိုင်ကာ အော်ပရေတာ အမိန့်အရ အရှေ့စွမ်းအင်မသုံးဘဲ ဘေးထွက်ဆိုးကျိုးနည်းပါးစေမည့် Jamming ပြုလုပ်ခြင်းနည်းလမ်းဖြင့် တန်ပြန်ခြင်းဖြစ်သည်။ Munition Variant ပုံစံကမူ တားဆီးရန် ပိုမိုခက်ခဲသော ပစ်မှတ်များအတွက် စွမ်းအားမြင့်ပေါက်ကွဲစေတတ်သောခဲယမ်းကို သယ်ဆောင်ထားခြင်းမျိုးဖြစ်သည်။

Minot လေတပ်အခြေစိုက်စခန်းတွင် အကဲဖြတ်ခဲ့သည့် Anvil ဒရုန်းကြားဖြတ်တိုက်ခိုက်ရေးစနစ်တွင် သယ်ယူရလွယ်ကူသော Launch Box (ဒရုန်းပစ်လွှတ်မှုသေတ္တာ) ပါဝင်သည်။ ဤ Launch Box သည် မြေပြင်အခြေစိုက်စနစ်တစ်ခုဖြစ်ပြီး Anvil ဒရုန်းကြားဖြတ်တိုက်ခိုက်ရေးစနစ်ကို ထည့်သွင်းထားကာ လျင်မြန်စွာဖြန့်ကြက်အသုံးပြုနိုင်ရန်အတွက် ဒီဇိုင်းထုတ်ထားသည်။ ပစ်လွှတ်မှုသေတ္တာတစ်ခုတွင် Anvil စနစ်နှစ်ခုကို ထည့်သွင်းထားနိုင်ပြီး စစ်ဆင်ရေးအတွက် အသင့်အနေအထားဖြစ်စေရန် ပတ်ဝန်းကျင်ထိန်းချုပ်ရေးယူနစ်ကို ပေါင်းစပ်ထည့်သွင်းထားသည်။ Anvil စနစ်ကို အမေရိကန်စံနှုန်းသတ်မှတ်ချက်အရ Group 1 နှင့် Group 2 အုပ်စုဝင် ဒရုန်းခြိမ်းခြောက်မှုများကို တိကျစွာနှင့် ဘေးထွက်ဆိုးကျိုးနည်းပါးစွာ ချေမှုန်းရန်အတွက် ရည်ရွယ်သည့် အရှေ့စွမ်းအင်သုံး ကြားဖြတ်တိုက်ခိုက်ရေးစနစ်အဖြစ် ဖော်ပြထားသည်။ Anvil စနစ်၏ အလေးချိန်မှာ ၁၁ ဒသမ ၆ ပေါင်ခန့်ရှိပြီး Launch Box နှင့် အပြည့်အစုံသယ်ယူပို့ဆောင်ရေးပုံစံသည် ခန့်မှန်းခြေ အလေးချိန် ၂၅၃ ပေါင် ရှိမည်ဖြစ်ကြောင်း သိရသည်။

စစ်ရေးလေ့ကျင့်မှုအတွင်း စစ်သည်များသည် အခြေစိုက်စခန်းများနှင့် ယာယီတပ်စွဲရာနေရာများရှိ လက်တွေ့စစ်ဆင်ရေးလိုအပ်ချက်များနှင့် ကိုက်ညီသော ထောက်လှမ်းခြင်း၊ ဖော်ထုတ်ခြင်းနှင့် တိုက်ခိုက်ခြင်းအစီအစဉ်များကို စမ်းသပ်နိုင်ခဲ့သည်။ ဤအကဲဖြတ်မှုသည် လျင်မြန်စွာ တုံ့ပြန်နိုင်စွမ်း၊ ကွပ်ကဲမှုစနစ်များပေါင်းစပ်နိုင်မှုနှင့် Anduril Industries ကုမ္ပဏီက အလေးပေးထားသော လူသားပါဝင်သည့် ဆုံးဖြတ်ချက်ချမှတ်သောအဆင့်တို့ကို စမ်းသပ်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

**U.S. steps closer to fielding autonomous drone interceptor** ကို ဘာသာပြန်ဆိုထားပါသည်။

## ဂျာမနီက Skyranger 30 ဆုံလည်တွင် တန်ပြန်ဒရုန်းတိုက်ခိုက်ရေးအသေးစားဒုံးကျည်ကို တပ်ဆင်အသုံးပြုနိုင်ရေး ထုတ်လုပ်ရန်နှင့်ဝယ်ယူရန် အတည်ပြု

ဂျာမနီ ဖက်ဒရယ် ကာကွယ်ရေးဝန်ကြီးဌာနသည် Skyranger 30 ဆုံလည်စနစ်တွင် တန်ပြန်ဒရုန်းတိုက်ခိုက်ရေးအသေးစားဒုံးကျည် (Small Anti-Drone Missile)ကို တပ်ဆင်အသုံးပြုနိုင်ရေးတီထွင်ထုတ်လုပ်ရန်နှင့် ဝယ်ယူရန် အတည်ပြုပေးခဲ့ကြောင်း Army Recognition သတင်းဌာနက နိုဝင်ဘာ ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Skyranger 30 စနစ်သည် လက်ရှိဂျာမနီတပ်မတော်တွင် စတင်အသုံးပြုနေပြီဖြစ်သည့် တာတိုပစ်လေကြောင်းရန်ကာကွယ်ရေး လက်နက်စနစ်ဖြစ်ပြီး ၎င်းတွင် Skyranger 30 ဆုံလည်စနစ်ပါရှိသည်။

ဂျာမနီဖက်ဒရယ် ကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ဤအသေးစားဒုံးကျည်သည် Skyranger 30 ဆုံလည်စနစ်၏ ၃၀ မမ စက်အမြောက်ကို အင်အားဖြည့်တင်းနိုင်လိမ့်မည်ဖြစ်ကြောင်း၊ အဆိုပါ အသေးစားဒုံးကျည်များ ပေါင်းစပ်မှုကြောင့် Skyranger 30 စနစ်သည် အလွန်သေးငယ်သော ဒရုန်းများကို ကာကွယ်နိုင်ရန်အတွက် ပြီးပြည့်စုံလာမည်ဖြစ်ကြောင်း၊ ဤအဆင့်မြှင့်တင်မှုသည် ယူကရိန်းနှင့် အခြားပဋိပက္ခများမှ ရရှိသည့်စစ်ဆင်ရေးဆိုင်ရာ သင်ခန်းစာဖော်ထုတ်ချက်များကို ထင်ဟပ်စေလျက်ရှိကြောင်း သိရသည်။

ဂျာမနီတပ်မတော်က ဤအသေးစားဒုံးကျည်ကို SADM (Small Anti-Drone Missile) ဟု အမည်ပေးထားပြီး MBDA ကုမ္ပဏီကမူ DefendAir ဒုံးကျည်အမည်ဖြင့် ဈေးကွက်တင်ရောင်းချသည်။ MBDA ကုမ္ပဏီကို ပြင်သစ်၊ ဗြိတိန်၊ အီတလီ၊ ဂျာမနီနှင့် စပိန်တို့ပါဝင်သော ဥရောပအခြေစိုက် ကုမ္ပဏီကြီးအဖြစ် သိရှိထားကြသည်။ ဤအသေးစားဒုံးကျည်သည် Boxer ယာဉ်ပေါ်တွင် တပ်ဆင်ထားသော Skyranger 30 လေကြောင်းရန် ကာကွယ်ရေးစနစ်အတွက် ကုန်ကျစရိတ်သက်သာသည့် အလွှာတစ်ခုကို ဖြည့်စွက်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။



DefendAir ဒုံးကျည်သည် MBDA ကုမ္ပဏီ၊ Enforcer ဒုံးကျည်အုပ်စုမှ ဆင်းသက်လာသည်။ Enforcer ဒုံးကျည်သည် ၉၀ မမ အချင်းရှိပြီး တစ်မီတာအောက်အရွယ်အစားရှိကာ ၇ ဒသမ ၅ ကီလိုဂရမ်ခန့် အလေးချိန်ရှိသည်။ ၎င်းသည်နေ့ရောညပါ အသုံးပြုနိုင်သော လှုပ်ရှားမှုမဲ့ လမ်းညွှန်မှုစနစ်ကို အသုံးပြုထားသည်။ တန်ပြန်ဒရုန်းတိုက်ခိုက်ရေးအသေးစားဒုံးကျည်တွင် MBDA ကုမ္ပဏီက ပစ်ခတ်နိုင်သည့်အကွာအဝေးကို ချဲ့ထွင်ရန် Booster (တွန်းအားပေးသည့်ယူနစ်) နှင့် ဝေဟင်ပစ်မှတ်ရှာဖွေသည့် အာရုံခံကိရိယာကို ထပ်ပေါင်းထည့်ထားကြောင်း သိရသည်။

DefendAir ဒုံးကျည်၏ ပစ်ခတ်နိုင်သည့် အကွာအဝေးသည် ငါးကီလိုမီတာဝန်းကျင်ထိရောက်ရှိရန် စီစဉ်ထားပြီး ၎င်းသည် Skyranger လက်နက်စနစ်တွင်ပါရှိသည့် စက်အမြောက်များ၏ ထိရောက်သော အကွာအဝေး သုံးကီလိုမီတာထက် ပိုမိုမြင့်မားမည်ဖြစ်သည်။ Rheinmetall ကုမ္ပဏီထုတ် Skyranger 30 ဆုံလည်တွင် ဒုံးကျည်ပစ်လွှတ်ရန် အင်တာဖေ့စ် (launcher interface) ရှိပြီးသားဖြစ်သောကြောင့် အဆင်သင့်အသုံးပြုနိုင်သော ဒုံးကျည်အရေအတွက် ကိုးစင်းမှ ၁၀ စင်းထိ ထည့်သွင်းထားနိုင်ကြောင်း သိရသည်။

**DefendAir Small Missiles Give Germany's Skyranger 30 Turret a New Edge in Drone Defense** ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

# မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၇၈၇၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း နိုဝင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၇၈၇၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြင်းမူမြို့နယ်တွင် မြေပဲဧက ၃၀၀၀၀ စိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၇၈၇၈ ဧကထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

" ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ မြေပဲဧက ၃၀၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက၂၇၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်" ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

မြင်းမူမြို့နယ်တွင် မြေပဲစိုက်ပျိုးရာတွင် တစ်ဧကကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခ၊ မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ်နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း၊ တစ်ဧကစိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

မြင်းမူမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရန်၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန် အတွက်စိုက်ခင်းများအတွင်းကွင်းဆင်းစစ်ဆေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေရုံမျှမက ပို့လျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွား ဘဝများမြင့်မားလာမည် ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်း ဆောင်ရွက်သင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း လယ်ငါးခူပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**မအူပင် နိုဝင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း လယ်ငါးခူ ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမော်က ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလက လယ်ငါးခူပိဿာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလ တစ်လအတွင်း လယ်ငါးခူ ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ လယ်ငါးခူများ တင်ပို့ရောင်းချမှု ကောင်းလာသည့်အတွက် ရေလုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"လယ်ငါးခူ တင်ပို့အားကောင်းလာတဲ့အတွက် ရေလုပ်သားတွေ အဆင်ပြေနေပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း လယ်ငါးခူပိဿာချိန် ၆၅၀၀၀ ထိ ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်ဘက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ လယ်ငါးခူက ပြည်တွင်းမှာကို စားသုံးမှုများတဲ့ငါးဖြစ်ပါတယ်။ အရောင်းအဝယ်ကောင်းပေမဲ့ ဈေးကပုံမှန်ပဲရှိပါတယ်။ ဒီဘက်က ရေထွက်ကုန်မှန်သမျှကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချတာ ဖြစ်ပါတယ်"ဟု မအူပင်မြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမော်က ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချသည့် လယ်ငါးခူ ၁၀ ပိဿာလျှင် ငွေကျပ် ၁၉၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ လယ်ငါးခူများဝယ်ယူအားကောင်းလာသည့်အတွက် လယ်ငါးခူရှာဖွေသူများ၊ ပွဲရုံပိုင်ရှင်များ၊ ရေလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ပျော်ဘွယ်မြို့နယ် ဥသျှစ်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပျော်ဘွယ် နိုဝင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဥသျှစ်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းက မြစိမ်းရောင် ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ချစေရန်နှင့်စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ၊ အခြားစီးပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေ ကျပ်သိန်း ၄၁၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဥသျှစ်ပင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၉၀ ကို ငွေကျပ် ၃၇၃ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ၁၂ သိန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ငါးဦးကိုငွေကျပ် ၂၅ သိန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သိန်း ၄၁၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**




# မြန်အောင်မြို့နယ် ကသစ်ကုန်းကျေးရွာ၌ ကျောက်ရောမြေနီလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး



**မြန်အောင် နိုဝင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကသစ်ကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ကျေးရွာတွင်း ကျောက်ရောမြေနီ လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြန်အောင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဇော်ထက်နှင့်တာဝန်ခံ ဝန်ထမ်းများက ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ကသစ်ကုန်းကျေးရွာ၌ ကျေးရွာတွင်း ကျောက်ရောမြေနီလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိမ်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

မြန်အောင်မြို့နယ် ကသစ်ကုန်းကျေးရွာ၌ လမ်းအရှည်ပေ၁၀၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မရှိ ကျောက်ရောမြေနီလမ်းခင်းခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင် ငွေကျပ် ၃ သန်း စုစုပေါင်း ငွေကျပ် ၁၈ သန်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် ဇူလိုင်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**သံသာ**

ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်
လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



# ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်) ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ် (၂၁)နှင့် A.G.T.I ဒီပလိုမာသင်တန်းအမှတ်စဉ်(၂၂) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်



နေပြည်တော် နိုဝင်ဘာ ၁၀

ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့သင်တန်းအမှတ်စဉ်(၂၁) နှင့် A.G.T.I ဒီပလိုမာသင်တန်းအမှတ်စဉ် (၂၂) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ ဒီဂရီကောလိပ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အလုပ်ခန့်အပ်လွှာပေးအပ်မည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှကိုယ်စားလှယ်များ၊ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်) မှ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ သင်တန်းဆင်းကျောင်းသား၊ ကျောင်းသူများနှင့် ၎င်းတို့၏ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားပြည်သူများ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝများ မြင့်မားတိုးတက်စေရေးတို့ကို စဉ်ဆက်မပြတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူငယ်များကို ၎င်းတို့၏နယ်စပ်ဒေသများတွင် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ် ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်နိုင်ရန် အတွက် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်၊စစ်ကိုင်း)တို့ကိုတည်ထောင်ဖွင့်လှစ် ပြုစုပျိုးထောင်လေ့ကျင့်သင်ကြားပေးလျက် ရှိပါကြောင်း။

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) ကို စတင်ဖွင့်လှစ်သည့်အချိန်မှ ယနေ့အချိန်ထိ ဝိဇ္ဇာဘွဲ့ ၇၂၉ ဦး၊ သိပ္ပံဘွဲ့ ၁၅၅၉ ဦး၊ အင်ဂျင်နီယာဒီပလိုမာ ၁၂၄၈ ဦး စုစုပေါင်း ၃၅၃၆ ဦးကို ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်ခဲ့သဖြင့် အားရကျေနပ်ဖွယ်ဖြစ်ပါကြောင်းနှင့် ကျောင်းဆင်း ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နိုင်ငံ့တာဝန်များကိုထမ်းဆောင်ရင်း ပိုမိုအဆင့်မြင့်သည့် ပညာရပ်များကို လေ့လာဆည်းပူးကြိုးစားအားထုတ်သွားကြရန် အထူးမှာကြားလိုကြောင်း။

သင်တန်းဆင်း မောင်မယ်တို့အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့်နိုင်ငံတော်ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာ၌ မြင့်မားသောစိတ်ဓာတ်၊ မှန်ကန်သောအတွေးအခေါ်၊ ခံယူချက်၊ မြဲမြံသောအကျင့်စာရိတ္တကောင်းများကို လက်ကိုင်ပြုပြီး ပြည်သူလူထုနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြရန်၊ နိုင်ငံတော်က အခမဲ့ပညာရပ်များသင်ကြားပေးခြင်းနှင့် အလုပ်အကိုင်များရရှိအောင် ဆောင်ရွက်ပေးခဲ့သည့် ကျေးဇူးတရားကို သိရှိနားလည်ပြီး မိမိတို့ လေ့လာဆည်းပူးခဲ့သည့် အဆင့်မြင့်ပညာရပ်များဖြင့် ကျရာလုပ်ငန်းနယ်ပယ်အသီးသီး၌ လက်တွေ့အသုံးပြုပြီး နယ်စပ်ဒေသတိုင်းရင်းသားများ၏ လူမှုစီးပွားဘဝများပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းကုန်ကြိုးစားဆောင်ရွက်သွားကြရန်၊ စစ်မှန်သော မျိုးချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် ဒို့တာဝန်အရေးသုံးပါးတို့ကို ဦးထိပ်ပန်ဆင်လျက် နိုင်ငံတော်ကအားကိုးအားထားပြုရမည့် နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ် ကြိုးစားလုပ်ကိုင် ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဝိဇ္ဇာဘာသာရပ်နှင့် သိပ္ပံဘာသာရပ် ထူးချွန်ဆုရရှိသူ နှစ်ဦးကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က အင်ဂျင်နီယာထူးချွန်ဆုရရှိသူ တစ်ဦးကို လည်းကောင်း ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များက အလုပ်တာဝန်ခန့်အပ်လွှာများပေးအပ်ကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းဆင်းကျောင်းသား၊ ကျောင်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ကြီးချုပ်တို့က ထူးချွန်ကျောင်းသား၊ ကျောင်းသူများနှင့် ၎င်းတို့၏ မိဘများကို တွေ့ဆုံ၍ ဂုဏ်ပြုအားပေးစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ထူးချွန်ကျောင်းသား၊ ကျောင်းသူ သုံးဦးကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ ဧည့်သည်တော်များ၊ ဆရာ၊ ဆရာမများ၊ သင်တန်းဆင်းကျောင်းသား၊ ကျောင်းသူများနှင့် ၎င်းတို့၏ မိသားစုဝင်များကို ခင်မင်ရင်းနှီးစွာ နှုတ်ဆက်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဒီဂရီကောလိပ်အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ပါမောက္ခဌာနမှူးများနှင့် တွေ့ဆုံ၍ ကျောင်းအုပ်ကြီးက ဒီဂရီကောလိပ်၏အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ သင်ကြားရေး၊ လေ့ကျင့်ရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်ခွင့်ပြုငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍တင်ပြရာ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးပြီး ဒီဂရီကောလိပ်ရှိ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ ဒီဂရီကောလိပ်အတွင်းရှိ ဘာသာရပ်အလိုက် လေ့ကျင့်သင်ကြားနေမှု၊ မိုးလုံလေလုံအားကစားရုံတည်ဆောက်ရေးလုပ်ငန်းနှင့် ကျောင်းသား၊ ကျောင်းသူများ၏ အခြေခံစစ်ပညာသင်တန်းလေ့ကျင့်သင်ကြားနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ဗဟိုလေ့ကျင့်ရေးကျောင်းသို့ရောက်ရှိရာ ကျောင်းအုပ်ကြီးက တည်ဆောက်ရေးလုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေးဆောင်ရွက်ထားရှိမှုအခြေအနေများ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများကို ချီးမြှင့်ငွေများပေးအပ်ကာ ကျောင်းဝင်းအတွင်းရှိ စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒဂုံမြို့သစ်ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ရောက်ရှိပြီး ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ ယာဉ်၊ ယန္တရားများ အသုံးပြုနိုင်မှုနှင့် ကြံ့ခိုင်မှု၊ ထောက်ပံ့ပစ္စည်းများ သိုလှောင်ထိန်းသိမ်းထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် သင်တန်းဆင်း ကျောင်းသား၊ ကျောင်းသူများကို ဘွဲ့နှင်းသဘင်ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပြီး ကျောင်းသား၊ ကျောင်းသူများ၏ ဖျော်ဖြေရေးအစီအစဉ်များကို ကြည့်ရှုအားပေးကာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် ကျောင်းသား၊ ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း အသိပေးကြေညာ

၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၀ ရက်

သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများက တာဝန်ယူဖွင့်လှစ်သည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ မကြာမီတွင် ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ရာ ကျောင်းသား၊ကျောင်းသူများသည် ရွေးကောက်ပွဲစတင်ကျင်းပမည့် ၂၈-၁၂-၂၀၂၅ ရက်တွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ကျောင်းတက်ရောက်နေကြရမည်ဖြစ်ပါသည်။ အဆိုပါကျောင်းသား၊ ကျောင်းသူများအနက် မိမိတို့မဲစာရင်းပါရှိသည့် မဲဆန္ဒနယ်ပြင်ပတွင်ရှိသော တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် တက်ရောက်ကြရမည့် ကျောင်းသား၊ ကျောင်းသူများလည်း ပါဝင်မည်ဖြစ်ပါသည်။ မဲဆန္ဒနယ်ပြင်ပရောက် ကျောင်းသား၊ ကျောင်းသူများအနက် ရွေးကောက်ပွဲစတင်ကျင်းပမည့် ၂၈-၁၂-၂၀၂၅ ရက်တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများဖြစ်ပါက မဲပေးခွင့်မဆုံးရှုံးစေရေးအတွက် သက်ဆိုင်ရာကျောင်းများသို့ မသွားရောက်မီ မိမိတို့၏မဲစာရင်းပါရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးတွင် ၁၇-၁၁-၂၀၂၅ ရက်မှ ၂၁-၁၁-၂၀၂၅ ရက်ထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအတွင်း မိမိတို့ကိုင်ဆောင်သည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များက ထုတ်ပေးသည့် ကျောင်းသားစိစစ်ရေးကတ် သို့မဟုတ် ကျောင်းဝင်ခွင့်အထောက်အထားတို့ကိုပြသ၍ ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## "လှပသာယာပြည်မြန်မာ"ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရရှိသူများစာရင်း ထုတ်ပြန်

နေပြည်တော် နိုဝင်ဘာ ၁၀

၂၀၂၆ ခုနှစ် ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် "လှပသာယာပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဩဂုတ် ၁၅ ရက်မှ အောက်တိုဘာ ၃၁ ရက်ထိ ဖိတ်ခေါ်ခဲ့သည်။

ပြိုင်ပွဲတွင် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုများနှင့် ရိုးရာယဉ်ကျေးမှုများ၊ လွတ်လပ်ရေးကြိုးပမ်းမှု၏ ထင်ရှားသည့်သင်္ကေတ၊ နေရာဒေသနှင့် လူပုဂ္ဂိုလ်များစသည့်လွတ်လပ်ရေး၏ အနှစ်သာရကို ဖော်ကျူးရိုက်ကူးထားသည့် ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါဓာတ်ပုံပြိုင်ပွဲသို့ ပြိုင်ပွဲဝင် ၁၄၅ ဦးက ဓာတ်ပုံပေါင်း ၄၈၀ ကို ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး နိုဝင်ဘာ ၈ ရက်တွင် ဓာတ်ပုံပညာရှင်များက ဆုများစိစစ်ရွေးချယ်ခဲ့ရာ ပထမဆု ဦးစိုးမိုးအောင်၊ ဒုတိယဆု ကျော်နိုင်လင်း (လရိပ်ပြာ)၊ တတိယဆု မျိုးမင်းထိုက်(The Eagle)တို့က ရရှိခဲ့ကြသည်။

အထူးဆုများအဖြစ် ထက်သူ(ရွှေကျောင်းကြီး)၊ ဦးမြင့်မော်ထွန်း၊ အောင်ကျော်ထွန်း(ပံသုကျီ)၊ ဦးချမ်းသာ (MDY)နှင့် မင်းမင်းထွန်းတို့က ရရှိခဲ့ကြသည်။

ဆုရရှိသူများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဆုများထိုက်တန်စွာချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ဆုပေးပွဲကျင်းပမည့်ရက်အား ထပ်မံအသိပေးအကြောင်းကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၅ -၂၀၂၆ ဘဏ္ဍာနှစ် ဒုတိယအကြိမ်အစည်းအဝေး ကျင်းပ



နေပြည်တော် နိုဝင်ဘာ ၁၀

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၅ -၂၀၂၆ ဘဏ္ဍာနှစ် ဒုတိယအကြိမ်အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဗဟိုလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ ဗဟိုလုပ်ငန်းအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ သီလဝါ၊ ကျောက်ဖြူနှင့် ထားဝယ်အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က သီလဝါအထူးစီးပွားရေးဇုန်တွင် ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးနှင့် ပြည်ပပို့ကုန်မြင့်တက်အောင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ ကုန်သွယ်ရေးလိုငွေပြမှုကို နည်းနိုင်သမျှနည်းအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ MSMEs ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်တွင်းရှိ MSMEs လုပ်ငန်းများနှင့်ပိုမိုချိတ်ဆက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်၏ ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်းအတွက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန်တွင် လာရောက်ရင်းနှီးမြှုပ်နှံမည့်သူများကို မြန်မာအထူးစီးပွားရေးဇုန် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရန်ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေက သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုများတိုးပွားလာရေးဆက်လက်ကြိုးစားဆောင်ရွက်ရန်လိုကြောင်း၊ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံကိန်းနှင့် ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက ပိုမိုတိုးမြှင့်ဆောင်ရွက်ပေးစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က ယခင်ကျင်းပခဲ့သည့် ဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပထမအကြိမ်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး သီလဝါအထူးစီးပွားရေးဇုန်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများက အမှာစာများကို ဖတ်ကြားတင်ပြကြကာ ဗဟိုလုပ်ငန်းအဖွဲ့ဝင်များက ဇုန်တစ်ခုချင်းအလိုက် လုပ်ငန်းဆောင်ရွက်ပေးနေမှုအခြေအနေများကို သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ပြန်လည်ရှင်းလင်းဆွေးနွေးကာ တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အကြိမ် ၂၀ မြောက် အာဆီယံ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပ



နေပြည်တော် နိုဝင်ဘာ ၁၀

အကြိမ် ၂၀ မြောက် အာဆီယံအသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ(ACCMSME) အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။

အစည်းအဝေးသို့အသေးစား၊အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ လုပ်ငန်းကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်သူများအသင်း ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘဏ်များအသင်းဒုတိယဥက္ကဋ္ဌ၊နေပြည်တော်အသေးစား၊အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ တက်ရောက်ကြပြီး အကြိမ် ၂၀ မြောက် အာဆီယံအသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများပူးပေါင်းဆောင်ရွက်ရေးကော်မတီ အလှည့်ကျဥက္ကဋ္ဌ ထိုင်းနိုင်ငံ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးဌာန လက်ထောက်ညွှန်ကြားရေးမှူးချုပ် Mr. Wittawat နှင့် အာဆီယံနိုင်ငံများမှ တာဝန်ရှိသူများက Virtual ဖြင့် တက်ရောက်ကြသည်။

ဦးစွာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် အာဆီယံနိုင်ငံများ၏ စီးပွားရေးအခြေခံအုတ်မြစ်ဖြစ်ပြီး စီးပွားရေးတိုးတက်မှုနှင့် အလုပ်အကိုင်ဖန်တီးမှုတွင် အရေးအပါဆုံးအခန်းကဏ္ဍတွင်ပါဝင်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဒစ်ဂျစ်တယ်နည်းပညာ၊ ဆန်းသစ်တီထွင်မှုနှင့် ရေရှည်တည်တံ့သောအလေ့အကျင့်များမှတစ်ဆင့် MSME များကို စွမ်းဆောင်ရည် မြှင့်တင်ပေးရေးဆိုင်ရာ အာဆီယံ၏ဘုံရည်မှန်းချက်ကို အပြည့်အဝထောက်ခံကြောင်း။

အာဆီယံအဖွဲ့ဝင် နိုင်ငံများအနေဖြင့် MSME များအတွက် ဒစ်ဂျစ်တယ်လက်ခံမှုနှင့် နည်းပညာအဆင့်မြှင့်တင်မှု၊ ဒေသတွင်းနှင့် ကမ္ဘာ့တန်ဖိုးကွင်းဆက်များတွင် ယှဉ်ပြိုင်နိုင်သော MSME များဖြစ်လာစေရန်၊ ဘဏ္ဍာရေးယန္တရားများကို လက်လှမ်းမီအသုံးပြုခွင့်ရရှိရေး၊ အားလုံးပါဝင်မှုနှင့် ရေရှည်တည်တံ့မှု၊ အာဆီယံမူဘောင်များအောက်တွင် အားလုံးပါဝင်မှုရှိသော ဈေးကွက်ပေါင်းစည်းမှု၊ MSME လုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်စွမ်းနှင့် ပြန်လည်ထူထောင်နိုင်စွမ်းအတွက် စွမ်းရည်တည်ဆောက်ခြင်းနှင့် အသိပညာဖလှယ်ခြင်း၊ အာဆီယံလုပ်ငန်းများနှင့် မူဝါဒချမှတ်သူများကို အစိမ်းရောင်အသွင်ကူးပြောင်းရန် လိုအပ်သောကျွမ်းကျင်မှုများ မြှင့်တင်ပေးခြင်းတို့နှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်အားကောင်းစေရန် စုပေါင်းအားဖြင့် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် တီထွင်ဆန်းသစ်မှုအားကောင်းသည့် MSME များ ပေါ်ထွန်းလာရေး၊ ရေရှည်တည်တံ့သည့် MSME ဝန်းကျင်တစ်ခုဖြစ်ပေါ်လာရေး ဆောင်ရွက်လျက်ရှိသည့် အာဆီယံ၏ ဦးဆောင်ဦးရွက်ပြုမှုများကိုအမြဲထောက်ခံအားပေးကြောင်း၊ ထို့ပြင် မိတ်ဖက်ဆက်ဆံရေးများ၊ အသိပညာမျှဝေခြင်းများနှင့် ဒေသတွင်းစည်းလုံးညီညွတ်မှုတို့မှတစ်ဆင့် MSME များသည် တန်းတူညီမျှပြီး ရေရှည်တည်တံ့သောတိုးတက်မှုအတွက် စွမ်းအားပြည့်နေသောအင်ဂျင်များအဖြစ် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးဌာန လက်ထောက်ညွှန်ကြားရေးမှူးချုပ်က ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုပိုမိုခိုင်မာအားကောင်းစေရေးအတွက် ကော်မတီဝင်အားလုံး MSMEများ ရင်းနှီးမြှုပ်နှံမှုရရှိရေး၊ အားလုံးပါဝင်လုပ်ကိုင်နိုင်သည့် စီးပွားရေးဝန်းကျင်ကောင်းဖန်တီးပေးနိုင်ရေး၊အမျိုးသမီးစွန့်ဦးတီထွင်လုပ်ငန်းရှင်များ၏ အခန်းကဏ္ဍတို့ကို မြှင့်တင်ပေးနိုင်ရေးအတွက် ယခုနှစ်အတွင်း ဆန်းစစ်မှုပြုလုပ်ရန် ကတိကဝတ် ပြုထားခဲ့ကြပြီးဖြစ်ကြောင်း၊ ၂၀၃၀ ပြည့်နှစ် ဆန်းစစ်မှုအဖြစ် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုနှင့် အနာဂတ်တွင် MSME များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးကို ပူးပေါင်းပါဝင်မြှင့်တင်သွားနိုင်ရေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယနေ့အစည်းအဝေးတွင် ၂၀၂၅ ဆန်းစစ်မှုကို ပြန်လည်သုံးသပ်ခြင်းနှင့် ၂၀၃၀ ကို ပြန်လည်သုံးသပ်ခြင်းအကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်ချက်များကို အမြင်ချင်းဖလှယ်သွားကြရန်နှင့်အာဆီယံဆိုင်ရာအသင်းအဖွဲ့များ၊ မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဖော်ဆောင်နိုင်ရေးဆိုင်ရာကိစ္စရပ်များကို အလေးထားဆွေးနွေးသွားကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ၌ MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် Video Clip ကိုပြသပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ညနေပိုင်းတွင် အကြိမ် ၂၀ မြောက် အာဆီယံအသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ(ACCMSME) အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၏ ဂုဏ်ပြုညစာစားပွဲကို Park Royal ဟိုတယ်၌ကျင်းပခဲ့ကြောင်းနှင့် အဆိုပါ အကြိမ် ၂၀ မြောက် အာဆီယံ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (ACCMSME) အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို လေးရက်ကြာကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အာရှအမျိုးသမီးချန်ပီယံလိဂ်ဖလား အုပ်စု(ဂ)ပွဲစဉ်ကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၁၀

၂၀၂၅- ၂၀၂၆ ခုနှစ် အာရှအမျိုးသမီးချန်ပီယံလိဂ်ဖလား အုပ်စု(ဂ)ပွဲစဉ်များကို ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် နိုဝင်ဘာ ၉ ရက်မှ ၁၅ ရက်ထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပလျက်ရှိရာ နိုဝင်ဘာ ၁၂ ရက် ညနေ ၃ နာရီတွင် မြန်မာအမျိုးသမီးကလပ်အား/ကာသိပ္ပံ(ISPE)အသင်းနှင့် ဂျပန်ကလပ် တိုကျိုဗာဒီဗီလီဇီကလပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့မွန်းလွဲ ၂နာရီ ၄၅ မိနစ်မှစတင်၍ MRTV HD Channel၊ MRTV Entertainment Channelနှင့် မြန်မာ့အသံရေဒီယို၊ MRTV App၊ MRTV Radio App အပါအဝင် Online Media တို့မှလည်း တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။ **(သတင်းစဉ်)**

# ဒီမိုကရက်တစ်အင်အားစုလေဘာပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၁၀

ဒီမိုကရက်တစ်အင်အားစုလေဘာပါတီ အထွေထွေအတွင်းရေးမှူး ဦးဝင်းမြင့်မောင်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၁၀ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-



**ဦးဝင်းမြင့်မောင် (အထွေထွေအတွင်းရေးမှူး ဒီမိုကရက်တစ်အင်အားစုလေဘာပါတီ)**

လေးစားအပ်ပါသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြပါသော ရဟန်းရှင်လူ မိဘလုပ်သားပြည်သူအပေါင်းတို့ ခင်ဗျာ။

ကျွန်တော်တို့ ဒီမိုကရက်တစ်အင်အားစုလေဘာပါတီ မန္တလေးတိုင်းဒေသကြီးအခြေစိုက်ပါတီမှ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။

ကျွန်တော်ကတော့ ဒီမိုကရက်တစ်အင်အားစုလေဘာပါတီမှ အထွေထွေအတွင်းရေးမှူး ဦးဝင်းမြင့်မောင် ဖြစ်ပါတယ်ဆိုတာ မိတ်ဆက်ပါရစေ။ ကျွန်တော်တို့ပါတီအနေဖြင့် ပါတီ၏ရှေ့လုပ်ငန်းစဉ်၊ တိုင်းပြည်နှင့်လူမျိုးအပေါ် တာဝန်ဝတ္တရားအသီးသီးရှိကဏ္ဍအလိုက် ဖော်ဆောင်ပေးမည့်တာဝန်များကို တင်ပြဟောပြောသွားမှာဖြစ်ပါတယ်။

နံပါတ်(၁)အနေနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းနေထိုင်သည့် ပြည်ထောင်စုသားတိုင်း လူမျိုး ကျား၊ မနေထိုင်ရာ ဆင်းရဲချမ်းသာမရွေး နိုင်ငံရေးလွတ်လပ်ခွင့်အပြည့်အဝရရှိရေးဖြစ်ပါတယ်။

နံပါတ် (၂) လူမှုရေးလွတ်လပ်ခွင့်နှင့် ဒီမိုကရေစီလူ့အခွင့်အရေးတန်းတူညီမျှထွန်းကားစေရေးအား မြန်မာနိုင်ငံတွင် ထွန်းကားလာစေရန် လုပ်ဆောင်သွားမှာဖြစ်ပါတယ်။

နံပါတ်(၃)မြန်မာပြည်သူပြည်သားအားလုံးသည် ဥပဒေနှင့်အညီ လှုပ်ရှားမှုကဏ္ဍအသီးသီး ပါဝင်ဆောင်ရွက်နိုင်ရေး။

နံပါတ်(၄)ပါတီ၏လုပ်ငန်းစဉ်တိုင်း အဓိကဖော်ဆောင်နိုင်ရန် လိုအပ်သောရန်ပုံငွေ ရရှိဖော်ဆောင်သွားမှာဖြစ်ပါတယ်။

နံပါတ်(၅)ပါတီ၏ အဆင့်အားလုံးတွင် တိုင်းရင်းသား အမျိုးသား၊ အမျိုးသမီးအားလုံး တန်းတူပါဝင်ဆောင်ရွက်ရေးကို တည်ဆောက်သွားမှာဖြစ်ပါတယ်။

နံပါတ်(၆)ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်သော လူမျိုးစုအချင်းချင်းလေးစားမှု၊ ယုံကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှုများ အားကောင်းလာစေရန် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နံပါတ်(၇)ဒီမိုကရက်တစ်အင်အားစုလေဘာပါတီ ပါတီဝင်များ၏ သစ္စာအဓိဋ္ဌာန်မှာ -

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တိုင်းရင်းသားပြည်သူများအပေါ် သစ္စာစောင့်သိပါမည်။

(၂) ပါတီဝင်အချင်းချင်းသစ္စာရှိပါမည်။

(၃) ပါတီ၏တာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ပါမည်။

(၄) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ပြည်သူလူထု၏အကျိုးစီးပွားကိုအစဉ်အမြဲကာကွယ်စောင့်ရှောက်ပါမည်။

ပါတီ၏သစ္စာလေးချက်အား ဦးထိပ်ပန်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နံပါတ် (၈)ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာတိုးတက်ရေးဖြစ်သည့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊ ဒီမိုကရေစီ အရေး၊ငြိမ်းချမ်းရေးအချက်ကျသည့်လုပ်ငန်းစဉ်များကို အလေးအနက်ထား၍အောင်မြင်ရန်တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့်အတူ ကြိုးစားပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နံပါတ်(၉)မိမိတို့နေထိုင်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံရှိ လူမျိုးစု ၁၃၅ မျိုးရှိတဲ့ တိုင်းရင်းသားများနှင့်အတူ ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေးသည် မိမိတို့၏ပါတီတာဝန်အဖြစ် ခံယူအပ်ပါတယ်။

နံပါတ်(၁၀)ဒီမိုကရက်တစ်အင်အားစုလေဘာပါတီ ယုံကြည်သော ဒီမိုကရေစီစနစ်တွင် လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ညီမျှခြင်းဟူသော လောကပါလတရားများထွန်းကားကျင့်သုံးနိုင်ရေး၊ နိုင်ငံရေးလွတ်လပ်မှုနှင့် စီးပွားရေးလွတ်လပ်မှု၊ တရားစီရင်ရေးလွတ်လပ်မှု၊ လွတ်လပ်စွာ ဟောပြောစည်းရုံးနိုင်မှု စသည့်လွတ်လပ်မှုအခြေခံအခွင့်အရေးများကို ပြည်သူတို့အပြည့်အဝခံစားနိုင်ကြစေရန်တို့ကို ကြိုးစားလုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

**နိဂုံးချုပ်အနေဖြင့် –**

လေးစားတန်ဖိုးထားရပါသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် ရဟန်းရှင်လူ မိဘလုပ်သားပြည်သူအပေါင်းတို့နှင့် ပါတီစုံဒီမိုကရေစီ အောင်မြင်စေရန် ကြိုးစားအားထုတ်ကြသော ခေါင်းဆောင်ကြီးများအား ဒီမိုကရက်တစ်အင်အားစုလေဘာပါတီမှ ဘေးဘယာတွေ ဝေးကွာကြပြီး ချမ်းသာသုခနှစ်ဖြာပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းဆုပြုလျက်...

အားလုံးကို ကျေးဇူးအထူးတင်ပါတယ်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် အောင်မြေသာစံမြို့နယ် ညောင်ကွဲရပ်ကွက်တွင် ပြည်သူလူထုနှင့်တွေ့ဆုံ

မန္တလေး နိုဝင်ဘာ ၁၀

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့ မွန်းလွဲပိုင်းက အောင်မြေသာစံမြို့နယ် ညောင်ကွဲရပ်ကွက် အမှတ်(၃၈) အခြေခံပညာအထက်တန်း ကျောင်းဝင်းရှိ ဝင်းရတနာခန်းမတွင် ကျင်းပသည့် ပြည်သူလူထုနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မြန်မာ အီလက်ထရောနစ်မဲပေးစက်အသုံးပြုနည်းကို မဲဆန္ဒရှင်ပြည်သူများ သိရှိနားလည်စေရန် အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။



ဆက်လက်၍ ပြည်သူလူထုနှင့်တွေ့ဆုံပွဲ၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့မှု၊ အန္တရာယ်ရှိအဆောက်အအုံများကိုဖယ်ရှားရှင်းလင်းခြင်း၊ ပြန်လည်ထူထောင်တည်ဆောက်ခြင်း လုပ်ငန်းများကို အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပေးလျက်ရှိပြီး ပြည်သူများက တင်ပြလာမှုများအပေါ် ချက်ချင်းဆောင်ရွက်ပေး၍ရသည်များကို ချက်ချင်းဆောင်ရွက်ပေးနေပါကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အစိုးရ၊ ပုဂ္ဂလိကနှင့် ပြည်သူလူထုတို့၏ စည်းလုံးညီညွတ်မှုအင်အားတို့ဖြင့် ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တက်ရောက်လာသည့် ပြည်သူလူထု၏ တင်ပြချက်များအပေါ် ချက်ချင်းဆောင်ရွက်ပေး၍ရသည်များကို သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကားပြောကြားကာ တက်ရောက်လာကြသည့်ပြည်သူများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

**ထူးခြားသည့် ညအပူချိန်များ** (၁၀ - ၁၁ -၂၀၂၅)

| | | | | |
|---|---|---|---|---|
| ဟားခါး | ၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ဟုမ္မလင်း | ၁၂ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၁၄ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၁၄ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| နောင်ချို | ၁၄ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအို | ၁၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| တောင်ကြီး | ၁၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

လျှပ်စစ်မီတာခ သက်သာဖို့
LED ပစ္စည်း သုံးကြစို့။

## ၂၀၂၅ ခုနှစ် ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

**စည်းလုံးချစ်ကြည်လက်တွဲညီ ရွှေပြည်သစ်ဆီလှမ်းကြမည်။**

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

(၁၄-၁၁-၂၀၂၅)

## ၂၀၂၅ ခုနှစ် ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

☆ ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေးကို တိုင်းရင်းသားပြည်သူအားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်ဖြင့် ထိန်းသိမ်းစောင့်ရှောက်ရေး။

☆ အသိပညာ အတတ်ပညာပြည့်စုံသော လူ့စွမ်းအားအရင်းအမြစ်များဖြင့် နိုင်ငံတော်ကို တည်ဆောက်ရေး။

☆ အမျိုးသားပညာရေးကို မြှင့်တင်ခြင်းဖြင့် နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေး။

☆ အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

# မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**နေပြည်တော် နိုဝင်ဘာ ၁၀**

မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီမှ တွဲဖက်အတွင်းရေးမှူး ဦးမောင်ဝင်းလှိုင်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာလ ၁၀ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-



ဦးမောင်ဝင်းလှိုင် (တွဲဖက်အတွင်းရေးမှူး မြို့တိုင်းရင်းသား ဖွံ့ဖြိုးရေးပါတီ)

ချစ်ခင်လေးစားရပါသော မဲဆန္ဒရှင်ပြည်သူအပေါင်း ကျက်သရေမင်္ဂလာအဖြာဖြာနဲ့ပြည့်စုံခညောင်းပြီး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့အတူ လိုအင်ဆန္ဒအားလုံး တစ်လုံးတစ်ဝတည်းပြည့်ဝပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။

ကျွန်တော်ကတော့ မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးမောင်ဝင်းလှိုင်ဖြစ်ပါတယ်။ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)မှာ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်၊ မဲဆန္ဒနယ်မှ ဝင်ရောက်ယှဉ်ပြိုင်မည့် မြို့တိုင်းရင်းသား ဖွံ့ဖြိုးရေးပါတီကိုယ်စားပြု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးလည်းဖြစ်ပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား-**

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို စဉ်ဆက်မပြတ်ပြုလုပ်ကျင်းပပေးရမည့် တာဝန်မှာ နိုင်ငံတော်၏တာဝန်ဖြစ်ပါတယ်။ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲမှတစ်ဆင့် လွှတ်တော်အသီးသီးပေါ်ပေါက်လာမှာဖြစ်ပါတယ်။ လွှတ်တော်အသီးသီးမှ အစိုးရအဖွဲ့အဆင့်ဆင့်ကို မွေးဖွားပေးရမှာ ဖြစ်ပါတယ်။

အစိုးရအဖွဲ့အဆင့်ဆင့်သည် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာ စသောအာဏာ သုံးရပ်ကိုလက်ကိုင်ထားလျက် လွှတ်တော်နှင့်ထိန်းညှိပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုကိုတည်ဆောက်ရန် ဖြစ်ပါတယ်။ ဤကဲ့သို့စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တည်ဆောက်ရာတွင် တိုင်းရင်းသားလူမျိုးများနှင့်ဖွဲ့စည်းထားသော ပါတီများ၏ အခန်းကဏ္ဍသည်လည်း အလွန်အရေးကြီးပါကြောင်း တွေ့ရမှာဖြစ်ပါတယ်။ ပါတီများတည်ရှိနေမှသာ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်အောင်မြင်မြင်ကျင်းပနိုင်မှာ ဖြစ်သလို ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲရှိနေမှလည်း ပါတီများဝင်ရောက်ယှဉ်ပြိုင်ကြရမှာဖြစ်တဲ့အတွက် “ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ” အမှီသဟဲပြုနေကြတာတွေ့ရမှာဖြစ်ပါတယ်။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှ ပြည်သူရွေးချယ်တင်မြှောက်ပေးသော လွှတ်တော်ကိုယ်စားလှယ်များမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များပီသရန်လိုအပ်သလို အလုံးစုံပါဝင်ရန်လည်း လိုအပ်ပါတယ်။ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ လူငယ်ကိုယ်စားလှယ်များ၊ အမျိုးသမီးကိုယ်စားလှယ်များအပြင် တိုင်းရင်းသားလူနည်းစုကိုယ်စားလှယ်များပါဝင်ရန်လည်း အထူးလိုအပ်ပါသည်။

အသိပညာရှင်၊ အတတ်ပညာရှင်များ တိုင်းပြုပြည်ပြုဥပဒေပြုပေးနိုင်ရန်ဖြစ်သလို လူငယ်ကိုယ်စားလှယ်များ အနာဂတ်စွန့်ဦးတီထွင်လူငယ်အရေး၊ ထက်မြက်သောလူငယ်များပေါ်ထွန်းရေးအခန်းကဏ္ဍမြှင့်တင်ပေးနိုင်ရန်ဖြစ်ပါတယ်။ အမျိုးသမီးတန်းတူရေးနှင့် အမျိုးသမီးထိပ်တန်းခေါင်းဆောင်နေရာရရှိရေးအတွက် အမျိုးသမီးကိုယ်စားလှယ်တိုးမြှင့်ပါဝင်လာနိုင်ရန်လိုအပ်ပါတယ်။ အခြေခံကျသောလူ့အဖွဲ့အစည်းမှ အခြေခံကျသောဒေသများအတွက် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေးအကောင်အထည်ဖော်ခြင်း၊ တိမ်မြုပ်နေသော ရိုးရာယဉ်ကျေးမှုထုံးတမ်းစဉ်လာ၊ စာပေ၊ အနုပညာများ ထိန်းသိမ်းခြင်း၊ ဖော်ထုတ်ခြင်း၊ အကောင်အထည်ဖော်ခြင်း စသည့်ကဏ္ဍများကိုကိုင်တွယ်ဖြေရှင်းနိုင်ရန်မှာ တိုင်းရင်းသားလူနည်းစုကိုယ်စားလှယ်များသာ အဓိကအခန်းကဏ္ဍမှပါဝင်သင့်ပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်၌ တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးတည်းနှင့် တိုင်းရင်းသားလူနည်းစု အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးကို ဖြေရှင်းရန်လက်လှမ်းမမီနိုင်ကြောင်းကို သတိပြုမိပါကြောင်း ထောက်ပြလိုပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား-**

ယခုအခါ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို မဲပေးပုံစနစ်သစ်၊ ရွေးကောက်ပုံစနစ်သစ်များနှင့် စစ်မှန်ပြီးတရားမျှတသော အထွေထွေရွေးကောက်ပွဲကျင်းပမည်ဟု ထုတ်ပြန်သည်ကို သိရှိပြီးဖြစ်ပါလိမ့်မယ်။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲစနစ်ကို ယခင်ပုံစံအတိုင်း မဲအများဆုံးရသူအကုန်ယူစနစ်ဖြင့်လည်းကောင်း၊ အမျိုးသားလွှတ်တော်နှင့်တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲစနစ်တွင် မဲအများဆုံးရသူအကုန်ယူစနစ်(FPTP)နှင့် အချိုးကျကိုယ်စားပြုစနစ်(PR)ကို ယှဉ်တွဲကျင်းပပေးသွားမှာဖြစ်တဲ့အတွက် တိုင်းရင်းသားမျိုးနွယ်စုများ၏ အခန်းကဏ္ဍတစ်ဆစ်ချိုးမြင့်မားလာမည်ဟု မျှော်လင့်ရပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား-**

မြို့တိုင်းရင်းသားများအနေဖြင့် နိုင်ငံတော်အကျိုး၊ မိမိဒေသအကျိုး၊ မိမိတို့၏ရိုးရာယဉ်ကျေးမှု ထုံးတမ်းစဉ်လာ၊ စာပေ၊ အနုပညာဆင်းသက်လာပုံသမိုင်း ထိန်းသိမ်းဖော်ထုတ်စာတမ်းပြုစုနိုင်ရေးကိုရည်ရွယ်၍ ၁၉၈၈ ခုနှစ်ကတည်းက “မြို့(ခေါ်)ခမီ အမျိုးသားညီညွတ်ရေးအဖွဲ့(ပါတီ)” ကိုတည်ထောင်လျှောက်ထားခဲ့ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ၁၉၈၈ ခုနှစ် ဒီဇင်ဘာ ၂၂ ရက် ရက်စွဲဖြင့် တရားဝင်နိုင်ငံရေးပါတီတစ်ခုအဖြစ် အသိအမှတ်ပြုခဲ့ပါတယ်။ မြို့(ခေါ်)ခမီ အမျိုးသားညီညွတ်ရေးအဖွဲ့(ပါတီ)ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၇ ရက်တွင် “မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ” ဟု အမည်ပြောင်းလဲခဲ့ပါတယ်။ ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်၊ မြောက်ဦးမြို့နယ်၊ ပေါက်တောမြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ဘူးသီးတောင်မြို့နယ်များကို ကိုယ်စားပြုသောပါတီတစ်ပါတီအဖြစ် ရပ်တည်နေဆဲဖြစ်ပါတယ်။ ယခုအခါ ပါတီသက်တမ်းမှာ ၃၇ နှစ်တိုင်ခဲ့ပြီဖြစ်ပါတယ်။

ဤပါတီသည် ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် လွှတ်တော်အသီးသီး၌ ပါတီကိုယ်စားပြုပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ကျောက်တော်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးရွေးချယ်ခံခဲ့ရပါတယ်။ ၁၉၉၂ ခုနှစ် ဇွန်လတွင် သမ္မတအိမ်တော်ဝင်း(ရန်ကုန်)၌ ကျင်းပပြုလုပ်သော အမျိုးသားညီလာခံကျင်းပရေးအကြိုညှိနှိုင်းအစည်းအဝေးတွင် ပါတီဥက္ကဋ္ဌတက်ရောက်အကြံပြုနိုင်ခဲ့ပါတယ်။ ဤပါတီမှ ၁၉၉၃ ခုနှစ်တွင် စတင်ကျင်းပသည့် အမျိုးသားညီလာခံကြီးတွင် ပါတီကိုယ်စားပြု ငါးဦးတက်ရောက်ခဲ့ပြီး ညီလာခံပြီးဆုံးသည့်တိုင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အုတ်တစ်ချပ်သဲတစ်ပွင့်ပါဝင်ခဲ့ပါတယ်။ စိန်ခေါ်မှုများကိုရင်ဆိုင်ကျော်ဖြတ်ရင်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးလုပ်ငန်းများ၊ အေးချမ်းသာယာရေးလုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် အားတက်သရောပါဝင်ခဲ့ပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား –**

ဤပါတီအနေဖြင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက် ကျင်းပပြုလုပ်မည့် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် စစ်တွေမဲဆန္ဒနယ်မှ ပါတီကိုယ်စားပြု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၊ ရခိုင်ပြည်နယ် မဲအများဆုံးရသူအကုန်ယူစနစ်(FPTP) စစ်တွေမဲဆန္ဒနယ်တွင်တစ်နေရာ၊ အချိုးကျကိုယ်စားပြုစနစ်(PR)တွင် နှစ်နေရာပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။

မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ၏ ပါတီအမှတ်တံဆိပ်မှာ “ငှက်တော်” ဖြစ်ပါတယ်။ “ငှက်တော်”ငှက်ကို ပါတီအမှတ်တံဆိပ်အဖြစ် ရွေးချယ်ရခြင်းမှာ မြို့တိုင်းရင်းသားများ၏ ရှေးရိုးရာပုံပြင်အရ “ငှက်တော်”ငှက်သည် ဘေးအန္တရာယ်ကင်းရှင်းခြင်း၊ ခေါင်းဆောင်မှုပေးနိုင်ခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ ရိုးသားခြင်း၊ သစ္စာရှိခြင်း၊ သီလ သိက္ခာ သမာဓိနှင့်ပြည့်စုံခြင်းများကို ဖော်ညွှန်းပါတယ်။

မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ၏ဆောင်ပုဒ်မှာ“တိုင်းရင်းသားအားလုံးနှင့်ချစ်ခင်ရင်းနှီးစွာ အတူယှဉ်တွဲနေထိုင်ရေး- ဒို့အရေး” ဖြစ်ပါတယ်။

ချစ်ခင်လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူအပေါင်း အေးချမ်းစွာ “မဲ”ပေးနိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။

အားလုံးကိုကျေးဇူးတင်ပါတယ်

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ မိဘပြည်သူများသို့ အသိပေးပြောကြားချက်

အားလုံးမင်္ဂလာပါခင်ဗျာ။ ဒီနေ့မှာတော့ ကျွန်တော်တို့နိုင်ငံမှာ မကြာမီကျင်းပတော့မယ့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနဲ့ပတ်သက်ပြီး မိဘပြည်သူများကို အသိပေးပြောကြားလိုတာများကို အသိပေးပြောကြားသွားမှာဖြစ်ပါတယ်။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲရဲ့ ရွေးကောက်ပွဲအပိုင်း(၁)ကို အခုလာမယ့် ဒီဇင်ဘာ ၂၈ ရက်မှာ စတင်ကျင်းပမှာဖြစ်ပါတယ်။မိဘပြည်သူများလည်း အားလုံး သိရှိပြီးဖြစ်ပါတယ်။ ဒီနေ့ဆိုရင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပဖို့ ရက်ပေါင်း ၄၈ ရက်သာ လိုတော့တာဖြစ်ပါတယ်။ ရွေးကောက်ပွဲအပိုင်း(၂)ကိုလည်း ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်မှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီလိုပဲရွေးကောက်ပွဲအပိုင်း(၃)ကိုလည်း ရွေးကောက်ပွဲအပိုင်း(၂)ရဲ့ နှစ်ပတ်ခြားအကြာမှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး တချို့မလိုလားသူတွေက မိဘပြည်သူများ ထင်ယောင်ထင်မှားဖြစ်အောင် အမျိုးမျိုးပြောဆိုနေကြတာတွေ၊ သွေးထိုးလှုံ့ဆော်ပေးနေတာကိုလည်း တွေ့ရှိနေရပါတယ်။ဒါတွေနဲ့ ပတ်သက်ပြီး ပြည်သူများအသိအမြင်ရှင်းလင်းစေဖို့အတွက် ကျွန်တော်ပြောကြားသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ နိုင်ငံမှာ ကိုယ့်ထီးကိုယ်နန်းနဲ့ နေထိုင်ခဲ့ရပြီး ဘုရင်စနစ်ကိုကျင့်သုံးခဲ့တဲ့အတွက် ရွေးကောက်ပွဲဆိုတာ မရှိခဲ့ပါဘူး။ ဒါပေမဲ့ ကိုလိုနီခေတ်မှာတော့ မြန်မာနိုင်ငံသားတွေရဲ့ နိုင်ငံရေးအသိအမြင် တိုးတက်ပြောင်းလဲလာမှုနဲ့အတူ နယ်ချဲ့အင်္ဂလိပ်အစိုးရဟာ အုပ်ချုပ်ရေးစနစ်တွေကို တိုးမြှင့်ပြောင်းလဲပေးခဲ့ရပါတယ်။ ၁၉၂၀ ပြည့်နှစ်မှာ ဂျီစီဘီအေအသင်းကြီး ပေါ်ပေါက်လာပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့် (Home Rule)ကို တောင်းဆိုခဲ့ပါတယ်။ နယ်ချဲ့အင်္ဂလိပ်အစိုးရဟာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို တိုးမြှင့်မပေးဘဲ ဒိုင်အာခီ(Dyarchy)လို့ခေါ်တဲ့ နှစ်ဦးနှစ်ဖွဲ့အုပ်ချုပ်ရေးကို တိုးမြှင့်ဖော်ဆောင်ပေးခဲ့ပါတယ်။ ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ကို အကောင်အထည်ဖော်တဲ့အခါ ဥပဒေပြုကောင်စီအတွက် ရွေးကောက်ပွဲကို ၁၉၂၂ ခုနှစ် နိုဝင်ဘာ ၂၁ ရက်မှာ ကျင်းပပေးခဲ့ပါတယ်။ ဒီရွေးကောက်ပွဲဟာ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ပထမဆုံးသော ရွေးကောက်ပွဲဖြစ်တယ်ဆိုတာ သမိုင်းမှတ်တမ်းတွေအရလေ့လာတွေ့ရှိရပါတယ်။

မြန်မာနိုင်ငံမှာကျင်းပခဲ့တဲ့ ရွေးကောက်ပွဲတွေကို ပြန်ပြီးလေ့လာကြည့်ရင် ၁၉၂၂ ခုနှစ်ကနေ ၁၉၄၇ ခုနှစ်ထိ ရွေးကောက်ပွဲ ခြောက်ကြိမ်၊ ပါလီမန်ခေတ်(၁၉၄၈ ခုနှစ်ကနေ ၁၉၆၂ ခုနှစ်)မှာ ရွေးကောက်ပွဲ သုံးကြိမ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်(၁၉၆၂ ခုနှစ်ကနေ ၁၉၈၈ ခုနှစ်)မှာ ရွေးကောက်ပွဲ လေးကြိမ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(၁၉၈၈-၂၀၁၀)မှာ ရွေးကောက်ပွဲ တစ်ကြိမ်၊ ဒီမိုကရေစီခေတ်(၂၀၁၀ ကနေ ယနေ့အထိ) ရွေးကောက်ပွဲ ခြောက်ကြိမ်၊ အဲ့ဒီမှာတော့ ရွေးကောက်ပွဲသုံးကြိမ်နဲ့ ကြားဖြတ်ရွေးကောက်ပွဲ သုံးကြိမ်တို့ ဖြစ်ပါတယ်။ ဒါတွေဟာ ကျွန်တော်တို့နိုင်ငံသူ၊ နိုင်ငံသားတွေဟာ ရွေးကောက်ပွဲ မဲရွေးချယ်မှုစနစ်နဲ့ မစိမ်းဘူး၊ နီးစပ်မှုရှိတာကို ပေါ်လွင်စေပါတယ်။ နိုင်ငံတော်အစိုးရတွေက ရွေးကောက်ပွဲကို ကျင်းပပေးခဲ့ပြီး ခေတ်အဆက်ဆက်က နိုင်ငံသားတွေကလည်း မိမိတို့ရဲ့အခွင့်အရေးကို အမိအရအသုံးချပြီး မဲပေးရွေးချယ်မှုတွေကို ဆောင်ရွက်ခဲ့ကြတာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ပြည်သူလူထု လိုလားတောင့်တတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နဲ့အညီ အကောင်အထည်ဖော်နေတာဖြစ်ပါတယ်။ ပါတီစုံဒီမိုကရေစီစနစ်အတွက် ပထမအကြိမ်ရွေးကောက်ပွဲကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာ ၇ ရက်မှာ ကျင်းပခဲ့ပြီး ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၃၁ ရက်မှာ ပထမအကြိမ် လွှတ်တော်အစည်းအဝေးကို ကျင်းပနိုင်ခဲ့ပါတယ်။ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကိုတော့ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်မှာ ကျင်းပခဲ့တယ်။ ဒုတိယအကြိမ်လွှတ်တော်အစည်းအဝေးကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှာ ကျင်းပခဲ့တာဖြစ်ပါတယ်။ တတိယအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကိုတော့ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်မှာ ကျင်းပခဲ့ပါတယ်။ အဲ့ဒီရွေးကောက်ပွဲမှာ မဲမသမာမှုများစွာ ဖြစ်ပွားခဲ့ပါတယ်။ အဲဒီတုန်းက ရွေးကောက်ပွဲကော်မရှင်ရဲ့ တရားဝင်ထုတ်ပြန်ချက်အရ မဲပေးပိုင်ခွင့်ရှိသူဟာ ၃၈ သန်းခန့်ရှိပါတယ်။ မဲမသမာမှုဖြစ်နိုင်ကြောင်းတွေ့ရှိခဲ့တဲ့ အရေအတွက်ကတော့ ၁၀ ဒသမ ၄ သန်းခန့် ဖြစ်ပါတယ်။ တစ်ထောင်လည်း မဟုတ်သလို တစ်သောင်းလည်းမဟုတ်ပါဘူး။ ဒီလိုပဲ တစ်သိန်းလည်း မဟုတ်သလို တစ်သန်းလည်းမဟုတ်ပါဘူး၊ ဆယ်သန်းကျော်ဖြစ်ပါတယ်။ ဒါဟာမဲပေးပိုင်ခွင့်ရှိတဲ့သူတွေရဲ့ လေးပုံတစ်ပုံခန့်ဖြစ်ပါတယ်။ ဒီမဲမသမာမှုတွေအတွက် နိုင်ငံရေးပါတီတွေနဲ့တပ်မတော်ဟာ ပထမအဆင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ဥပဒေလုပ်ထုံးလုပ်နည်းတွေနဲ့အညီ ဖြေရှင်းပေးဖို့ပြောခဲ့ပါတယ်။ ဒါကိုငြင်းဆန်တဲ့အတွက် ဒုတိယအဆင့် ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေးခေါ်ပေးဖို့ နည်းစနစ်တကျတောင်းဆိုတာကိုလည်း ထပ်မံငြင်းဆန်ခဲ့ပါတယ်။ တတိယအဆင့်အစိုးရ၊



ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တစ်ခုခုက နည်းလမ်းရှာဖြေရှင်းပေးဖို့ ထပ်မံတောင်းဆိုတာလည်း ငြင်းဆန်ခဲ့ပါတယ်။ ဒီအဆင့်တွေအားလုံးပြီးတော့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးခေါ်ပေးဖို့ နှစ်ကြိမ်တိုင်တိုင်တောင်းဆိုခဲ့တာမှာလည်း ဖြေရှင်းဆောင်ရွက်ပေးခဲ့ခြင်းမရှိပါဘူး။ ဒီလိုဖြေရှင်းမပေးဘဲ တတိယအကြိမ် လွှတ်တော်ခေါ်ယူကျင်းပပြီး အစိုးရဖွဲ့ဖို့ အတင်းအဓမ္မဆောင်ရွက်ခဲ့တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှာ တပ်မတော်က နိုင်ငံတော်ရဲ့တာဝန်အရပ်ရပ်ကို ရယူခဲ့ရတာဖြစ်ပါတယ်။ ဒါတွေ ဘာကြောင့်ပြန်ပြောနေရသလဲဆိုတော့ ဒီဖြစ်စဉ်တွေမှာ ဘယ်သူတွေကဥပဒေနဲ့အညီ တရားနည်းလမ်းတကျတောင်းဆိုခဲ့တယ်၊ ဘယ်သူတွေက ဥပဒေကို လျစ်လျူရှုမျက်ကွယ်ပြုခဲ့သလဲဆိုတာကို သမိုင်းကျေစေချင်လို့ ပြန်လည်ပြောပေးရခြင်းဖြစ်ပါတယ်။ ဒီဖြစ်စဉ်တွေမှာ ကျွန်တော်ကိုယ်တိုင်လည်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့အနေနဲ့ သတင်းစာရှင်းလင်းပွဲတွေအကြိမ်ကြိမ်ပြုလုပ်ခဲ့တယ်။ နိုင်ငံတကာမီဒီယာတွေရဲ့ ရှေ့မှာပဲ အထောက်အထားခိုင်လုံစွာနဲ့ ပြောပြခဲ့တယ်။ အထောက်အထားခိုင်လုံစွာနဲ့ သက်သေပြခဲ့ပြီးဖြစ်ပါတယ်။ မဲမသမာမှုဖြစ်ခဲ့တာကို တရားနည်းလမ်းတကျဖြေရှင်းမပေးဘဲ နိုင်ငံတော်အာဏာကို အဓမ္မနည်းနဲ့ ရယူဖို့ကြိုးစားခဲ့တဲ့ NLDအစိုးရနဲ့ သူတို့ဖွဲ့စည်း ပေးထားတဲ့ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့ကသာ ပြည်သူလူထုတစ်ရပ်လုံးနဲ့ နိုင်ငံတော်ရဲ့ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်လျှောက်လှမ်းမှုကို ရည်ရွယ်ချက်ရှိရှိ ဖျက်ဆီးခဲ့ခြင်းသာဖြစ်ပါတယ်။ ပြည်သူတွေလိုလားတောင့်တခဲ့တဲ့၊ ဒီလိုဖျက်ဆီးခံရတဲ့ ပါတီစုံဒီမိုကရေစနစ်ကို ကျွန်တော်တို့က နည်းစနစ်ကျစွာ ပြန်လည်တည်ဆောက်ပေးနေခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ကျင့်သုံးတဲ့ ဒီမိုကရေစီစနစ်အရ မိမိကိုယ်စားဆောင်ရွက်မယ့်လွှတ်တော်ကိုယ်စားလှယ်တွေကိုပြည်သူလူထုကရွေးကောက်တင်မြှောက်ပေးရတာဖြစ်ပါတယ်။ ယခုကျင်းပမယ့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာ မဲပေးပိုင်ခွင့်ရှိတဲ့ နိုင်ငံသားတိုင်းကိုလည်း မဲပေးကြပါလို့ အလေးအနက်ထား တိုက်တွန်းပြောကြားလိုပါတယ်။ ဘာလို့လဲဆိုတော့ ရွေးကောက်ပွဲဆိုတာ ပြည်သူ့အသံကို နားထောင်၊ ပြည်သူတွေရဲ့ကောင်းကျိုးဆန္ဒကို ဖြည့်ဆည်းပေးနိုင်တဲ့ အမြန်ဆုံးသော ယန္တရားစနစ်တစ်ခုဖြစ်ပါတယ်။ ကျွန်တော်ထပ်ပြောပါမယ်။ ရွေးကောက်ပွဲဆိုတာ ပြည်သူ့အသံကို နားထောင်၊ ပြည်သူတွေရဲ့ကောင်းကျိုးဆန္ဒကို ဖြည့်ဆည်းပေးနိုင်တဲ့ အမြန်ဆုံးသော ယန္တရားစနစ်တစ်ခုဖြစ်ပါတယ်။ ဒီရွေးကောက်ပွဲမှာ ပြည်သူလူထုအနေနဲ့ ကိုယ်နဲ့အမြင်တူတဲ့သူတွေ၊ ကိုယ်ဖြစ်လိုတဲ့ဆန္ဒကိုထပ်တူ သို့မဟုတ် အနီးစပ်ဆုံးဖြည့်ဆည်းပေးနိုင်တဲ့သူတွေ၊ နိုင်ငံတော်ရဲ့အကျိုးစီးပွား၊ ပြည်သူလူထုရဲ့ အကျိုးစီးပွားကို ကိုယ်စားပြုဖော်ဆောင်ပေးနိုင်တဲ့သူတွေကို ကိုယ်တိုင်ရှာဖွေရွေးချယ်ခွင့်ရရှိမှာဖြစ်ပါတယ်။ ကိုယ်ရွေးချယ်ပေးလိုက်တဲ့ ရွေးကောက်ခံကိုယ်စားလှယ်ဟာ ကိုယ့်အပေါ်၊ ကိုယ့်ဒေသအပေါ် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ရှိနေစေဖို့ စောင့်ကြည့်ထိန်းသိမ်းနိုင်မှာ ဖြစ်ပါတယ်။ ရွေးကောက်ပွဲမှာ မဲပေးသူများလေလေ ရွေးကောက်ခံကိုယ်စားလှယ်တစ်ဦးဟာ ပိုပြီးတာဝန်ရှိလေလေဖြစ်ပါတယ်။ ကိုယ်ဖြစ်ချင်တာ၊ ကိုယ်လိုအပ်တာကအစပြုလို့ ကိုယ့်ပတ်ဝန်းကျင်၊ ကိုယ့်မြို့၊ ကိုယ့်ရွာ၊ ကိုယ့်ဒေသတိုးတက်ဖွံ့ဖြိုးရေး ကောင်းကျိုးလိုရာဆန္ဒတွေ၊ ဖြစ်သင့်ဖြစ်ထိုက်တဲ့ဆန္ဒတွေကို ကိုယ်ရွေးချယ်ထားတဲ့ ကိုယ်စားလှယ်ကတစ်ဆင့် အစိုးရဆီကိုတောင်းဆိုနိုင်ခွင့် ရရှိမှာဖြစ်ပါတယ်။ ဒီအခွင့်အရေးကို မိဘပြည်သူအားလုံးက လက်လွှတ်ဆုံးရှုံးမခံကြဖို့လည်း ပြောလိုပါတယ်။ ဒီနေရာမှာ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး၊ နိုင်ငံတကာအသိအမှတ်ပြုမှုဆိုတာနဲ့ပတ်သက်ပြီး ကျွန်တော်ပြောလိုပါတယ်။

၂၀၂၄ ခုနှစ်က ကမ္ဘာတစ်ဝန်းမှာကျင်းပခဲ့တဲ့ ရွေးကောက်ပွဲများမှာ တည်ဆဲအစိုးရတွေအပေါ် နိုင်ငံတကာကဝင်ရောက်စွက်ဖက်မှုတွေ ပါဝင်တဲ့ အတင်းအကျပ်ပြုလုပ်မှုဖြစ်စဉ်များကိုလည်း ကျွန်တော်တို့ တွေ့မြင်နိုင်ပါတယ်။ နိုင်ငံတကာဒီမိုကရေစီနဲ့ ရွေးကောက်ပွဲအထောက်အကူပြုအဖွဲ့ရဲ့ ဝက်ဘ်ဆိုက်မှာ ရွေးကောက်ပွဲဆိုင်ရာ နှစ်စဉ်အစီရင်ခံစာအရ ကမ္ဘာတစ်ဝန်းလုံးမှာ ကျင်းပပြုလုပ်ခဲ့တဲ့ရွေးကောက်ပွဲ ၇၄ခု အနက် ၂၂ ခုသာ တည်ငြိမ်စွာကျင်းပနိုင်ခဲ့တာကိုတွေ့ရပါတယ်။ ကျန်တဲ့ရွေးကောက်ပွဲတွေမှာတော့ သပိတ်မှောက်တာတွေ၊ ရလဒ်အငြင်းပွားတာတွေ၊ ဆန္ဒပြတာတွေနဲ့ အကြမ်းဖက်မှုတချို့တောင်မှ ဖြစ်ပွားခဲ့ပါတယ်။ နိုင်ငံတကာရဲ့ဝေဖန်မှု၊ ဝင်ရောက်စွက်ဖက်မှုတွေကိုလည်း တွေ့ရပါတယ်။ ရွေးကောက်ပွဲတစ်ခုကို သမာသမတ်ရှိစွာ ကျင်းပနိုင်ခြင်းဟာ သက်ဆိုင်ရာနိုင်ငံများရဲ့ နိုင်ငံရေးရေချိန်နဲ့သာ သက်ဆိုင်ပြီး ကမ္ဘာတစ်ဝန်းလုံးမှာရှိတဲ့ ဒီမိုကရေစီရင့်သန်ပါတယ်ဆိုတဲ့ နိုင်ငံများတောင်မှ ရွေးကောက်ပွဲဆိုင်ရာရလဒ်များနဲ့ပတ်သက်ပြီး ဝေဖန်ခံရမှု၊ စိန်ခေါ်မှုများနဲ့ ရင်ဆိုင်ရလေ့ရှိတတ်ကြပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ သမိုင်းကြောင်းအရဖြစ်စေ၊ နိုင်ငံရေးမှုအရဖြစ်စေ အချုပ်အခြာအာဏာပိုင်ပြီး လွတ်လပ်တဲ့နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ အချုပ်အခြာအာဏာဟာ မြန်မာနိုင်ငံသားများထံမှဆင်းသက်ပြီး မြန်မာနိုင်ငံတော်တစ်ဝန်းလုံးမှာ တည်ပါတယ်။ ပြီးတော့ နိုင်ငံတော်ရဲ့ နိုင်ငံခြားရေးမူဝါဒဟာ လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်တဲ့ဝါဒကို ကျင့်သုံးနေတာဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ဘယ်တုန်းကမှ၊ နောင်လည်း ဘယ်တော့မှသူများတိုင်းပြည်ရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှာ မဟုတ်ပါဘူး။ ဒီလိုပါပဲ ကျွန်တော်တို့နိုင်ငံရဲ့ ပြည်တွင်းရေး၊ ကိုယ့်နိုင်ငံ၊ ကိုယ့်သမိုင်းကြောင်းနဲ့အညီ ဆောင်ရွက်ကြရတဲ့ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွေဟာ ကျွန်တော်တို့နိုင်ငံရဲ့ ပြည်တွင်းရေးသက်သက်၊ ကျွန်တော်တို့နိုင်ငံ ပြည်သူတွေရဲ့ အရေးသက်သက်သာဖြစ်ပါတယ်။ တိုင်းတစ်ပါးနိုင်ငံများရဲ့ ဩဇာအာဏာနဲ့ မည်သည့်ဝင်ရောက်စွက်ဖက်မှုကိုမှ ကျွန်တော်တို့နိုင်ငံရဲ့ ရွေးကောက်ပွဲအောင်မြင်အောင်ကျင်းပရေးခရီးလမ်းကို ပျက်ပြားအောင်၊ ပြောင်းလဲအောင် လုပ်လို့မရဘူးဆိုတာ ရှင်းရှင်းလင်းလင်း ပြောကြားလိုပါတယ်။ ကျွန်တော်တို့ဟာ မြန်မာနိုင်ငံသားတွေဖြစ်ပါတယ်၊ မြန်မာနိုင်ငံသားတွေရဲ့ အနာဂတ်ကို မြန်မာနိုင်ငံသားတွေကပဲ ဖန်တီးပိုင်ခွင့်ရှိပါတယ်။ မြန်မာ့အရေးကို ရွေးကောက်ပွဲမဲပေးတဲ့ ကျွန်တော်တို့နိုင်ငံသားတွေကပဲ အသိအမှတ်ပြုဆုံးဖြတ်ရပါမယ်။ ဒါဆိုရင်လုံလောက်နေပြီဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ လွတ်လပ်ပြီးတရားမျှတတဲ့ အထွေထွေရွေးကောက်ပွဲကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကဦးဆောင်ပြီး ကျင်းပပေးသွားမှာဖြစ်ပါတယ်။ အခုကျင်းပမယ့်ရွေးကောက်ပွဲမှာ နိုင်ငံရေးပါတီပေါင်း ၅၇ ပါတီနဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း ၉၅ ဦးတို့ စုစုပေါင်းကိုယ်စားလှယ်လောင်း ဦးရေ ၅၀၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။ အခုကျင်းပတဲ့ရွေးကောက်ပွဲမှာ တိုင်းရင်းသားများနဲ့ လူထုလူတန်းစားအလွှာများကို ကိုယ်စားပြုတဲ့သူတွေ လွှတ်တော်ထဲမှာ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာစေဖို့အတွက်ပြည်သူ့လွှတ်တော်ကို FPTPစနစ်၊ အမျိုးသားလွှတ်တော်နဲ့ တိုင်းဒေသကြီး၊ပြည်နယ်လွှတ်တော်ကို ရောနှောထားတဲ့ကိုယ်စားလှယ်အချိုးကျစနစ်(MMP)တို့ကို အသုံးပြုဆောင်ရွက်သွားမှာဖြစ်တယ်။ မြန်မာနိုင်ငံရဲ့ ရွေးကောက်ပွဲအပေါ် ကွဲပြားခြားနားတဲ့ နိုင်ငံတကာတုံ့ပြန်မှုများရှိနေသော်လည်း မိတ်ဖက်နိုင်ငံများရဲ့ ထောက်ခံမှုများကတော့ အခိုင်အမာ ရရှိထားပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ရွေးကောက်ပွဲလုပ်ငန်းစဉ်များကိုလည်း အားလုံးကအသိအမှတ်ပြုပြီးဖြစ်ပါတယ်။ ကိုယ့်နိုင်ငံရဲ့ ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို လိပ်ပြာလုံစွာဆောင်ရွက်ထားတဲ့အတွက် မြန်မာနိုင်ငံရဲ့ မိတ်ဖက်နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အခြားနိုင်ငံများကိုပါ ကျွန်တော်တို့ရဲ့ ပွင့်လင်းမြင်သာတဲ့ရွေးကောက်ပွဲလုပ်ငန်းစဉ်တွေကို လာရောက်ကြည့်ရှုလေ့လာဖို့ ဖိတ်ခေါ်ထားပြီးဖြစ်ပါတယ်။ ထို့အတူပဲ ပြည်တွင်းပြည်ပ နိုင်ငံတကာမီဒီယာများကိုလည်း ဖိတ်ခေါ်ထားပြီးဖြစ်ပါတယ်။ မဲမသမာမှုများ မရှိစေဖို့ ခေတ်မီနည်းပညာသုံး MEVM စက်များကိုလည်း အသုံးပြုထားတာဖြစ်ပါတယ်။ ဒ့ါကြောင့် ရွေးကောက်ပွဲက ထွက်ပေါ်လာတဲ့ လွှတ်တော်ဟာ ဂုဏ်သိက္ခာရှိတဲ့ လွှတ်တော်တစ်ရပ်ဖြစ်ကြောင်း ကမ္ဘာကိုချပြနိုင်မှာ ဖြစ်ပါတယ်။

စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာပြီး ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးဆိုတဲ့ နိုင်ငံရေး ရည်မှန်းချက်အရွေ့တစ်ခုဟာ အစိုးရ၊ ပြည်သူ၊ တပ်မတော်၊ သက်ဆိုင်ရာအဖွဲ့အစည်းများ ပြိုင်တူဝိုင်းပြီး တွန်းကြရင်ဖြင့် ပန်းတိုင်ကိုမှန်မှန်နဲ့ မြန်မြန်ရောက်ရှိနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ဒီနှစ် ဒီဇင်ဘာလနဲ့ နောက်နှစ် ဇန်နဝါရီလအတွင်းမှာ ကျင်းပမယ့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး အောင်အောင်မြင်မြင်ပြီးမြောက်စေဖို့အတွက်၊ ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ပြီး ဆန္ဒမဲပေးကြပါစို့လို့ ပြောကြားလိုပါတယ်။ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ မုချအောင်မြင်ရပါမယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ဒုတိယအကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်




တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် ကျောင်းသားတစ်ဦးကို ကျောင်းဝတ်စုံနှင့်စာရေးကိရိယာများ ပေးအပ်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၀**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားနေကြသည့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ကျောင်းသား၊ ကျောင်းသူများအား ဒုတိယအကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့်အဖွဲ့ဝင်များ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ပြီး ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ ပြည်တပ်နယ်တွင်လည်း ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ဒုတိယအကြိမ် ကျောင်းဝတ်စုံနှင့်စာရေးကိရိယာများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

| | |
|---|---|
| **၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၀ ရက် ခတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)** | သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၇၀၀၀၀ ကျပ်။ **ခတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ** |

## တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၁၀**

မနက်ဖြန်မွန်းတည့်ချိန်ထိခန့်မှန်းချက်မှာ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်ကျား၊ နေပြည်တော်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ကရင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ (မိုး/ဇလ)

# မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က နေပြည်တော်ရှိ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာသို့ ငွေကျပ် သိန်း ၂၀ သွားရောက်လှူဒါန်း



ကရုဏာကမ္ဘာဘိုးဘွားရိပ်သာသို့ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၀**

နေပြည်တော်ရှိ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ၌ နားခိုလျက်ရှိကြသည့် တပ်မတော်သား အငြိမ်းစားများနှင့် မိသားစုဝင်ဘိုးဘွားများအတွက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ကရုဏာကမ္ဘာဘိုးဘွားရိပ်သာသို့ သွားရောက်၍ ငွေကျပ် သိန်း ၂၀ ပေးအပ်လှူဒါန်းကြသည်။

ထိုသို့ လှူဒါန်းရာတွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်(ငြိမ်း)က တပ်မတော်သား ဖြစ်ခဲ့သူတစ်ဦးအနေဖြင့် သက်ကြီးရွယ်အို စစ်မှုထမ်းဟောင်းများကို ယခုကဲ့သို့ စောင့်ရှောက်နေသည့် မွန်မြတ်လှသော ပရဟိတလုပ်ငန်းကြီး ဖြစ်တည်လာရခြင်းကို အလွန်ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် စွန့်လွှတ်စွန့်စားသူများ၏ ကွန်းခိုရာ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ အစွန့်ရှည်တည်မြဲရေးအတွက် နှစ်စဉ်လှူဒါန်းသွားမည်ဖြစ်ကြောင်းတို့ကို ပြောကြားသည်။

ထို့နောက် လှူဒါန်းငွေများကို မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌက ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်သိန်းထွန်း(ငြိမ်း)ထံသို့ ပေးအပ်လှူဒါန်းခဲ့ရာ တာဝန်ရှိသူများက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၃၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

**( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

**( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

**( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

**( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

**( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

**(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသ ကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

**( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

**( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

**( ဍ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

**( ဎ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

**(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

**(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

❒ KK Park နယ်မြေမှ ဆောင်ရွက်နေပြီဖြစ်သည်။

ထိုကဲ့သို့ မြဝတီမြို့ မယ်ထော်သလေး KK Park နယ်မြေတွင် အခြေပြု၍ Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်ခဲ့မှုကြောင့် ဖမ်းဆီးခံရပြီး နိုင်ငံတော်အစိုးရက သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်ဒဏ်ပေး လွှဲပြောင်းပေးအပ်မည့် ပြည်ပနိုင်ငံသားများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်-

**Gladys Muthoni**
**ကင်ညာနိုင်ငံ**



ထိုင်းနိုင်ငံမှာ ကွန်ပျူတာနဲ့ပတ်သက်တဲ့ အလုပ်လုပ်ရမယ်ဆိုပြီး Telegram နဲ့ Facebook ကနေ သူငယ်ချင်းက ဆက်သွယ်လာပါတယ်။ ဒါကြောင့် ကင်ညာနိုင်ငံကနေ အီသီယိုးပီးယားနိုင်ငံကို လေယာဉ်နဲ့လာတယ်။ အဲဒီကနေ တစ်ဆင့် ထိုင်းနိုင်ငံ ဗန်ကောက်ကို ရောက်ပါတယ်။ ဗန်ကောက်ကနေ မြန်မာနိုင်ငံထဲကို ကားနဲ့ တစ်ယောက်တည်း လာခဲ့ရပါတယ်။ မြန်မာနိုင်ငံထဲက KK Park ကိုရောက်တော့ အွန်လိုင်းလိမ်လည်မှုလုပ်ရမယ်မှန်း မသိခဲ့ပါဘူး။ ကွန်ပျူတာပိုင်းဆိုင်ရာ အလုပ်ပဲ လုပ်ရမယ်လို့ ထင်ခဲ့တယ်။ ဒီကိုရောက်တဲ့အခါကျမှ အွန်လိုင်းလိမ်လည်မှုအလုပ်ကို လုပ်ခဲ့ရပါတယ်။ တစ်နေ့ကို ၁၈ နာရီလောက် အလုပ်လုပ်ရပါတယ်။ အခုကတော့ ကျွန်မတို့ကို သက်ဆိုင်ရာသံရုံးနဲ့ ချိတ်ဆက်ပြီး ပြန်ပို့ပေးမယ်လို့ ပြောပါတယ်။

**Mary Jane a Vicente**
**ဖိလစ်ပိုင်နိုင်ငံ**



ဖိလစ်ပိုင်ကနေ ထိုင်းကို လေယာဉ်နဲ့ လာခဲ့ရပါတယ်။ ထိုင်းကနေ မြန်မာကို ရောက်ဖို့အတွက် တောင်တစ်လုံးကိုဖြတ်ကျော်ခဲ့ရတယ်။ တရုတ်လူမျိုးတစ်ယောက်က ကျွန်မအပါအဝင် ၂၇ ယောက်ကို ကားသုံးစီးနဲ့ ခေါ်လာခဲ့ပါတယ်။ ထိုင်းဘက်ကနေ ညပိုင်းမှာ မြစ်ကိုကျော်ပြီး KK Park ထဲကို ရောက်လာခဲ့ပါတယ်။ HR ရာထူးနဲ့ လစာတွေ အများကြီးပေးမယ်ဆိုပြီး ခေါ်ခဲ့တာဖြစ်ပါတယ်။ အွန်လိုင်းလိမ်လည်မှုဆိုတာကို လုံးဝမသိခဲ့ရပါဘူး။ ကျွန်မကို မြန်မာနိုင်ငံမှာ အလုပ်လုပ်ရမယ်လို့လည်း တစ်ခါမှ မပြောခဲ့ဘူး။ ထိုင်းနိုင်ငံမှာပဲ HR ရာထူးနဲ့ အလုပ်လုပ်ရမယ် ပြောခဲ့တာဖြစ်ပါတယ်။ မြန်မာနိုင်ငံဆိုတဲ့ စကားလုံးတစ်လုံးမှ မပြောခဲ့ပါဘူး။ ဒါပေမဲ့ ကျွန်မ မြန်မာနိုင်ငံကို ရောက်လာခဲ့ရတယ်။ မြန်မာနိုင်ငံမှာ လုပ်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်လည်း ကျွန်မမှာ မရှိဘူး။ မြန်မာကိုလည်း လာတာမဟုတ်ဘူး။ ထိုင်းကိုပဲ သီးသန့်လာခဲ့တာဖြစ်ပါတယ်။

ဒီမှာလည်း ကျွန်မကို HR အနေနဲ့ ခေါ်တယ်ဆိုပေမယ့် တကယ်တမ်းကျတော့ Online scam တွေပဲ လုပ်ရပါတယ်။ တစ်ရက်ကို ၁၂ နာရီကြာအောင် အလုပ်လုပ်ရတယ်။ ဒီအလုပ်ရဖို့ ကျွန်မတို့ကို ဆိုရှယ်မီဒီယာဖြစ်တဲ့ Telegram ကနေ တစ်ဆင့်ချိတ်ဆက်ပြီး ခေါ်ခဲ့တာပါ။ တစ်ခါတလေ အလုပ်မှာ သူတို့လိုအပ်တဲ့ Target ပန်းတိုင်မရောက်ရင် အပြစ်ပေးတာမျိုးတွေရှိတယ်။ ကျွန်မသူငယ်ချင်းတွေလည်း အပြစ်ပေးခံခဲ့ရတာတွေရှိတယ်။ KK Park အတွင်းထဲမှာ အလုပ်တွေနဲ့ သက်ဆိုင်တဲ့ အဆောက်အအုံတွေ တစ်ခုကနေ ခြောက်ထိရှိတယ်။ အဲ့ဒီမှာ ကျွန်မတို့ ဖိလစ်ပိုင်လူမျိုးတွေ အယောက်တစ်ထောင်လောက် ရှိမယ်လို့ ခန့်မှန်းရတယ်။

အခု ထိန်းသိမ်းရေးစခန်းမှာ မြန်မာနိုင်ငံအစိုးရက ဆေးဝါးတွေ၊ အစားအစာတွေနဲ့ အခြားလိုအပ်တဲ့ ပစ္စည်းတွေကို ထောက်ပံ့ပေးထားပါတယ်။ မြန်မာနိုင်ငံအစိုးရအနေနဲ့ ကျွန်မတို့ သံရုံးတွေနဲ့ ချိတ်ဆက်ပြီး နှစ်ပတ်လောက်နေရင် ပြန်ပို့ပေးမယ်လို့ သိရပါတယ်။ အမိနိုင်ငံကို ပြန်ချင်တဲ့အတွက် အမြန်ဆုံးပြန်လာခေါ်စေချင်ပါတယ်။

**Benson Koech**
**ကင်ညာနိုင်ငံ**



ကျွန်တော်က ဒူဘိုင်းမှာ အလုပ်လုပ်ပါတယ်။ ဗန်ကောက်ကို အလည်လာရင်း ကုမ္ပဏီတစ်ခုရဲ့ Telegram အကောင့်ကနေ ဒီမှာအလုပ်လုပ်မလားဆိုပြီး ဆက်သွယ်လာခဲ့ပါတယ်။ စိတ်ဝင်စားတဲ့အတွက် ဗန်ကောက်မှာပဲ အလုပ်လုပ်ဖို့ ဆုံးဖြတ်ခဲ့တယ်။ ဗန်ကောက်ကနေ ရှစ်နာရီလောက် ဝေးတဲ့နေရာမှာ အလုပ်လုပ်မလားဆိုပြီး ထပ်ပြောခဲ့တယ်။ ကားအကောင်းစားတွေနဲ့လာခေါ်လို့ လိုက်လာခဲ့ပြီး ဒီကိုရောက်လာခဲ့ပါတယ်။ ကားပေါ်မှာ ကောင်းတဲ့အလုပ်ဟုတ်ရဲ့လားဆိုပြီး ပြောခဲ့ပေမယ့် သူငယ်ချင်းတွေက ဒီအလုပ်က ကောင်းတဲ့အလုပ်၊ လစာလည်းကောင်းမယ်၊ အခွင့်အရေးလည်း ကောင်းလိမ့်မယ်ပြောတာနဲ့ ဒီကို ရောက်လာခဲ့တယ်။ ဒီကိုရောက်တဲ့အချိန်မှာ အလုပ်တွေကို မလုပ်ဘူးလို့ ငြင်းဆန်ပေမယ့် အခွင့်အရေးမရတော့ဘူး။ KK Park ကို ရောက်လာတဲ့အချိန်ထိ ထိုင်းနိုင်ငံလို့ပဲ ထင်ခဲ့တယ်။ ဒီရောက်တော့ ဘယ်မှလည်း သွားမရတော့ဘူး။

ဒီကိုရောက်တဲ့လမှာ အလုပ်ကို ဘယ်လိုလုပ်ရမယ်ဆိုတာ တစ်လလုံးသင်ကြားပေးတယ်။ ဖုန်းလေးလုံးပေးထားပြီး ဆက်သွယ်ခိုင်းတယ်။ ပြီးတော့ ထောင်နဲ့ချီတဲ့မက်ဆေ့တွေကို စာပြန်ပို့ရတယ်။ ဟိုဘက်က ဟိုင်း နေကောင်းလားဆိုတဲ့ စာပြန်ပို့လာရင် အထက်က Senior တွေက ဘာပြန်လုပ်ရမလဲဆိုတာကို ညွှန်ကြားပေးတယ်။

ဒီကိုရောက်လာတော့ KK Park ဆိုတာကို စပြီးတော့သိလာတယ်။ အရင်က တစ်ခါမှ မကြားဖူးဘူး။ အလုပ်လုပ်ရတဲ့အချိန်တွေက တရုတ်နိုင်ငံ ပေကျင်းစံတော်ချိန်အတိုင်း ၉ နာရီမှ စလုပ်ရတယ်။ နောက်နေ့မနက် ၂ နာရီထိ အလုပ်လုပ်ရတယ်။ တစ်ဖက်ကို စာပို့တဲ့အချိန်မှာ တစ်ဖက်က ပို့တဲ့စာမပြန်ရင် ဘာဖြစ်လို့ စာမပြန်လဲဆိုပြီး အပြစ်ပေးတာခံရပါတယ်။ နှစ်ရက် သုံးရက်ထိ အစာမကျွေးဘဲထားတဲ့အချိန်တွေရှိခဲ့ပါတယ်။ အပြစ်ပေးတဲ့အနေနဲ့ ပုံမှန်အိပ်တဲ့နေရာတွေမှာ ပေးမအိပ်ဘဲ အခြားနေရာတွေမှာ အိပ်ခိုင်းခဲ့တာမျိုးရှိတယ်။

အခုကတော့ မြန်မာနိုင်ငံရဲ့ ထိန်းသိမ်းရေးစင်တာမှာ အဆင်ပြေပါတယ်။ အရင် အလုပ်လုပ်ခဲ့တဲ့ KK Park မှာထက် ဒီမှာ ပိုအဆင်ပြေပါတယ်။ KK Park တုန်းက ပြန်ဖို့ပဲ တွေးနေခဲ့တယ်၊ ပြန်ချင်လို့ မန်နေဂျာကို ပြောပေမယ့် လက်မခံခဲ့ဘူး။ ဒီထိန်းသိမ်းရေးစင်တာ ရောက်တော့ ပျော်ရွှင်ခဲ့ရတယ်။ စိတ်ချမ်းသာတယ်။

ဒီစင်တာက မနက်စာ၊ နေ့လယ်စာနဲ့ ညစာ၊ ကောင်းမွန်တဲ့ရေတွေ၊ နေရာထိုင်ခင်း အဆင်ပြေပြေနဲ့ အခြားလိုအပ်တာတွေကို ပြည့်ပြည့်စုံစုံ ကောင်းကောင်းမွန်မွန် စီစဉ်ပေးထားတဲ့အတွက် မြန်မာနိုင်ငံရဲ့ အစိုးရကိုလည်း ကျေးဇူးတင်ပါတယ်။

ကျွန်တော်တို့လို နိုင်ငံခြားသား ၈၀ ရာခိုင်နှုန်းလောက်ဟာ ထိုင်းနိုင်ငံဘက်က တစ်ဆင့်ရောက်လာကြတယ်။ ကျွန်တော်တို့ အာဖရိကဘက်ကလာတဲ့သူတွေ ပိုများတယ်။ အခု ငါးလအတွင်း ထိုင်းဗီဇာကြောင့် လာတဲ့သူတွေ နည်းသွားတယ်။ ကျွန်တော် လာတုန်းက ၁၈ နာရီလောက်ကြာတယ်။

ကျွန်တော့်လက်မှာရှိတဲ့ ဒဏ်ရာက အပြစ်ဒဏ် လျှပ်စစ်စီးနဲ့တို့ခံရတဲ့ ဒဏ်ရာဖြစ်တယ်။ တချို့သူတွေဆို ခေါင်းကို စားပွဲနဲ့ဆောင့်ရိုက်ခံရတဲ့သူတွေလည်း ရှိတာကို ကြုံတွေ့ခဲ့ရတယ်။ ပြစ်ဒဏ်ကြီးကြီးမားမားပေးချင်တဲ့အခါမှာ ရုံးခန်းထဲခေါ်ပြီး အပြစ်ပေးတယ်။

KK Park မှာ ဖုန်းကို တစ်နာရီလောက်ပဲပေးသုံးတယ်။ ပေးသုံးတဲ့အချိန်မှာလည်း အထူးကြပ်ပြီးတော့ စောင့်ကြည့်နေတယ်။ ဖုန်းမှာ Password ထားပိုင်ခွင့်မရှိဘူး။ အချက်အလက်တွေကို သူတို့အကုန်သိမ်းထားတယ်။ မိသားစုဝင် တစ်ယောက် နှစ်ယောက်ကိုပဲ ပေးပြီး ဆက်သွယ်ခွင့်ပြုပေးတယ်။ သက်ဆိုင်ရာကို အကူအညီ တောင်းတာတွေ့ရင် အစအနဖျောက်မယ်လို့ ခြိမ်းခြောက်တယ်။ ဒီကိုရောက်ရောက်ချင်းလမှာ ထိုင်းဘတ် သုံးသောင်းပေးတယ်။ နောက်ပိုင်းမှာ မပေးတော့ဘူး။ စားသောက်နေထိုင်ဖို့လောက်ပဲ ပေးတယ်။ အလုပ်နောက်ကျရင် ဒဏ်ငွေဆောင်ရတယ်။ ကျွန်တော်တို့ ဒီရောက်နေတဲ့ အာဖရိကနိုင်ငံသားအားလုံးရဲ့ မိသားစုတွေက ဗန်ကောက် ဒါမှမဟုတ် တရုတ်နိုင်ငံတို့မှာ အလုပ်လုပ်နေကြတယ်လို့ ထင်ကြတယ်။ KK Park မှာအလုပ်လုပ်နေတယ်လို့ ပြောပိုင်ခွင့်မရှိပါဘူး။

**Mumtaz Tahir khan**
**ပါကစ္စတန်နိုင်ငံ**



ဒီအလုပ်ကို စသိတာက အွန်လိုင်းကတစ်ဆင့်သိတာပါ။ အဲဒီကနေ ဆက်သွယ်မိပြီး ဗန်ကောက်ကို ရောက်လာတယ်။ အဲ့ဒီကိုရောက်တဲ့အချိန်မှာ အချိုရည်တစ်ခွက် သောက်လိုက်တယ်။ ပြန်နိုးလာတဲ့အချိန်မှာ တောအုပ်တစ်ခုထဲမှာ ရောက်နေတယ်။ အဲ့ဒီတောအုပ်ထဲမှာ လူသုံးယောက်က ဓားရှည်နဲ့ ပစ္စတိုနဲ့ စောင့်နေပြီး KK Park ထဲရောက်နေတဲ့အကြောင်း ပြောပြတယ်။ တရုတ်ကောင်မလေး နှစ်ယောက်က ရုံးထဲကို ခေါ်သွားတယ်။ အဲဒီတရုတ်တွေကိုလည်း တစ်ခါမှ မမြင်ဖူးဘူး။ သိလည်းမသိဘူး။ အလုပ်လုပ်ဖို့ ကမ်းလှမ်းတယ်။ ပထမဦးဆုံး သုံးလကို ထိုင်းဘတ် တစ်သောင်းခွဲပေးမယ်လို့ ကမ်းလှမ်းတယ်။ အဲ့ဒီသုံးလအတွက် တစ်ကျပ်မှ မရခဲ့ဘူး။ နောက်ဆုံးရွေးချယ်စရာ လမ်းမရှိတော့ အဲဒီမှာပဲနေခဲ့ရတယ်။

အခုလို မြန်မာနိုင်ငံအစိုးရက ကယ်တင်ပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။ အဲဒီမှာ ငါးလ နေခဲ့ရတယ်။ စရောက်တော့ စာပို့တဲ့အလုပ်မှာ လုပ်ရတယ်။ KK Park တစ်ခုကနေ ငါးအထိရှိတယ်။ အပြင်ထွက်ဖို့ အမျိုးမျိုးကြိုးစားပေမယ့် မရခဲ့ဘူး။ ကျွန်တော့်မိန်းမနဲ့ ညီလေးလည်း အဲဒီမှာပဲ အလုပ်လုပ်နေရတယ်။ အဲ့ဒါကြောင့် အကူအညီ အများကြီးလိုအပ်ခဲ့တယ်။

အခုလို လွတ်မြောက်ချင်တဲ့အတွက် အဲဒီကထွက်လာတဲ့အချိန်မှာ ပစ္စည်းတွေ ဘာတစ်ခုမှ မယူဘဲ ပြေးလာခဲ့တာဖြစ်ပါတယ်။ ထိန်းသိမ်းရေးစင်တာမှာ ကျွန်တော့်ကို ကူညီပေးတဲ့ လူတွေအားလုံးကို ကျေးဇူးတင်ပါတယ်။ အမြန်ဆုံး သံရုံးနဲ့ ချိတ်ဆက်ပြီး အမြန်ဆုံးပြန်ပို့ပေးနိုင်ဖို့ မျှော်လင့်ပါတယ်။

ကျွန်တော် ဒီမလာခင်က ကျွန်တော့်တို့နိုင်ငံမှာပဲ အိမ်ခြံမြေအရောင်းအဝယ် လုပ်ပါတယ်။ ဗန်ကောက်ကို ရောက်လာတဲ့အကြောင်းက လူတစ်ဦးက လစာအများကြီးနဲ့ကမ်းလှမ်းတဲ့အတွက် ရောက်လာခဲ့တာပါ။ အိန္ဒိယမှာလည်း ဒီလိုမျိုး Typing အလုပ်တွေရှိတယ်။ အဲဒီ Typing အလုပ်က တရားဝင်ဖြစ်တယ်။ ဒီရောက်မှ Typing အလုပ်ဟာ ငွေလိမ်တဲ့အလုပ်မှန်း ကျွန်တော်မသိခဲ့ဘူး။ အပြင်သွားလို့ မရဘူး။ လုံခြုံရေးအပြည့်ချထားတယ်။ ဝယ်ယူထားတဲ့ပစ္စည်းတွေကို ဗီရိုထဲမှာ စနစ်တကျထားရတယ်။ ၈ နာရီထိုးကနေ မွန်းလွဲ ၂ နာရီထိ အလုပ်လုပ်ရတယ်။ ထမင်းစားချိန်ကို မိနစ် ၃၀ ပေးထားတယ်။ ပြီးတော့ ညနေ ၅ နာရီကနေ မနက် ၄ နာရီထိ တစ်နေ့ကို ၁၇ နာရီကနေ ၁၈ နာရီထိ အလုပ်လုပ်ရတယ်။

ကျွန်တော် ထိန်းသိမ်းရေးစင်တာမှာ အဆင်ပြေပါတယ်။ ကျွန်တော့်ကို ကူညီပေးကြတဲ့ မြန်မာနိုင်ငံအစိုးရကိုလည်း ကျေးဇူးတင်ပါတယ်။ မြန်မာအစိုးရအနေနဲ့ သံရုံးတွေနဲ့ချိတ်ဆက်ပြီး အများကြီး ကူညီဆောင်ရွက်ပေးတယ်။ ကျွန်တော့်အနေနဲ့ တောင်းဆိုချင်တာကတော့ အမြန်ဆုံးအိမ်ပြန်ရောက်အောင် ကူညီပေးဖို့ တောင်းဆိုချင်ပါတယ်။

**Zhang Hao Nan**
**တရုတ်ပြည်သူ့သမ္မတနိုင်ငံ**



တရုတ်ပြည်နယ်ကနေ လာတော့ ဘယ်ကုမ္ပဏီမှာ လုပ်ရမယ်ဆိုတာ မသိဘူး။ ကျွန်တော့်ကို လိမ်ခေါ်လာတော့ ဘာအလုပ်လုပ်ရမယ်ဆိုတာ မသိဘူး။ ကျွန်တော်က အွန်လိုင်းကိစ္စ လာတာမဟုတ်ပါဘူး။ ကျွန်တော်ရောက်တာ မကြာသေးပါဘူး။ နှစ်လကျော်လောက်ပဲ ရှိပါသေးတယ်။ အလုပ်တွေ မလုပ်ရသေးပါဘူး။

ကျွန်တော့်သူငယ်ချင်းက ထိုင်းမှာ အလုပ်လာလုပ်ဖို့ ခေါ်တယ်။ ထိုင်းနိုင်ငံရောက်ပြီးမှ ဒီဘက်ကို ရောက်လာတာပါ။ အကြွေးရစရာရှိတာကို ထိုင်းဘက်မှာ လာယူပြီး ပြန်ဖို့ပြောတော့ ထိုင်းကို ရောက်လာတာပါ။ ပိုက်ဆံလာယူဆိုပြီး လိမ်ခေါ်တယ်။ ထိုင်းရောက်တော့ တခြားလူလွှတ်ပြီး လာခေါ်တယ်။ လူငါးယောက်က ကားနဲ့လာကြိုပြီး KK Park ကို ရောက်လာတယ်။

**Bong Bong**
**တရုတ်ပြည်သူ့သမ္မတနိုင်ငံ**



ကျွန်တော်ကတော့ ကွမ်တုံမြို့ကနေ ပြီးတော့ ထိုင်းကိုရောက်လာပါတယ်။ ထိုင်းရောက်တော့ ကျွန်တော့်ကို ကားပေါ်ဆွဲတင်ပြီးတော့ မလိုက်ချင်ဘူးဆိုတာနဲ့ ကျွန်တော့်ကို ရိုက်ပါတယ်။ KK Park ကို ရောက်တဲ့အချိန်မှာ ကျွန်တော် အလုပ်မလုပ်ပါဘူး။ အလုပ်မလုပ်တော့ အဲဒီကလူတွေက ကျွန်တော့်ကို ရိုက်ပြီးတော့ အခန်းထဲမှာ ပိတ်ထားပါတယ်။ KK Park ကိုရောက်မှ မြန်မာပြည်ထဲမှာမှန်း သိရတယ်။ ငါးလလောက် အလုပ်မလုပ်တဲ့အတွက် ကျွန်တော့်ကို အခန်းထဲမှာ ပိတ်ထားပါတယ်။ အဲ့ဒီချိန်မှာ တစ်နေ့ကို ထမင်းတစ်နပ်ပဲကျွေးပါတယ်။ အခု အစိုးရကစီစဉ်ပေးထားတာ ကောင်းပါတယ်။ ဒါပေမဲ့ ကျွန်တော်အိမ်ပြန်ချင်တယ်။ ဟိုဘက်က လာမကြိုသေးတဲ့အတွက် စောင့်နေရတာဖြစ်ပါတယ်။

**Xu You qiqng**
**တရုတ်ပြည်သူ့သမ္မတနိုင်ငံ**



တရုတ်ပြည်ကနေ စထွက်လာပြီးတော့ ထိုင်းကိုရောက်ပါတယ်။ အောက်လမ်းကနေလာတာဖြစ်ပါတယ်။ ထိုင်းကနေ ရောက်လာပြီးတော့ မြန်မာပြည်မှန်း မသိပါဘူး။ KK Park ကို ရောက်တာတော့ နှစ်လကျော်လောက်ပဲရှိသေးတယ်။ ဘာမှ မလုပ်တတ်တဲ့အတွက် အခန်းကျဉ်းလေးထဲမှာ ချုပ်ထားပါတယ်။ တစ်ရက်ကို တစ်ခါလောက်တော့ မိသားစုနဲ့ အဆက်အသွယ်ရပါတယ်။ သူဌေးတွေက အကောင်းတွေကိုပဲ ပြောခိုင်းတယ်။ အိမ်က မိသားစုတွေ စိတ်မခံစားရအောင် အကောင်းတွေပဲ ပြောပြရပါတယ်။ Phyo Phyo အကောင့်ကနေတွေ့ပြီး ပစ္စည်းအတင်အချအလုပ်တွေရှိတယ်ဆိုပြီး ဒီဘက်လာလုပ်ဆိုပြီး ပြောတာပါ။ ကျွန်တော်တို့ကို အခု မြန်မာနိုင်ငံကတာဝန်ရှိသူတွေက လုံခြုံအောင် ထားပေးတဲ့အတွက် ကောင်းပါတယ်။ မြန်မြန်တော့ ဆောင်ရွက်ပေးပါ၊ အိမ်ပြန်ချင်တယ်။

**သတင်း-အောင်ကျိုင်း**
**ဓာတ်ပုံ-မင်းမင်း**

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန်ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများကို အရေးယူ

နေပြည်တော် နိုဝင်ဘာ ၁၀

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပမှုကို ပျက်ပြားစေရန်ရည်ရွယ်၍ လူမှုကွန်ရက်စာမျက်နှာများ၊ အများပြည်သူဆိုင်ရာ နေရာများ၌ ဟောပြောခြင်း၊ ပြောဆိုခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ ဆန္ဒပြခြင်း၊ စာရေးသားခြင်း၊ ရုပ်ပုံပိုစတာများချိတ်ဆွဲခြင်း စသည်တို့ဖြင့် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းများ၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို ထိခိုက်ပျက်စီးအောင် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားခြင်းမှ ကာကွယ်ပေးရေး ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၅ ရက်တွင် မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကွမ်ရိုက်ကျေးရွာအုပ်ချုပ်ရေးမှူးရုံးအနီး၌ စိုက်ထူထားသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းဆိုင်းဘုတ်ကို အဆိုပါကျေးရွာနေ ကျော်မြင့် ၆၅ နှစ်က ဖျက်ဆီးခဲ့သဖြင့် ကျော်မြင့်အား ချောင်းဆုံမြို့မရဲစခန်းက (ပ)၁၂၆/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၆(က)/၂၄(က) ဖြင့် အမှုဖွင့်ဖမ်းဆီးပြီး ထိရောက်ပြစ်ဒဏ်ရရှိရေး ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အောက်တိုဘာ ၃၁ ရက်တွင် မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ပေါင်းနားရပ်ကွက်နေ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ အဖွဲ့ဝင်(၁) ဦးသက်ဝေထွန်းသည် စလင်းမြို့မှ ဆင်ဖြူကျွန်းမြို့သို့ ဆိုင်ကယ်ဖြင့်သွားစဉ် ဆုတ်လေဦးလမ်းဆုံအရောက်၌ PDF အမည်ခံ အကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်သွားခဲ့သဖြင့် အဆိုပါ PDF အမည်ခံအကြမ်းဖက်သမားများကို နိုဝင်ဘာ ၃ ရက်တွင် ဆင်ဖြူကျွန်းနယ်မြေရဲစခန်းက (ပ)၁၃/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(ခ)ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာ ၄ ရက်တွင် Facebook လူမှုကွန်ရက်စာမျက်နှာပေါ်၌ ရွေးကောက်ပွဲ အကျိုးပြုပညာပေး ဗီဒီယိုများနှင့်ပတ်သက်၍ ပြည်သူလူထုအထင်အမြင်လွဲမှားစေရန် ဆန့်ကျင်လှုံ့ဆော်သည့်စာသားများရေးသားဖြန့်ဝေခဲ့သည့် ''Daw Yamone Oo'' Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ပုလဲကျေးရွာနေ ယမုံဦး ၃၀ နှစ်အား သုံးခွမြို့မရဲစခန်းက (ပ) ၁၃၈/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ ပုဒ်မ ၂၃(က) ဖြင့်လည်းကောင်း။

ထို့အတူ နိုဝင်ဘာ ၅ ရက်တွင် ကေအင်န်ယူ ကရင်အမျိုးသားအစည်း အရုံး ဒူးသထူခရိုင်မှ ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား တိုက်ဖျက်သွားရန် ကြေညာချက်ထုတ်ပြန်ခဲ့သဖြင့် ကေအင်န်ယူ ကရင်အမျိုးသားအစည်း အရုံး ဒူးသထူခရိုင်ဥက္ကဋ္ဌ ပဒိုစောမြင့်ပါ ၂၂ ဦးတို့ကို သထုံမြို့နယ် သိမ်ဆိပ်နယ်မြေရဲစခန်းက (ပ)၁၅၄/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(ခ)ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာ ၄ ရက်တွင် Facebook လူမှုကွန်ရက်စာမျက်နှာပေါ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြည်သူလူထုအထင်အမြင်လွဲမှားစေရန် ဆန့်ကျင်လှုံ့ဆော်သည့်စာသားများ ရေးသားဖြန့်ဝေခဲ့သူ ''Khin Ma'' Face-book အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်နေ ဒေါက်တာ ခင်မအား နိုဝင်ဘာ ၅ ရက်တွင် မရမ်းကုန်းမြို့မရဲစခန်းက (ပ)၁၆၆/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃ (က)ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာ ၆ ရက်တွင် ''AAMIJ News'' Facebook Page မှ Facebook လူမှုကွန်ရက်စာမျက်နှာပေါ်၌ ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည့် ပြည်ခိုင်ဖြိုးပါတီမှ ဦးအောင်စိုးအား မဲဆွယ်စည်းရုံးခြင်းမပြုနိုင်စေရန် ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေမည့် စာသားများအား နှောင့်ယှက်ရေးသားဖြန့်ဝေခဲ့သဖြင့် ''AAMIJ News'' Facebook Page မှ တာဝန်ရှိသူများကို နိုဝင်ဘာ ၇ ရက်တွင် အလုံမြို့မရဲစခန်းက (ပ)၂၆၆/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄ (က)ဖြင့်လည်းကောင်း အမှုရေးဖွင့်ကာ ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)





ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ်အတွင်း ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ ထိန်းချုပ်ဓာတုပစ္စည်းများနှင့် ဓာတုဆက်စပ်ပစ္စည်းများကို ဒေသတွင်း မီးရှို့ဖျက်ဆီးခြင်းနှင့် မြေမြှုပ်ဖျက်ဆီးမှု မှတ်တမ်းဓာတ်ပုံ။

☆ ကျောဖုံးမှအဆက်

ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မူဆယ်ခရိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ မူဆယ်ခရိုင်ရဲတပ်ဖွဲ့မှူးက မူးယစ်ဆေးဝါးများနှင့် ထိန်းချုပ်ဓာတု ဆက်စပ်ပစ္စည်းများကို မီးရှို့၊ မြေမြှုပ် ဖျက်ဆီးခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် တက်ရောက်လာကြသူများက မီးရှို့၊ မြေမြှုပ်ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများနှင့် ထိန်းချုပ်ဓာတု ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မူဆယ်မြို့မရဲစခန်း၌ အမှုဖွင့်လှစ်ထားရှိသည့် မူးယစ်ဆေးဝါးမှု ၁၉ မှု၊ ဓာတုဆက်စပ်ပစ္စည်းအမှု ၁၀ မှု စုစုပေါင်း ၂၉ မှု တို့မှ သက်သေခံပစ္စည်းများ ဖြစ်သည့် စိတ်ကြွရူးသွပ်ဆေးပြား ၉၃၇၅ ပြား၊ ကက်တမင်း သုည ဒသမ ၁၁၇၉ ကီလို၊ HAPPY WATER သုည ဒသမ ၇၅၁ ကီလို၊ ဘိန်းဖြူ ၁ ဒသမ ၄၁ ကီလို၊ ခတ်ချူး သုည ဒသမ ၀၀၆ ကီလို၊ ဘိန်းဆီခဲ သုည ဒသမ ၃၄၄၀၄ ကီလို၊ဆေးခြောက် ၁ဒသမ ၃၇၅ ကီလို၊ METHYLAMINE လီတာ ၅၂၀၊ THIONYL CHLORIDE လီတာ ၁၂၀၀၊ BENZENE လီတာ ၁၀၀၊ အရိုးမီးသွေး ၁၈၆၂ ဒသမ ၇၉၇၅ ကီလို၊ SODIUM ETHOXIDE ၂၄၁၉ ဒသမ ၈၇၉ ကီလို၊CAUSTIC SODA ၅၅၄၉ ဒသမ ၇၇၈ ကီလို၊ SODIUM BI-SULFITE ၇၃၅ ဒသမ ၉၂ ကီလို၊ POTAS-SIUM CHLORIDE ၄၁၈ ဒသမ ၅၉ ကီလို၊ SODIUM CHLORIDE ၃၂၉ ဒသမ ၀၄ ကီလို စုစုပေါင်းတန်ဖိုးငွေ ၁၃၂၁၃၂၂၇၄ ဒသမ ၄ ကျပ်ကို မီးရှို့ဖျက်ဆီးခြင်း၊ မြေမြှုပ်ဖျက်ဆီးခြင်းများကို ဆောင်ရွက်ကြသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများသည် မူးယစ်ဆေးဝါးများ၊ ထိန်းချုပ်ဓာတုပစ္စည်းများနှင့် ဓာတုဆက်စပ်ပစ္စည်းများကို မီးရှို့ဖျက်ဆီးခြင်းနှင့် မြေမြှုပ်ဖျက်ဆီးခြင်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြသည်။

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တို့က အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်မှုကြောင့် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းအမျိုးအပြားကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး မီးရှို့ဖျက်ဆီးခြင်းများကိုလည်း ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်းနှင့်ဆက်လက်၍လည်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သည့် ဓာတုဆေးဝါးများတိုက်ဖျက်ရေး လုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“အကြမ်းဖက် PDF အဖွဲ့ မိုင်းခွဲဖျက်ဆီးလိုက်တဲ့ ရော်ဝတီတံတား(ရတနာသိမ်)”** ခေါင်းစဉ်ဖြင့် ၁၂-၁၁-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၁၉-၁၁-၂၀၂၅ရက် မွန်းလွဲ ၁ နာရီတွင် **“တိုင်းပြည်လည်းနာရသလို ပြည်သူလည်းနာရတဲ့ အကြမ်းဖက်သမားတွေရဲ့ ဖောက်ခွဲဖျက်ဆီးသတ်ဖြတ်မှုများ”**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။အထက်ပါအစီအစဉ်များ ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဝတ္ထုတိုကဏ္ဍ

# ရေပေါ်ရေအောက် ထိုးဖောက်ရှာဖွေကြသူများ

ကျွန်းစဉ်မြေစောခက်



( ၁ )

နောင်တော်ပင်လယ်ကမ်းခြေ ငပသုန်ကျွန်းတွင် တစ်ရွာတည်းသာရှိသော ငပသုန်ရွာသည် ၅၉ လုံး တည်းဟူသော ငပသုန်တောင်တန်းကြီးနှင့် ပင်လယ်ကြားတွင် စိမ်းလန်းသော အုန်းပင်တန်း၊ ဖြူလွှသော သဲဖြူလွှမ်းကမ်းခြေတို့ကြောင့် တံငါရွာ အဖြစ် သက်ဝင်လှုပ်ရှားစေရန် သဘာဝက ဖန်တီးပေး လျက်ရှိသည်။

ခုံးယောက်မ ခေါ် လျှာထုတ်ခုံး ရှာဖွေသူများသည် ရေသေရက်များဖြစ်သော လဆန်း၊ လဆုတ် ၇ ရက်၊ ၈ ရက်၊ ၉ ရက်၊ ၁၀ ရက်နေ့တို့တွင် ငုပ်စမ်းရှာဖွေ လေ့ရှိကြသည်။ ရေသေရက်များတွင် ရေတက် ညင်သာသလို ရေကျလည်းငြိမ်သက်သဖြင့် ပင်လယ် ဆားငန်ရေတွင် နွံ၊ သဲ အနည်အနှစ်တို့မပါရှိသဖြင့် ရေသည် ကြည်လင်လျက်ရှိသည်။ သို့ဖြစ်၍ မြစ် ရေပြင်အောက် ကြမ်းခင်းပြင်တွင် ငုပ်စမ်းပြီး ခုံး ယောက်မရှာဖွေသူတို့အကြိုက်ပင်ဖြစ်သည်။

ယခုအခါ စက်တပ်ယာဉ်များဖြင့် သွားလာကြပြီး လေပေးစက်တပ်ဆင်အသုံးပြုကာ ငုပ်စမ်းရှာဖွေကြ သဖြင့် လုပ်ငန်းတွင်ကျယ်လာကြပြီး ခုံးယောက်မ ငုပ်သားတို့လည်း ဘဝအဆင်ပြေလာကြသည်။ ခုံးယောက်မရှာဖွေသော စက်လှေတစ်စီးတွင် ပဲ့နင်း တစ်ယောက်၊ စက်မောင်းတစ်ယောက်အပြင် မြစ်ရေ ပြင်အောက် ငုပ်စမ်းရှာဖွေသူ ခြောက်ယောက် ပါဝင်ပေသည်။ ရေငုပ်သူ ခြောက်ယောက်တွင် သုံးယောက်တစ်ဖွဲ့ မြစ်ရေပြင်အောက်သို့ ငုပ်ဆင်း သွားချိန်တွင် ကျန်သုံးယောက်မှာ လှေပေါ်ကနေပြီး ငုပ်ဆင်းသွားသူ သုံးယောက်၏ကြိုးသုံးချောင်းအခြေ အနေကို သတိမပြတ်ကြည့်နေရ၏။ ရေပြင်အောက် မြေသားကြမ်းခင်းပြင်တွင် ခုံးရှာဖွေနေသူက အချက် ပေးကြိုးကို လှုပ်လိုက်လျှင် ချက်ချင်းဆွဲတင်ရသည်။ ခုံးငုပ်စမ်း ရှာဖွေသူတို့မှာ ရလာသည့်ခုံးကို သားရေကွင်း ဖြင့် တစ်လုံးချင်း အလျှော့အတင်းမှန်မှန်ချည်ပြီး ဖော့ပုံးထဲ ထည့်ထားကြသည်။

ပထမအဖွဲ့ လှေပေါ်သို့ ပြန်ရောက်ချိန်တွင် လှေပေါ်က ကျန်နေခဲ့သူ ရေငုပ်သား သုံးယောက်က တစ်လှည့်ဆင်းငုပ်ရပြီး ပထမငုပ်သည့် သုံးယောက် မှာ ကြိုးတစ်ချောင်းချင်းစီ တာဝန်ယူကြရပေသည်။ မြစ်ရေပြင်အောက် မြေသားကြမ်းခင်းပြင်တွင် ခုံးယောက်မရှာဖွေကြသူများသည် သူတို့ငုပ်ဆင်းကြ သည့် ကြိုးဖျားတွင် ကိုယ်သယ်နိုင်လောက်သည့် ကျောက်တုံးကို ချည်နှောင်ထားကြပြီးဖြစ်သည်။ သူတို့ ဆင်းသက်ရှာဖွေသည့်နေရာတွင် ခုံးမရှိတော့ သည့်အချိန်၌ ကျောက်တုံးကိုသယ်မပြီး အခြား တစ်နေရာသို့ရွှေ့ကာ ရှာကြရသည်။ ကျောက်ထုပ် နှင့်မဆင်းလျှင် မြစ်ရေပြင်အောက် မြေပြင်တွင် ခြေ ထောက်ရပ်တည်မရဘဲ ဖြစ်နေမည်စိုး၍ အဆင်ပြေ အောင် စီစဉ်ထားခြင်းဖြစ်ပေသည်။

ဘသိန်းမောင်မှာ လှေပဲ့နင်းဖြစ်သည့်အပြင် ခေါင်းဆောင်လည်းဖြစ်သည်။ လှေထွက်တော့မည် ဆိုလျှင် သူ့လူများ ရှာဖွေရေးကိရိယာကိုယ်စီဖြင့် ဆင်းလာကြ၏။ လူစုံပြီဆိုလျှင် ပဲ့နင်းကြီး ဘသိန်း မောင် အချက်ပေးလိုက်တော့သည်။

"ကလင်"

"ဝူး...ဖုန်း...ဖုန်း...ဖုန်း...ဖုန်း...ဖုန်း"

ပဲ့နင်းကြီးဘသိန်းမောင် အချက်ပေးလိုက်ချိန် တွင် စက်ကိုင် ထွန်းနိုင်က စက်နှိုးပေးလိုက်ရာ စက်လှေမှာ မြစ်ရေပြင်ထဲ ခပ်သွက်သွက်ပြေးနေပေ တော့သည်။ ထမင်းတောင်း၊ သောက်ရေအိုး၊ ဝန်စည် စလယ်ချပေးကြသူ ဇနီးမယား၊ သမီးသားတို့က မြစ် ကမ်းစပ်မှ လက်ပြနှုတ်ဆက်နေကြသလို ခုံး ယောက်မရှာဖွေသမား လင်ယောကျ်ားများကလည်း လက်ပြနှုတ်ဆက်လျက်။ ရေတံငါတို့၏ မိသားစုဘဝ အလှတရားသည်ကား သဘာဝပန်းချီကားတစ်ချပ် နှယ်ပေတည်း။

ခုံးယောက်မရှာထွက်သွားကြသည့် စက်လှေများ မှာ နေ့ချင်းပြန်ထွက်သွားကြခြင်းပင်ဖြစ်သည်။ ခုံးယောက်မရှာဖွေရရှိကြသည့် အဓိကခွင်များမှာ မြေပုံမြို့နယ်တောင်ဘက်စွန်း ဘဲစင်ခိုစင်ကျွန်းအနီး မြစ်ရေပြင်အောက် မြေသားကြမ်းခင်းပြင်၊ မျောက် ကျိုန်ကျွန်း၊ ကညင်ကျိုန်ကျွန်းတို့ ပတ်ဝန်းကျင်၊ အောက်တောင်ရှည်တောင်မောင်းဖျား ရေအောက် ကြမ်းခင်းပြင်နှင့် ခေါင်းဖြူတောင်ကျွန်းအနီးတစ်ဝိုက် တို့ဖြစ်ကြသည်။ အမ်းမြို့နယ်အောက်ပိုင်း ပင်လယ် ကမ်းခြေဘက် ပြာသာဒ်ကျွန်းနှင့် ဘလူမော်ကျွန်း အနီးတစ်ဝိုက်တွင် အများဆုံးတွေ့ရှိကြသည်။ ပင်လယ်ရေပြင်ထဲရှိ ကျွန်းများမှာ တစ်ကျွန်းနှင့် တစ်ကျွန်း နီးသည်တော့မဟုတ်ပေ။ လှမ်းကြည့်လျှင် မှိုင်းမှိုင်းညို့ညို့သာ မြင်ရသည်။

"ကဲ... ငါကတော့ ဒီနေ့ ခေါင်းဖြူတောင်ဘက် တက်ချင်တယ်။ မင်းတို့ဆန္ဒလဲ ပြောကြပါအုံး"

"ကိုဘသိန်းမောင်ရေ၊ ကျွန်တော်ကတော့ ခေါင်း ဖြူတောင်ဘက် မသွားချင်ဘူးဗျာ။ ဝေးလွန်းတယ်"

"ဝေးတာ လှမ်းတာကတော့ အကြောင်းမဟုတ် ဘူး။ ခုံးတွေ့ဖို့ပဲလိုတာပါ။ ကဲ...ကဲ... အောင်လှရေ မင်းဆန္ဒလဲ ပြောပါအုံး"

"ကျွန်တော်ကတော့ အောက်တောင်ခြေတောင် မောင်းဖျား ဖောင်ပြေမြစ်ဝဘက် သွားချင်တယ်ဗျာ"

"ကျွန်တော်ကတော့ မျောက်ကျိုန်ကျွန်းဘက်ဆို အဆင်ပြေမလားလို့"

"ကဲ...ကဲ ငါကတော့ ဒီနေရာမှာ အသက်အကြီး ဆုံးလဲဖြစ်တယ်။ ဒီအလုပ်လုပ်စားလာတာလဲ စက် လှေတွေ မပေါ်ခင်ကပင် လက်ခတ်လှေနဲ့ လုပ်စား ခဲ့တာ ကွန်ပရက်ဆာမရှိခင် ဒီအတိုင်းငုပ်စမ်းခဲ့တာ လေ။ အခု ဒီခရီးမှာ ပဲ့နင်း ဘသိန်းမောင်ပြောသလို ပဲ ခေါင်းဖြူတောင်ဘက်သွားတာ အမှန်ဆုံးလို့ ထင်တာပဲ"

ကိုကြီးသာထွန်း ပြောအပြီးမှာ ခုံးယောက်မရှာ စက်လှေသည် မြေပုံမြို့နယ်နှင့် အမ်းမြို့နယ်အစပ် ခေါင်းဖြူတောင်ကျွန်းအနီး ရှူးမြစ်ဝဘက်သို့ ဆန် တက်လာခဲ့ပေတော့သည်။ ခုံးယောက်မ ငုပ်စမ်း ရှာဖွေကြသူတို့သည် မြစ်ရေပြင်တစ်ကြော စုန်ဆန် မျောကာ မောင်းနှင်ရင်း ခုံးယောက်မထွက်ရှိသည့် မြစ်ရေပြင်တစ်ဝှမ်း သဲသဲလှုပ်လှုပ်ဖြစ်နေကြ၏။ အချိန်တိုအတွင်း ငွေရလွယ်သဖြင့် အကျိုးလည်း ဖြစ်ထွန်းလှ၏။ မြေသယံဇာတ၊ ရေသယံဇာတ ပေါများလှသော ဘူမိမြေလွှာကို "ကျေးဇူးပါ ချစ်သော ဤမြေကမ္ဘာ"ဟူ၍ ဟစ်ကြွေးလိုက်ပါရစေ။

( ၂ )

မြေပုံမြို့နယ်နှင့်အမ်းမြို့နယ်အစပ် မြစ်ပြင် တစ်ဝှမ်းတွင် ခုံးယောက်မ ရှာဖွေရေးစက်လှေများ သည် ကိုယ်ရည်မှန်းရာသို့ ဦးတည်ပြေးလွှားနေကြ၏။

"တို့ ခေါင်းဖြူတောင်ခွင် သွားနေတာ ကိုးစီးကြီး များတောင်နော်။ ဟိုမှာ တို့ရှေ့ကလေးစီး၊ နောက်က လေးစီး တွေ့လား"

"ဘယ်လောက်ပဲ များများကွာ။ ကိုယ့်စွမ်းရည်နဲ့ ကိုယ်ပဲ။ ကျွမ်းကျင်မှုနဲ့ ကြိုးစားအားထုတ်မှုက အဓိကပဲ"

ကိုကြီးသာထွန်း၏ အဓိပ္ပာယ်ရှိပြီး လေးနက် သည့် ပြောဆိုမှုကြောင့် အကုန်လုံး ကိုကြီးသာထွန်း ကို လှမ်းကြည့်လိုက်ကြသည်။

"ဟုတ်တယ်ဗျ။ အရင်တုန်းကလဲ ကျွန်း ပြာသာဒ်ခွင်မှာ လှေ ၁၀ စီး တိတိပဲလေ။ အဲဒီမှာ တို့လှေ ခုံးရ အများဆုံးပဲ"

ခုံးငုပ်သား သန်းကြီးမောင်ကပါ ထောက်ခံပြော ကြားလိုက်ရာ အကုန်လုံး ပြုံးသွားကြသည်။ ခုံးငုပ် သားတို့သည် ရေအနက် ပေ ၃၀ မှ ၅၀ အတွင်း ငုပ်ဆင်းပြီး ရှာဖွေကြရသည်။ လေပေးစက်အသုံးပြု ကြရ၏။ ပိုပြီးအဆင်ပြေကြသည်။ မြစ်ရေပြင်အောက် မြေသားကြမ်းခင်းပြင်တွင် ရှစ်လက်မခန့်ရှိသော နွံ့မြေအဝိုင်းအကျိတ်ကိုတွေ့လျှင် ခုံးယောက်မကျင်း ဟူ၍ သိကြသည်။ နွံ့ကျိတ်အလယ်တွင် ဒေါင်လိုက် ကျင်းပေါက်ဝဖြစ်နေသော နေရာသို့ လက်ထိုးသွင်းပြီး မြန်မြန်ဆန်ဆန်နှိုက်ယူရသည်။ လျင်မြန်မှုမရှိလျှင် ခုံးယောက်မသည် ကျင်းပေါက်အောက် သုံးပေ၊ လေးပေခန့်ထိ နစ်ဆင်းသွားလျှင် လုပ်ရကိုင်ရသည် မှာ အဆင်မပြေတော့ပေ။

ခုံးယောက်မ နှိုက်ယူမှု နောက်တစ်နည်းမှာ ဒေါင် လိုက်ဖြစ်နေသော ခုံးယောက်မကျင်းပေါက်ဝကို လက်တစ်ဖက်ဖြင့်ပိတ်ထားပြီး နောက်လက်တစ်ဖက် ကို ခုံးရှိနိုင်လောက်သည့် ကျင်းအောက်ဘက်မှ ခံပေး ထားရသည်။ အပေါ်ကပိတ်ထားသော လက်ကို ဖွင့်လိုက်လျှင်ပင် ခုံးမှာ အလိုအလျောက် အောက်က ခံပေးထားသော လက်ဝါးပြင်ပေါ်သို့ ရောက်သွားတော့ သည်။ ခုံးရှာဖွေသူတို့သည် ခုံးတစ်လုံးစီရတိုင်း စလွယ်သိုင်းလွယ်လာခဲ့သော ချည်ထည်အိတ်ထဲတွင် ထည့်ရ၏။ အိတ်ပြည့်လျှင် ဆင်းကြိုးကို လှုပ်လိုက် ခြင်းဖြင့် လှေပေါ်ကနေ ကြိုးကိုင်သူက ဆွဲတင်ရတော့ သည်။ လှေပေါ်သို့ရောက်လျှင် ခုံးတစ်လုံးချင်းစီကို သားရေကွင်းဖြင့် မတင်းမလျော့ အနေတော်စည်းပြီး ဖော့ဘူးထဲ ထည့်ထားရ၏။ ခုံးငုပ်သူတို့မှာ တစ် ယောက်နှင့်တစ်ယောက် အရည်အချင်းနှင့် ကြိုးစား အားထုတ်မှုချင်း ကွာကြသဖြင့် ခုံးလုံးရေရရှိမှုလည်း ကွာခြားကြသည်။

( ၃ )

ခုံးယောက်မရှာဖွေသူတို့သည် ညနေကမ်းခြေသို့ ပြန်ရောက်ကြချိန်တွင် ရေငန်ရေသန့်ထည့်ထားသော အင်္ဂတေကန်၌ ထည့်ထားကြရ၏။ နောက်တစ်နေ့ မနက်လင်းလျှင် ဆားငန်ရေကန်ထဲက ဖော်ယူပြီး ခုံးယောက်မတစ်လုံးချင်းစီကို သတင်းစာဖြင့်ပတ်လိပ် ပြီး သားရေကွင်းဖြင့် စည်းကြရသည်။ ရေထဲကဆယ်ယူ ပြီး ပတ်လိပ်စည်းနှောင်ပြင်ဆင်ပြီးချိန်တွင် အကုန် လုံးကို ဖော့ပုံးများထဲထည့်ပြီး ကျောက်ဖြူမြို့သို့ ချက်ချင်းသယ်ရတော့သည်။ ကျောက်ဖြူမြို့ကို ရောက်လျှင် လေယာဉ်ကွင်းသို့ ချက်ချင်းသယ်ရသည်။ လေယာဉ်နှင့် ခုံးဒိုင်ပိုင်ရှင်တို့ ကြိုတင်ညှိနှိုင်းထားပြီး ဖြစ်၍ လေယာဉ်ရောက်လာလျှင် ခရီးသည်များထက် ခုံးယောက်မပုံးများကို ဦးစားပေးတင်ရတော့သည်။ ခုံးယောက်မများ ဆားငန်ရေနှင့်ပြန်လည်ထိတွေ့နိုင် ရေးအတွက် ချက်ချင်းဆောင်ရွက်ရသောလုပ်ငန်း ပင်ဖြစ်သည်။ ရန်ကုန်သို့ရောက်လျှင်လည်း ရေငန်၊ ရေကြည်ရေသန့်ဖြည့်ထားသော ရေကန်သို့ အမြန် ချရသည်။ ပင်လယ်စာ ကျောက်ပုစွန်လုပ်ငန်းနှင့် သဘောချင်း အတူတူပင်ဖြစ်သည်။

ခုံးယောက်မသယ်ဆောင်ရန်အတွက် လေယာဉ် အဆင်မပြေနိုင်လျှင် မော်တော်ကားဖြင့် ရန်ကုန်- ကျောက်ဖြူ အဝေးပြေးလမ်းမကြီးအတိုင်း အမြန် မောင်းရတော့သည်။ ကုန်းလမ်းဖြင့်သယ်ခြင်းမှာ ခရီး ကြာမြင့်မှုကြောင့် ခုံးအသေအပျောက်များသဖြင့် ဈေးကွက်တွင် ဈေးနှိမ်ခံရသည်။

ခုံးယောက်မတစ်လုံး၏ အလျားမှာ ခြောက် လက်မ၊ အနံ နှစ်လက်မခန့် ရှည်မျောမျောရှိတတ်ကြ ပြီး အခွံပါးဖြင့်ဖုံးအုပ်ထားသည်။ နောက်ခံအရောင်မှာ အဝါအနက် အစင်းကြောင်းများ မထင့်တထင်ရှိသည်။ ခုံးထိပ်ဖျားနှစ်ဖက်တွင် အဝိုင်းခုံးသဏ္ဍာန်ရှိပြီး တစ် ဖက်တွင် လျှာသဏ္ဍာန် အသားပြားထွက်လျက်ရှိ သည်။ သို့ဖြစ်၍ လျှာထုတ်ခုံးဟု ခေါ်ကြဟန်တူသည်။ ခုံးအလုံးအခွံမှာ ထမင်းဟင်းချက်စားရာတွင် အသုံး ပြုကြသည့် သစ်သားယောက်မ အရွယ်အစားမျိုးဖြစ် ၍ ခုံးယောက်မဟု ခေါ်ကြခြင်းဖြစ်ပေသည်။

ခုံးယောက်မ၏ အရသာမှာ ချိုဆိမ့်ပြီး ခံတွင်း တွေ့စေသည်။ ယနေ့ နာမည်ကြီးစားသောက်ဆိုင် များနှင့် ဟိုတယ်ကြီးများတွင် ထိပ်တန်းပင်လယ်စာ အဖြစ် စာရင်းဝင်လျက်ရှိသည်။

စာမျက်နှာ ၂၅ သို့➢

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၇၂၁၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ နိုဝင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၇၂၁၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဖူးစားပြောင်းကေ ၃၃၁၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၇၂၁၈ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ ဖူးစားပြောင်းကေ ၃၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ကေ ၇၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဖူးစားပြောင်း စိုက်ပျိုးရာမှာ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးတာတွေဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြသည်။

ယခုနှစ် ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် ဖူးစားပြောင်း စိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ကေ ၂၉၀၊ ကနီမြို့နယ်တွင် ၁၀၅ ကေ၊ ဆားလင်းကြီးမြို့နယ်တွင် ကေ ၂၂၉၀၊ ပုလဲမြို့နယ်တွင် ၄၅၃၃ ကေ စုစုပေါင်း ၇၂၁၈ ကေ ဖြစ်ကြောင်းသိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်ခရိုင်တွင် ဖူးစားပြောင်း စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၉၁၅၅ ကေ၊ ကနီမြို့နယ်တွင် ကေ ၆၂၀၀၊ ဆားလင်းကြီးမြို့နယ်တွင် ၁၃၂၄၅ ကေ၊ ပုလဲမြို့နယ်တွင် ကေ ၄၅၀၀ စုစုပေါင်း ကေ ၃၃၁၀၀ ဖြစ်ကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုး တက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ဖူးစားပြောင်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# ဇေယျာသီရိမြို့နယ် ဥယျာဉ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် နိုဝင်ဘာ ၁၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နန်းဩကျေးရွာအုပ်စု ဥယျာဉ်ကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို နိုဝင်ဘာ ၉ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများနှင့် စီမံကိန်းလက်စွဲစာစောင်ပါ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်း စက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၆ ဒသမ ၇ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဥယျာဉ်ကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦးကို ငွေကျပ် ၁၄ ဒသမ ၉သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၈ ဦးကို ငွေကျပ် ၂၀ ဒသမ ၁ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၉ ဦးကို ငွေကျပ် ၁၀ ဒသမ ၀၅ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၁ ဒသမ ၆၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၃ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၆ ဒသမ ၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**နော်လူး**

**➢စာမျက်နှာ ၂၄ မှ အဆက်**

တရုတ်နိုင်ငံသို့ အများအပြား တင်ပို့သည်ဟု သိရသည်။

(၄)

"တို့လူတွေကတော့ စံပဲပေါ့။ တို့ထွက်တဲ့နေ့တိုင်း ဟုတ်နေတော့ တာနော်"

"မဟုတ်ဘဲနေမလား ကိုကြီးဘသိန်းမောင်ရ။ ကိုယ့်လူတွေကြည့်လိုက်လေ။ တို့ကျောင်းနေတုန်းကသင်ခဲ့ရတဲ့ ရာဇဝင်ထဲက ကျန်စစ်သား၊ ငထွေရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီးတို့လို လူစွမ်းကောင်းတွေချည်းပဲဗျာ"

ပွဲနင်းကြီး ဘသိန်းမောင်အပြောကို ခုံးငုပ်သား အောင်လှ အားပါးတရပြောလိုက်ရာ အပြုံးမျက်နှာများ အောင်လှဆီ ရောက်သွားကြသည်။

"ဟုတ်တယ်ဟ တို့လှေပေါ်မှာ တာဝန်ယူနေကြတဲ့ လှေသားတွေ ကြည့်လိုက်။ တို့ပွဲနင်းကြီး ကိုကြီး ဘသိန်းမောင်ဆို ခံ့ညားသလား မမေးနဲ့။ ရုပ်ရှင်အသိုင်းအဝိုင်းနဲ့ နီးစပ်မှုရှိရင် မင်းသားတောင် ဖြစ်နိုင်တယ်ဗျ။ စက်ဆရာ ကိုထွန်းနိုင်လဲ ကြည့်အုံး။ မင်းသားတွေနဲ့တောင် ခပ်ဆင်ဆင်တူနေသလိုပဲ သိလား"

"ဒီမှာ ကျွန်တော့်အစ်ကိုကြီး သာထွန်း ကိုယ်လုံးလှတာကြည့် မောင်ပြိုင်ရင် နံပါတ်ချိတ်နိုင်တယ်နော်"

"ရေငုပ်သားတွေ အကုန်လုံးကြည့်လိုက်ပါအုံး။ ထူးအောင်၊ အောင်လှ၊ မောင်လှ၊ ဘထီးကော၊ ကျွန်တော်ကော ဘယ်သူညံ့သလဲဗျာ။ တကယ့် ဒေါင်ဒေါင်မြည်တွေချည်းပဲနော်"

ခုံးငုပ်သား သန်းကြီးမောင်၏အပြောမှာ အကုန်လုံး သဘောတွေ့၍ မနောခွေ့ပြီး တခစ်ခစ် ရယ်လိုက်ကြသည်မှာ နေလောင်မျက်နှာကြီးနှင့်ဆန့်ကျင်ကာ လှပ၍နေကြပါလေတော့သည်။

ပင်လယ်ကမ်းခြေ သဲဖြူလမ်းနှင့် အုန်းပင်တန်းများကြားက ပင်လယ်ပျော် ရေလုပ်သားတို့၏ ဇနီးမယား၊ သမီးသားများကလည်း-

"ကိုကိုရေ လာပါတော့"

"မောင်မောင်ရေ လာပါတော့"

"ဖေဖေကြီးကို ချစ်တယ်၊ ဖေဖေကြီးကိုချစ်တယ်" စသည်ဖြင့် အမျှော်စိုက်တေးသွားတွေ လှစ်ဟရင်း ပျပျကလေးမြင်နေရသည့် ပင်လယ်ရေပြင်ကြီးကို မှန်းမျှော်လျက်ရှိနေကြပါလေတော့သည်။

## အမျိုးသားနေ့ တို့မမေ့

\- သူတစ်လူ ငါတစ်မင်းကြောင့်
စည်းလုံးခြင်း ပြိုခဲ့သည်၊
နယ်ချဲ့ကို တော်လှန်ရင်း
ပျက်ယွင်းတို့ပြည်၊
လွတ်လပ်ရေး ဆုံးရှုံးပြီ
ကိုလိုနီ ဘဝဆိုး၊
ဖိနှိပ်ခံ ကျွန်သပေါက်
ရောက်ရဂုဏ်ညှိုး။

\- ကျွန်ပညာ နယ်ချဲ့ပေး
ကုပ်သွေးစုပ် ကာလရှည်၊
ရန်ကုန်တက္ကသိုလ် ဥပဒေကြမ်း
ပြဋ္ဌာန်းခဲ့သည်၊
ကျောင်းသားတို့ လက်မခံပြီ
တွန်းလှန်ညီ စနစ်ဆိုး၊
ကျွန်သက်ရှည် ပညာရေးမို့
မနေးရိုက်ချိုး။

\- ကျောင်းသားတွေ သပိတ်မှောက်
ရဲရဲတောက် စိတ်ဓာတ်တွေ၊
ပြည်လုံးသာ ပျံ့ကူးစက်
ထူးပွက်လျှံဝေ၊
လွတ်လပ်ဖို့ ထိုးစစ်ဖွေ
မျိုးချစ်တွေ စုပေါင်း၊
တို့နိုင်ငံ ညွတ်ကွင်းမှ
လွတ်ကင်းစေကြောင်း။

\- နယ်ချဲ့နှံ့ ဝဲဂယက်မှ
လွှဲထွက်ဖို့ အစရည်၊
မြန်မာတွေ ပွဲအောင်ပန်း
ပွင့်လန်းခဲ့သည်၊
ထိုနေ့ဖြင့် မမေ့ပြီ
သမိုင်းတည် မပျက်၊
လတန်ဆောင် မှန်သရုပ်နှင့်
လဆုတ် ဆယ်ရက်။

\- တို့မြန်မာ အောင်ပွဲနေ့
ပြန်ပြောင်း၍ စစ်ကြည့်ပါ၊
ဂုဏ်ယူစွာ မော်ကွန်းလှစ်
နှစ် ရာကျော်လာ၊
တို့သမိုင်းမို့ မမေ့ရာ
သင်ခန်းစာ ယူဆဲ၊
ဘေးရောဂါ ဘယ်လိုကြုံ
သွေးပြောတာ တကယ်ကိုယုံလို့
သွေးစည်းဂုဏ် မြဲမပျက်တယ်
တွဲလက်ဆင့်ကဲ။ ။

**ညွန့်ဝင်း(နတ်တလင်း)**

# အလုပ်နှင့်လုပ်ခ

ဗညားကျန်းထော

**"စိတ်ဓာတ်လှုံ့ဆော်မှုဟာ မီးပွားဖြစ်တယ်။ ဗဟုသုတက မီးတောက်ကိုထွန်းညှိပေးတယ်။ ပြီးမြောက်အောင်မြင်မှု အင်ဂျင်ကိုလောင်စာဖြည့်ပေးတယ်။ အရှိန်အဟုန်ကိုထိန်းသိမ်းမြှင့်တင်ပေးတယ်"**

**ဇစ်ဇစ်ဂလာ**

ဝန်ထမ်းတစ်ယောက်ဟာ သူရနေတဲ့လခထက် ပိုပြီးထိုက်တန်တဲ့ ကိုယ်စွမ်းဉာဏ်စွမ်းနဲ့ အလုပ်လုပ်ပေးနေတယ်။ ဒါပေမယ့် လုပ်သက်လေးနည်းနည်းရလာတော့ သူ့အတွက် လစဉ်အရှုံးထွက်နေတယ်လို့ ထင်မြင်လာတယ်။ ကိုယ့်အရည်အချင်းနဲ့နှိုင်းစာရင် ရတဲ့လခငွေကြေးက နည်းလွန်းတယ်လို့ထင်လာတော့ အလုပ်ကိုစိတ်မပါတော့ဘူး။ ရေသာခိုတယ်။ အလုပ်ကိုလျှော့လျှော့ပေါ့ပေါ့ပဲ လုပ်တော့တယ်။ ကိုယ့်ရှေ့ကလူတွေလည်း ဒီလိုပါပဲ။

အခြားလူတစ်ယောက်ကတော့ လခဟာ ကိုယ့်လုပ်အားတန်ဖိုးထက် နည်းနေတာမှန်ပေမယ့် လစာနည်းတာများတာ မစဉ်းစားပါဘူး။ ကိုယ်လုပ်တဲ့အလုပ်ကိုသာ တတ်နိုင်သမျှကောင်းသထက်ကောင်းအောင် လုပ်ဆောင်တယ်။

မိမိဘက်က တန်ရာတန်ကြေးမရလို့ ရှုံးနေတယ်ပဲထား။ မြတ်တဲ့သူကအလုပ်ရှင်။ အလုပ်ရှင်ကနိုင်ငံတော်အစိုးရ၊ အစိုးရများများမြတ်ရင် ပြည်သူလူထုကျန်းမာရေး၊ ပညာရေး ပိုပြီးကောင်းအောင် ဖြည့်စွမ်းပေးနိုင်လာမှာပေါ့။ ပြည်ပနိုင်ငံခြားကို ပေးရတာမှ မဟုတ်ဘဲ။ ကျေနပ်တယ်ဆိုတဲ့ သဘောထားရှိတယ်။ သူက။

ရေသာခို၊ အလုပ်မကြိုးစား၊ အလုပ်ကိုအချိန်ဆွဲလုပ်တတ်တဲ့လူက လုပ်သက်သာများလာတယ် မကြီးပွား။ ကြာလေလေ ဆင်းရဲလေလေ မွဲတေစုတ်ချာသွားတယ်။

ဒုတိယလူစားမျိုးကတော့ များများမရှိလှပါ။ ရှားပါတယ်။ ဒီလိုလူတွေပဲ ရာထူးအဆင့်ဆင့်ကို မမျှော်လင့်ဘဲနဲ့ တစ်ခုပြီးတစ်ခု တက်တက်သွားတယ်။ ဥပမာ အလုပ်စဝင်တုန်းက အငယ်တန်းစာရေး(ဟိုတုန်းကဆို အောက်တန်းစာရေးလို့ခေါ်ခဲ့သေးတယ်)။ အဆင့်ဆင့် အရာရှိတွေ ဘာတွေဖြစ်ပြီး ညွှန်မှူး ညွှန်ချုပ်မှတစ်ဆင့် ဝန်ကြီး၊ ဒုဝန်ကြီးတွေတောင် ဖြစ်သွားကြသူတွေလည်း ရှိခဲ့တာပါပဲ။

နမူနာပြရရင် စိုက်ပျိုးရေးဒုဝန်ကြီးဦးလှကျော်၊ မိုးလေဝသညွှန်ချုပ်ဦးထွန်းလွင်၊ ယဉ်ကျေးမှုညွှန်ချုပ် မနုသကျော်ဝင်း၊ အစိုးရအဖွဲ့ရုံးညွှန်ချုပ် ဦးမြင့်သိန်း၊ မီးရထားညွှန်ချုပ်၊ ငွေစာရင်းညွှန်ချုပ် စသဖြင့် အောက်ခြေရာထူးမှ ထိပ်ဆုံးအကြီးအကဲဘဝ။

သူတို့လိုလူစားတွေဟာ ရှားပေမယ့်ရှိခဲ့တာအမှန်ပါ။ မျက်ကွယ်ပြုထားလို့ မရပါဘူး။ ထည့်မစဉ်းစားလို့ မရပါဘူး။ စံပြုအတုယူစရာတွေလေ။

လူတိုင်းကတော့ ကိုယ့်အကျိုးစီးပွားကိုသာ အဓိကဦးစားပေး စဉ်းစားလေ့ရှိတာဓမ္မတာမို့ တစ်ကိုယ်ကောင်းဆန်တဲ့ သဘောထားရှိသူများကိုလည်း အပြစ်ဆိုနေရုံနဲ့ မပြီးပါ။ ငါနဲ့ငါ့မိသားစုရဲ့ အကျိုးစီးပွားဟာ ငါ့ပတ်ဝန်းကျင်၊ ငါ့လူမျိုး၊ ငါ့နိုင်ငံ တိုးတက်ကောင်းစားပါမှ ရေမြင့်ရင် ကြာတင့်ဆိုသလို မိမိတို့ဘဝတွေပါ မြင့်မားသာယာနိုင်တာ မဟုတ်လား။ ဒါကို နားလည်သိမြင်စေချင်ပါတယ်။

ငါ့အကျိုး ငါ့အတွက်သာ ကွက်ကွက်ကလေး စဉ်းစားတတ်တဲ့ သဘောထားအမြင်ဟာ ရိုးစင်းလွန်းတာမှန်ပေမယ့် မြင်ကွင်းကျယ်မြင်အောင် ကြည့်တတ်ရင် ရပ်ရွာအကျိုးမှအစ တိုင်းပြည်အကျိုးထိ လူတစ်ဦးချင်းစီက ပါဝင်ကြရမှာပါကလားဆိုတဲ့ လူမှုတာဝန်ကို နားလည်နိုင်ရပါမယ်။ ဘဝင်မကျသေးရင် ထပ်စဉ်းစားပါ။

စာရေးသူငယ်စဉ်က မဂ္ဂဇင်းတစ်စောင်ထဲမှာ ဖတ်ခဲ့ရဖူးပါတယ်။ ဖွံ့ဖြိုးမှု အလွန်ခေတ်နောက်ကျခဲ့တဲ့ တောင်ပေါ်ဒေသကျေးရွာလေးတစ်ရွာက ဖြစ်ရပ်ပုံပြင်တစ်ခုပါ(ဘာသာပြန်တာလည်း ဖြစ်နိုင်ပါတယ်)။ စာပေဟောပြောပွဲတစ်ခုမှာလည်း စာရေးဆရာတစ်ဦးက ထည့်ပြောသွားတာကြားမိပါတယ်။

တစ်ခါတုန်းက ဆင်းရဲတဲ့ တောင်ပေါ်ကျေးရွာတစ်ရွာကို မြို့နယ်အုပ်ချုပ်ရေးမှူး ရှေးခေတ်ကတော့ နယ်ပိုင်၊ မြို့ပိုင် ဖြစ်ပေမှာပေါ့ကွယ်။ တစ်တောဝင်တစ်တောင်တက်နဲ့ ခက်ခက်ခဲခဲခရီးဝေးကြီး ဖြတ်သန်းပြီး ရွာကိုရောက်လာတယ်။

## ❖ လူကအပြုအမူ၊ အပြောအဆို၊ အကြံအစည်ဆိုတဲ့ အလုပ်သုံးမျိုး ထုတ်လုပ်နိုင်တယ်။ အလုပ်လို့လည်း ပြောနိုင်တယ်။ ကံလို့လည်းခေါ်ရတယ်။ အလုပ်ထဲမှာ စေတနာပါရတယ်။ ဒါကတန်ဖိုး။ အလုပ်ကငါ့အတွက် များများမရပေမယ့်လည်း ငါ့ဆွေမျိုး၊ ငါ့လူမျိုး၊ ငါ့နိုင်ငံအတွက် အကျိုးအမြတ် အများကြီးရစေတယ်ဆိုရင် စိတ်ပါလက်ပါလုပ်ရမှာပဲပေါ့။ တစ်ယောက်အားနဲ့ယူသော်မရ၊ တစ်သောင်းအားနဲ့ ယူမှရတယ်ဆိုတဲ့ စကားလိုပါပဲ။ လူ့အဖွဲ့အစည်းတစ်ခုရဲ့ အခြေခံအကျဆုံးဖြစ်တဲ့ မိသားစုတစ်ခုမှ စုစည်းထားတဲ့နိုင်ငံပဲ ဖြစ်ဖြစ် စိတ်ထားညီညွတ်စုစည်းကြဖို့ အရေးကြီးတယ်။ စိတ်တူကိုယ်တူ၊ စိတ်ချင်းနီးကြရမှာ ဖြစ်ပါတယ်။ စိတ်ဓာတ်က အခြေခံကျပါတယ်။ ❖

သူကြီးက ရွာသူရွာသားတွေကို တို့ရွာကိုမြို့နယ်အဆင့် အကြီးအကဲရောက်လာတယ်။ "ဒီညငါတို့ရွာလယ်မှာ မီးပုံပွဲနဲ့ ရိုးရာစုပေါင်းကခုန်ပွဲလုပ်ကြမယ်။ အိမ်တိုင်းက ခေါင်ရည်တစ်ကျည်တောက် ယူလာခဲ့ရမယ်။ ရွာလယ်ကအိုးကြီးထဲကို ညနေစောင်းရင် လာထည့်ကြရမယ်" ဆင့်ခေါ်ကြေညာတယ်။

နေဝင်သွားပြီ။

ညမှောင်စပြုပြီ။

ရွာသားတွေ အိမ်ထောင်ဦးစီးတွေက ဝါးကျည်တောက်အသီးသီးနဲ့ ရွာလယ်ကအိုးကြီးထဲကို ခေါင်ရည်တွေ လာထည့်ကြသတဲ့။ မှောင်နေပြီဆိုတော့ နည်းသလား၊ များသလား ဘယ်သူမှ မမြင်ကြပါ။ ခေါင်ရည်အိုးကြီးက မီးပုံပွဲကကြမယ့် ကွင်းပြင်မှာပါပဲ။

ရပ်ရွာစုပေါင်းကခုန်ပွဲ မီးပုံပွဲလုပ်ရင် ယခင်ကတော့ ကိုယ့်ခေါင်ရည်ဘူးနဲ့ကိုယ် သောက်ကြ၊ ကကြခဲ့တာပဲ။ သူစိမ်းအဝေး ဧည့်သည်တချို့ရောက်လာတော့ သူတို့အတွက်ဧည့်ခံဖို့ သောက်စရာခေါင်ရည်ကို တစ်ရွာလုံးကအိမ်တိုင်း မျှဝေကျခံစုပေါင်းထည့်တဲ့သဘောပေ့ါ။ တကယ်တော့ ဘယ်သူတစ်ယောက်ကမှ ခေါင်ရည်ယူလာပြီး မထည့်ကြဘူး။ ရေပဲယူလာပြီးထည့်ခဲ့ကြတယ်။ "ငါတစ်ယောက်မထည့်တာကို ဘယ်သူမှမသိပါဘူး။ သူများထည့်တဲ့ ခေါင်ရည်တွေပဲ ငါသောက်မယ်" အဲဒီသဘောထားနဲ့။ ရွာသားအားလုံးက ဒီလိုစိတ်တူကိုယ်တူ တိုင်ပင်မထားရဘဲ ခေါင်ရည်အစား ရေတွေချည်းထည့်ကြသတဲ့။

မီးပုံပွဲမှာ ချမ်းချမ်းအေးအေး ညဦးကခုန်ကြလို့ ပိုပြီးမြူးရအောင် ခေါင်ရည်အိုးက ခေါင်ရည်မှတ်တဲ့ဟာတွေ ခပ်သောက်တော့ ရေသက်သက်ဖြစ်နေတာပေ့ါ။ "အမှောင်ထဲမှာ ငါအချောင်ခိုတာ လူတကာဘယ်သူမှမမြင်ဘူး၊ မသိဘူး၊ ငါကရေထည့်ပြီး သူများထည့်တဲ့ခေါင်ရည်ပဲ သောက်မယ်"ဆိုတဲ့လူတွေချည်း။

မနက်လင်းတော့ မြို့နယ်လူကြီးက ရွာသူ၊ ရွာသားတွေကိုစုဝေးပြီး မိမိအတွက်မှတစ်ပါး သူတစ်ပါးကိုပေးရကျွေးရမှာ စေတနာမရှိရင် လူ့အဖွဲ့အစည်းဆိုတာ ငယ်ငယ်ကြီးကြီး ပျက်စီးတတ်တယ်။ ကိုယ့်အကျိုး၊ ကိုယ့်အတွက်၊ ကိုယ့်ဘက်ကိုယ့်နေရာသက်သက်ချည်း မစဉ်းစားရဘူး။

ညကမီးပုံပွဲမှာ ခေါင်ရည်အစား ရေပဲအားလုံးသောက်ကြရတဲ့ သင်ခန်းစာအကြောင်းပြုပြီး **သူတစ်ပါးအတွက်၊ အများအတွက်၊ မိဘဆွေမျိုး၊ ရပ်ရွာအကျိုးကို မိမိလည်းအနစ်နာခံမယ်၊ ပါဝင်မယ်၊ ပေးဆပ်မယ်ဆိုတဲ့ ခံယူချက်၊ ရိုးသားမှု၊ ချစ်ခင်မှု၊ အပြန်အလှန်လေးစားမှု၊ စာနာမှု၊ နားလည်မှုရှိကြမှသာ ထိုရွာ၊ ထိုမြို့၊ ထိုတိုင်းပြည်ဟာ တိုးတက်သာယာဖွံ့ဖြိုးနိုင်တာဆိုတဲ့အကြောင်း** ရှင်းလင်းပြောပြသတဲ့။

ဒါမှသာ လမ်းတွေ၊ ကျောင်းတွေ၊ ဆေးရုံတွေ၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ သွားလာဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးတွေ ကောင်းမွန်ဖွံ့ဖြိုးလာနိုင်တယ်ဆိုတာ နားဝင်အောင်ဆွေးနွေးသတဲ့။

တိုတိုပြောရရင် ရွာသူ၊ ရွာသားတွေ နားဝင်သဘောပေါက်သွားကြပါသတဲ့။ နောက်နှစ်၊ နောက်တစ်ခေါက်၊ ဒီတောင်ပေါ်တိုင်းရင်းသား ကျေးရွာလေးကို ထပ်ရောက်တဲ့အခါမှာတော့ သိသိသာသာ ဖွံ့ဖြိုးတိုးတက်နေတာ တွေ့ရပါသတဲ့။ အကောင်းဘက်ကိုပြောင်းလဲမှုတွေပေ့ါ။ **လူ့အဖွဲ့အစည်းမှာ အချင်းချင်းစာနာမှု၊ ချစ်ခင်လေးစား၊ စုပေါင်းအားဟာ တောရဲတိရစ္ဆာန်၊ သားရဲကောင်များရဲ့ အန္တရာယ်ကို ကောင်းကောင်းကာကွယ်နိုင်တဲ့အပြင် ပူးပေါင်းလုပ်ဆောင်ကြတဲ့ လုပ်အားက အဆများစွာကြီးမားတဲ့ ပြောင်းလဲမှုကို ရနိုင်ပေတယ်။**

လူတွေမှာ စိတ်သစ်၊ လူသစ်၊ ခွန်အားသစ်တွေ ရလာဖို့ စိတ်အားတက်စေမယ့် အသိအမြင်ဗဟုသုတ အလင်းရောင်မျှဝေပေးမယ့် သူတွေလိုပေတယ်။ လူကအပြုအမူ၊ အပြောအဆို၊ အကြံအစည်ဆိုတဲ့ အလုပ်သုံးမျိုး ထုတ်လုပ်နိုင်တယ်။ အလုပ်လို့လည်း ပြောနိုင်တယ်။ ကံလို့လည်းခေါ်ရတယ်။

အလုပ်ထဲမှာ စေတနာပါရတယ်။ ဒါကတန်ဖိုး။

အလုပ်ကငါ့အတွက် များများမရပေမယ့်လည်း ငါ့ဆွေမျိုး၊ ငါ့လူမျိုး၊ ငါ့နိုင်ငံအတွက် အကျိုးအမြတ် အများကြီး ရစေတယ်ဆိုရင် စိတ်ပါလက်ပါ လုပ်ရမှာပဲပေ့ါ။ တစ်ယောက်အားနဲ့ယူသော်မရ၊ တစ်သောင်းအားနဲ့ ယူမှရတယ်ဆိုတဲ့ စကားလိုပါပဲ။ လူ့အဖွဲ့အစည်းတစ်ခုရဲ့ အခြေခံအကျဆုံးဖြစ်တဲ့ မိသားစုတစ်ခုမှ စုစည်းထားတဲ့နိုင်ငံပဲဖြစ်ဖြစ် စိတ်ထားညီညွတ် စုစည်းကြဖို့ အရေးကြီးတယ်။ စိတ်တူကိုယ်တူ၊ စိတ်ချင်းနီးကြရမှာ ဖြစ်ပါတယ်။ **စိတ်ဓာတ်က အခြေခံကျပါတယ်။**

အခြားအရာတွေ ဆက်ပြောရရင်တော့ **စည်းကမ်း**တို့၊ **စေတနာ**တို့၊ **စွမ်းဆောင်ရည်**တို့လည်း လိုအပ်ကြောင်း သိကြပြီးသားပါ။ မိမိရဲ့ မိသားစုကိုချစ်သလို၊ လုံခြုံချမ်းသာစေချင်သလိုပဲ ကိုယ့်လူမျိုး၊ ကိုယ့်နိုင်ငံအကျိုးကိုလည်း ဦးစားပေး စဉ်းစားတတ်ရပါတယ်။ ဒါမှ အမြင်ကျယ်တာလေ။

ကိုယ်ဖြတ်သန်းခဲ့တဲ့ ကိုယ့်ဘဝအကြောင်းကို အနည်းငယ်မျှ ဖော်ပြပါရစေ။

ကျောင်းသားဘဝကလွန်တဲ့နောက် မိမိဘဝက လခစားဝန်ထမ်း အလုပ်လုပ်ခဲ့ပါတယ်။ နှစ်ပေါင်းလေးဆယ်နီးပါး အစိုးရဝန်ထမ်းအဖြစ် ပါဝင်တာဝန်ထမ်းခဲ့ရပါတယ်။ နေရာဒေသမျိုးစုံ နယ်စပ်မြို့တွေအပါအဝင်၊ ရှမ်းပြည်နယ်မှာချည်း နှစ်ပေါင်း ၂၀ ကျော် ထမ်းဆောင်ခဲ့ရပါတယ်။ နိုင်ငံ့ဝန်ထမ်းဆိုတာ ထားရာနေ၊ စေရာသွားရမြဲထုံးစံမို့ ဘယ်မြို့၊ ဘယ်မှာနေချင်တာရယ်လို့ တစ်ခါမှ မတောင့်တခဲ့ဖူးပါ။ ကျရာမှာနေမှာပဲ။

ပေးလာတဲ့တာဝန်ကို အကောင်းဆုံးလုပ်ဆောင်မှာပဲ။ ဒီလိုနဲ့ ရာထူးတာဝန်အဆင့်ဆင့် တိုးမြှင့်ထမ်းဆောင်ခဲ့ရပါတယ်။ ကိုယ်တစ်ယောက်ထည်း ထူးချွန်လို့တော့မဟုတ်ပါဘူး။ ဘွဲ့ရအဆင့် အလုပ်ခွင်သင်တန်းသားအနေနဲ့ စတင်ရတဲ့ လစာက ၁၁၅ ကျပ်ပါ။ အငြိမ်းစားမယူခင်ရခဲ့တဲ့ လစာကတော့ သိန်းဂဏန်းပါ။ အဆတစ်ထောင်မကအောင် လခများလာခဲ့တာပေ့ါ။ သူငယ်ချင်း ၂၀ ကျော်အတူတူပဲ။

ကိုယ်ကတောင်းဆိုတာလည်း မဟုတ်ဘူး။ လစာတိုးပေးပါ၊ ရာထူးတိုးပေးပါ၊ တစ်ခါမှလည်း မတောင်းခံဖူးပါဘူး။

မိမိကိုယ်ပိုင်ခံယူချက် ဆောင်ပုဒ်ရှိတယ်။

ဘာလဲဆိုတော့ **"ဦးလည်မသုန်"**

ငါ့အားအထက်မှပေးအပ်သော အမိန့်နဲ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ပါမယ်။ ဦးလည်မသုန်လိုက်နာလုပ်ဆောင်မယ်။ သူများတွေ ဘာဖြစ်ဖြစ်၊ သူများတွေ ဘာပြောပြော၊ ငါဟာစိတ်ဓာတ်၊ စည်းကမ်း၊ စေတနာ၊ စွမ်းဆောင်ရည်ကောင်းအောင်လုပ်မယ်။

ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက်၊ ငါ၏အသက်ကိုစွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ၏လို့ နေ့စဉ်သစ္စာဆိုခဲ့တယ်။ သစ္စာစောင့်သိခဲ့တယ်။ သစ္စာရှိခဲ့ပါတယ်။ လောကမှာ ဘယ်သူမဆို အလုပ်နဲ့ထိုက်တန်တဲ့ လုပ်ခကိုရကြစမြဲပါပဲ။ တိုင်းပြည်နဲ့လူမျိုးဟာ တိုးတက်လာမှာပါ။

ဗုဒ္ဓံ ဓမ္မံ သံဃံ


35 CORNER မျက်မှန်ဆိုင်

ပါဝါမျက်မှန်၊ နေကာမျက်မှန်၊ အလှတပ်မျက်ကပ်မှန်များကို နောက်ဆုံးပေါ်ကွန်ပျူတာစက်ကြီးများဖြင့် ကျွမ်းကျင်ဆရာဝန်ကြီးများ ကိုယ်တိုင်စမ်းသပ်စစ်ဆေးပေးနေပြီး မျက်မှန်ကိုင်းများကိုလည်း နေ့ချင်းပြီး ဆောင်ရွက်ပေးနေပါသည်။

'ဈေးချင်းတူလျှင် ပစ္စည်းပိုကောင်းရမည်၊ ပစ္စည်းချင်းတူလျှင် ဈေးပိုသက်သာရမည်။'

ဆိုင် (၁) ၃၅ လမ်း × ၈၄ လမ်းထောင့်။ Ph:09-880909030, 09-91001454 ဆိုင် (၂) ၇၉ လမ်း × ၂၇ × ၂၈ လမ်းကြား။ Ph:09-780678007

ဆိုင် (၃) ၆၂ လမ်း × ၁၀၉ လမ်းထောင့်။ Ph:09-880909040




## ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၁၅၆၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရေဦး နိုဝင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၁၅၆၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၄၀၄၄ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၁၅၆၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ရေဦးမြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေ ပေးနေပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

## ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးကွမ်းရှပ်ခြောက် ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ နိုဝင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်း ငါးကွမ်းရှပ်ခြောက်ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သင်းသင်ဌေးက ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးကွမ်းရှပ်ခြောက် ပိဿာချိန် ၆၂၀၀၀သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း ငါးကွမ်းရှပ်ခြောက် ပိဿာချိန် ၇၂၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဖျာပုံမြို့နယ်က ထွက်ရှိတဲ့ ဒေသထွက် ငါးကွမ်းရှပ်ခြောက်တွေကို ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်း ငါးကွမ်းရှပ်ခြောက် ပိဿာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ အရောင်းအဝယ်လုပ်နေတဲ့ ငါးခြောက်တွေက နွေကာလက လုပ်ထားတဲ့ ငါးခြောက်တွေ ဖြစ်ပါတယ်။ ငါးခြောက်တွေကတော့ ပြည်တွင်းမှာကို စားသုံးသူများလို့ အဝယ်လိုက်နေတာ ဖြစ်ပါတယ်"ဟု ဖျာပုံမြို့နယ် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သင်းသင်ဌေးက ပြောပြသည်။

အဆိုပါ ငါးကွမ်းရှပ်ခြောက် ၁၀ ပိဿာလျှင် ငွေကျပ် ၃၀၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။
(ခ) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။
(ဂ) ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။
(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။
(င) အမြင်အာရုံကြီးမားစွာ ချို့ယွင်းသူမဖြစ်စေရ။ (မျက်မှန်တပ်ဆင်ထားသူများလည်း လျှောက်ထားနိုင်သည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာ တပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady. net.mm/ nurse(male))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၅-၁၀-၂၀၂၅ ရက်နေ့မှစ၍ ၂၄-၁၁-၂၀၂၅ ရက်နေ့အတွင်း နီးစပ်ရာ တပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-
(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့် နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။
(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။
(င) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။
(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၇-၁၂-၂၀၂၅ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။ **(မေးခွန်းနမူနာပုံစံများအား Myawady Webportal (www.myawady. net.mm/nurse(male))တွင် ဝင်ရောက်လေ့လာနိုင်သည်။)**

၄။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၁၇-၁၂-၂၀၂၅ ရက်နေ့မှ ၂၃-၁၂-၂၀၂၅ ရက်နေ့အတွင်း တပ်မတော် ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-
(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)
(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)
(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ)
B.Med.Tech(Medical Laboratory Technology)
(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ)
B.Med.Tech(Physiotherapy)
(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical Imaging Technology)
(စ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့
B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့ (Master of Science) နှင့် ပါရဂူဘွဲ့(Ph.D)သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု/ ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ (ဒုတိယတန်း))အဖြစ် စတင်ခန့်အပ်ပေးမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

# တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသူအမျိုးသမီးများ အလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ဂ) ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(င) အမြင်အာရုံကြီးမားစွာ ချို့ယွင်းသူမဖြစ်စေရ။ (မျက်မှန်တပ်ဆင်ထားသူများလည်း လျှောက်ထားနိုင်သည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာ တပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady. net.mm/nurse(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၅-၁၀-၂၀၂၅ ရက်နေ့မှစ၍ ၂၄-၁၁-၂၀၂၅ ရက်နေ့အတွင်း နီးစပ်ရာ တပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့် နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၇-၁၂-၂၀၂၅ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။ **(မေးခွန်းနမူနာပုံစံများအား Myawady Webportal (www.myawady. net.mm/nurse(female))တွင် ဝင်ရောက်လေ့လာနိုင်သည်။)**

၄။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၁၇-၁၂-၂၀၂၅ ရက်နေ့မှ ၂၃-၁၂-၂၀၂၅ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀) ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ)
B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ)
B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical Imaging Technology)

(စ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့
B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့ (Master of Science)နှင့် ပါရဂူဘွဲ့(Ph.D)သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု/ ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့် တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ (ဒုတိယတန်း))အဖြစ် စတင်ခန့်အပ်ပေးမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

# (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့်ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ အများအပြားကိုဖြစ်စေထည့်သွင်းဖွဲ့ဆိုရေးသားနိုင်ပါသည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာ့ကဗျာဝင်ကဗျာရေးထုံးနှင့် ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို(အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်း/ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့်ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့ အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu Font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၃၀၀,၀၀၀ ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၆၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၄၀၀,၀၀၀ ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**




**Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။**

ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်းငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း

Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊

Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊

လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)

အငြိမ်းစားလစာအပါအဝင်ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကိုဘဏ်ကိုသွားရန်မလိုဘဲမိုဘိုင်းဖုန်းဖြင့်ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၀၁၅၂၁
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄




**ကုန်ဆုံးသွားသော စွမ်းအားများ**

# DAGON Malta Fresh

**နဲ့ ဖြည့်စွမ်းထား ...**

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


# ဝေဠုဝင် စိန်ဆိုင်

## ဝန်ထမ်းအလိုရှိသည်

### စာရင်းကိုင်အမျိုးသမီး ( ၂ )ဦး

လျှောက်ထားလိုသူများသည်

- ဘွဲ့ရပြီး အသက် (၂၅)နှစ်အောက်ဖြစ်ပြီး အိမ်ထောင်မရှိသူ ဖြစ်ရမည်။
- လက်ဝတ်ရတနာနှင့်ပတ်သက်၍ စာရင်းပိုင်း စိတ်ရှည်စေ့စပ်ပြီး စိတ်ပါဝင်စားသူ ဖြစ်ရမည်။
- မိမိတာဝန် မိမိကျေပွန်စွာ ထမ်းဆောင်၍ အပြည့်အဝ တာဝန်ယူနိုင်သူ ဖြစ်ရမည်။
- Teamwork နှင့်လုပ်ကိုင်နိုင်ပြီး ပေးအပ်သောတာဝန်များကို ကျေပွန်စွာ ဆောင်ရွက်နိုင်သူဖြစ်ရမည်။
- အကျင့်စာရိတ္တ ကိုယ်ကျင့်တရား အထူးကောင်းမွန်ရမည်။
- မိဘနှင့် စိတ်ချရသောထောက်ခံမှုရှိသူကို ဦးစားပေးမည်။
- တစ်ကိုယ်ရည်သန့်ရှင်းသပ်ရပ်ပြီး ရုပ်ရည်ပြေပြစ်သူ ဖြစ်ရမည်။
- ရေရှည်လက်တွဲလုပ်ကိုင်သူများကို ပို၍ဦးစားပေးမည်။

### အရောင်းဝန်ထမ်းအမျိုးသမီး ( ၅ )ဦး

လျှောက်ထားလိုသူများသည်

- ဘွဲ့ရပြီး ဖြစ်ရမည်။
- အသက် (၂၅)နှစ်အောက်ဖြစ်ပြီး အိမ်ထောင်မရှိသူ ဖြစ်ရမည်။
- ပြုံးရွှင်ချိုသာမှုဖြင့် စိတ်သဘောထားပြည့်ဝစွာ ဆက်ဆံနိုင်သူ ဖြစ်ရမည်။
- အရောင်းမြှင့်တင်ရေးတွင် စိတ်ရှည် သွက်လက်ချက်ချာပြီး အဖွဲ့အစည်းနှင့် စိတ်ပါဝင်စားစွာ လုပ်ကိုင်နိုင်သူ ဖြစ်ရမည်။
- အကျင့်စာရိတ္တအထူးကောင်းမွန်ရမည်။
- မိမိတာဝန် မိမိကျေပွန်စွာထမ်းဆောင်၍ အပြည့်အဝ တာဝန်ယူနိုင်သူ ဖြစ်ရမည်။
- မိဘနှင့် စိတ်ချရသော ထောက်ခံမှုရှိသူကို ဦးစားပေးမည်။
- တစ်ကိုယ်ရည် သန့်ရှင်းသပ်ရပ်ပြီး ရုပ်ရည် ပြေပြစ်သူဖြစ်ရမည်။
- ရေရှည်လက်တွဲလုပ်ကိုင်သူများကို ပို၍ဦးစားပေးမည်။

### ဧည့်ကြိုအမျိုးသမီး ( ၅ )ဦး

လျှောက်ထားလိုသူများသည်

- အထက်တန်းအထိ အောင်မြင်ပြီးသူဖြစ်ရမည်။ ( ကျောင်းကိစ္စ ကင်းရှင်းသူဖြစ်ရမည်။ )
- ရုပ်ရည်အသင့်အတင့်ရှိပြီး လူမှုဆက်ဆံရေး အထူးကောင်းမွန်သူ ဖြစ်ရမည်။
- ဧည့်သည်များကို ဝန်ဆောင်မှု ကောင်းမွန်စွာပေးနိုင်သူ ဖြစ်ရမည်။
- အကျင့်စာရိတ္တအထူးကောင်းမွန်၍ မိမိတာဝန် မိမိကျေပွန်စွာ အပြည့်အဝ တာဝန်ယူနိုင်သူ ဖြစ်ရမည်။
- အသက် (၂၅)နှစ်အောက်ဖြစ်ပြီး အိမ်ထောင်မရှိသူ ဖြစ်ရမည်။
- ရေရှည်လက်တွဲလုပ်ကိုင်သူများကို ပို၍ဦးစားပေးမည်။

လျှောက်ထားလိုသူများသည် ကိုယ်တစ်ပိုင်းဓါတ်ပုံ ( ၁ )ပုံ၊ အိမ်ထောင်စုဇယားမိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ လုပ်ငန်းအတွေ့အကြုံထောက်ခံစာ၊ ရဲစခန်း နှင့် ရပ်ကွက် ထောက်ခံစာ၊ မိဘနှင့် သက်ဆိုင်ရာထောက်ခံစာ၊ လျှောက်ထားသောရာထူးအတွက် လျှောက်လွှာတို့နှင့်အတူ ( ၂၅-၁၁-၂၀၂၅ )နေ့ နောက်ဆုံးထားပြီး အမှတ်( ၂၉၉ )၊ ၂၆ လမ်း၊ ၈၂ × ၈၃ လမ်းကြား၊ မန္တလေးမြို့သို့ ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။
( အမှန်တကယ် အလုပ်လုပ်ကိုင်လိုသူများသာ လျှောက်ထားရန် )


5 Digits
Online Lottery

(၂၅)ကြိမ်မြောက် ထီဖွင့်ပွဲတွင် Jackpot ဆုကြီး
ကျပ်သိန်း (၂၀၀၀) အတွက်
ကံထူးရှင် ထွက်ပေါ်လာခဲ့ပါသဖြင့်
(၂၆)ကြိမ်မြောက် ထီဖွင့်ပွဲတွင်
Jackpot ဆုကြီး၏ ထီဆုငွေမှာ-

Jackpot ဆုကြီး ကျပ်သိန်း
၃၀၀၀

*117#

ကိုခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့်
5 Digits အောင်ဘာလေအွန်လိုင်းထီ
ဝယ်ယူကံစမ်းနိုင်ပါပြီ။

လစဉ် (၁)ရက်နေ့နှင့် (၁၆)ရက်နေ့တွင်ထီဖွင့်ပါသည်။
Call Center 777 (or) 09 677 000 777
Scan Me
Available on the App Store
GET IT ON Google Play


လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

❖ ကျွန်တော်တို့နိုင်ငံရဲ့ အန္တိမမျှော်မှန်းထားတဲ့ ရည်မှန်းချက်ကတော့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ "ပြည်ထောင်စုနိုင်ငံ" ထူထောင်နိုင်ဖို့ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ဆိုတာ ပြည်သူက ရွေးချယ်တဲ့အုပ်ချုပ်ရေးစနစ်ဖြစ်ပြီး ဖက်ဒရယ်စနစ်ဆိုတာက လုပ်ပိုင်ခွင့်အာဏာနဲ့ ရပိုင်ခွင့်တွေကို မျှဝေခံစားခြင်းဖြစ်ပါတယ်။ ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇွန် ၂၅ ရက် တွင် ပြုလုပ်သော ငြိမ်းချမ်းရေးဖိုရမ်–Peace Forum 2025 ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေးသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ်၌ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ၊ ထိန်းချုပ်ဓာတုပစ္စည်းများနှင့် ဓာတုဆက်စပ်ပစ္စည်းများကို ဒေသတွင်း မီးရှို့ဖျက်ဆီးခြင်းနှင့်မြေမြှုပ်ဖျက်ဆီးခြင်းအခမ်းအနား ကျင်းပ



တာဝန်ရှိသူများက မီးရှို့ မြေမြှုပ်ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများနှင့် ထိန်းချုပ်ဓာတုပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် နိုဝင်ဘာ ၁၀

နိုင်ငံတော်အစိုးရအနေဖြင့် တစ်မျိုးသားလုံးကို လူညွှန့်တုံးစေနိုင်သည့် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေတတ်သည့်ဓာတုဆေးဝါးများတိုက်ဖျက်ရေးကို ဌာနဆိုင်ရာများ၊ လုံခြုံရေးအဖွဲ့အစည်းအသီးသီးတို့၏ စုပေါင်းအားဖြင့် စစ်ဆင်ရေးတစ်ရပ်သဖွယ် အစဉ်အဆက် တိုက်ဖျက်ဆောင်ရွက်လျက်ရှိပြီး ဖော်ထုတ်ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများကို လည်း နိုင်ငံတော်အဆင့်အခမ်းအနားများ၊ဒေသတွင်း အဆင့်အခမ်းအနားများဖြင့် ဖျက်ဆီးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့နယ်အတွင်း ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ၊ ထိန်းချုပ်ဓာတုပစ္စည်းများနှင့် ဓာတုဆက်စပ်ပစ္စည်းများအား ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၏ ညွှန်ကြားချက်အရ ဒေသတွင်းမီးရှို့ဖျက်ဆီးခြင်းနှင့် မြေမြှုပ်ဖျက်ဆီးခြင်းအခမ်းအနားကို နိုဝင်ဘာ ၈ ရက် နံနက်ပိုင်းတွင် မူဆယ်မြို့ စွမ်စော်ရပ်ကွက်၌ ကျင်းပပြုလုပ်ရာ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့များနှင့် စာမျက်နှာ ၂၃ ကော်လံ ၁ ☆

## ဒီမိုကရက်တစ်အင်အားစု လေဘာပါတီနှင့် မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ

နေပြည်တော် နိုဝင်ဘာ ၁၀

ဒီမိုကရက်တစ်အင်အားစု လေဘာပါတီနှင့် မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် ရတနာပုံသတင်းစာ စာမျက်နှာ ၁၈ တွင် ဖော်ပြပါရှိပါသည်။

ရတနာပုံ

## ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန်ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများကို အရေးယူ

စာမျက်နှာ - ၂၃

# မြန်မာနိုင်ငံအတွင်းသို့ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ မယ်ထော်သလေး KK Park နယ်မြေများတွင် online လိမ်လည်မှုများ၊ online လောင်းကစားမှုများနှင့်ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စစ်ဆေးဖော်ထုတ်ကာ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးအပ်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၀

မြန်မာနိုင်ငံအတွင်းသို့ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ မယ်ထော်သလေး KK Park နယ်မြေများတွင် online လိမ်လည်မှုများ၊ online လောင်းကစားမှုများနှင့် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စစ်ဆေးဖော်ထုတ်ကာ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးအပ်လျက်ရှိသည်။

ယခုအခါ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားအနှောင့်အယှက် ဖြစ်စေသည့် တရားမဝင်လောင်းကစားမှုအပါအဝင် ဒုစရိုက်မှုမျိုးစုံပြုလုပ်နေကြသော ပြည်တွင်း၊ ပြည်ပ ဒုစရိုက်သမားများကို နိုင်ငံတော်အစိုးရနှင့် တပ်မတော်က စဉ်ဆက်မပြတ်ချေမှုန်းရှင်းလင်းလျက်ရှိသည့်အပြင် ယင်းတို့စုဖွဲ့နေထိုင်ခဲ့ကြသည့် KK Park အတွင်းရှိ အဆောက်အအုံများကို ဖျက်ဆီးရှင်းလင်းခြင်းလုပ်ငန်းများကိုလည်း စာမျက်နှာ ၂၂ ကော်လံ ၁ ❑



